# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂၄ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၇၅)


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**

# ၂၀၁၇ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် မတ် ၂၃**

"တာဝန်ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်၊ လူတိုင်းလူတိုင်းက ကိုယ့်တာဝန် ကိုယ်ကျေမယ်၊ မိဘများဟာ မိဘတာဝန်ကျေမယ်၊ သားသမီးများဟာ သားသမီး တာဝန်ကျေမယ်၊ ဆရာများဟာ ဆရာတာဝန်ကျေမယ်၊ တပည့်များဟာ တပည့် တာဝန်တွေကျေမယ်၊ အနုပညာရှင်များဟာ အနုပညာရှင်ရဲ့ တာဝန်ကျေမယ်၊ ပရိသတ်တွေကလည်း ပရိသတ်တာဝန်ကျေမယ်ဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံအတွက် ဘာမှလိုအပ်ချက်ရှိတော့မှာ မဟုတ်ပါဘူး၊ တာဝန်ကျေတဲ့ ပြည်သူပြည်သားများနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံဆိုတာဟာ ဘယ်နိုင်ငံမှ ယှဉ်လို့ရမှာ မဟုတ်ပါဘူး" ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Event Park (MEP)၌ ကျင်းပသည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင် ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❀

# နိုင်ငံရဲ့ယဉ်ကျေးမှုကို ကမ္ဘာကြီးက လေးစားအောင် ရုပ်ရှင်ပညာရှင်များ စခဲ့တယ်ဆိုတာ ကြိုးစားစေချင်တယ်

**နေပြည်တော် မတ် ၂၃**

၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ယနေ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ကြွရောက်လာကြတဲ့ ပရိသတ် အားလုံးကို ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်းနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မ ဒီအခမ်းအနားကို တက်ရတဲ့ အကြောင်းလေးက ရိုးရိုးလေးပါပဲ။ ကျွန်မတို့ကို အများကြီးကူညီခဲ့တဲ့ တချို့ ရုပ်ရှင်သရုပ်ဆောင်တွေက ကျွန်မတို့က အစိုးရဖြစ်မှ သူတို့ကို ပစ်ထားတယ်လို့ ပြောတယ်ဆိုတာ ကျွန်မကြားရပါတယ်။ အဲဒီတော့ ပစ်ထားတာမဟုတ်ပါဘူးဆိုတာ ပြချင်လို့ ကျွန်မ တက်တာပါ။ အချိန်အရ၊ အလုပ်တွေအရသာ ကျွန်မဒီဘက်ကို လှည့်မကြည့်ဖြစ်တာပါ။ ရုပ်ရှင်ပညာကို ကျွန်မ အများကြီး တန်ဖိုးထားတယ်။ ရုပ်ရှင်လောကဟာ ကျွန်မတို့ နိုင်ငံအတွက် အမျိုးမျိုးဘက်စုံကနေ သရုပ်ဆောင်နေကြတဲ့ ရုပ်ရှင်သရုပ်ဆောင်များ၊

*စာမျက်နှာ ၄ ကော်လံ ၁* ❒

> **" အနုပညာဟာ ဘဝရဲ့ တခြားကိစ္စရပ်တွေနဲ့ သီးသန့်ထားလို့မရပါဘူး၊ ဆက်နွယ်နေပါတယ်၊ ဒါကြောင့် အားလုံးကို တာဝန်သိစိတ်နဲ့ လုပ်စေချင်ပါတယ်၊ ကျွန်မဘဝမှာ အရေးကြီးဆုံး စကားတစ်လုံးကဘာလဲဆိုရင် တာဝန်လို့ပဲ ကျွန်မပြောချင်ပါတယ် "**




မြန်မာ့အလင်း

# နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ နိုင်ငံတကာဆက်ဆံရေး ကြိုးပမ်းမှုများ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေး တက်ရောက်ခြင်းနှင့် သြစတြေးလျနေသဟာယနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခြင်းတို့ကို တစ်ဆက်တစ်စပ်တည်း ပြုလုပ်ခဲ့ပါသည်။ အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေးကို သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဲလ်ကွန်တန်ဘဲလ်၏ ဖိတ်ကြားမှုအရ တရားဝင်ချစ်ကြည်ရေးခရီးကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်မှ ၂၀ ရက်နေ့အထိ သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။

အာဆီယံ-သြစတြေးလျအထူးထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်သော ဆစ်ဒနီပူးတွဲကြေညာချက်၌ ဤအထူး ထိပ်သီးအစည်းအဝေးသည် သြစတြေးလျနိုင်ငံ၌ ပထမဦးဆုံးအကြိမ်ကျင်းပသော အစည်းအဝေးဖြစ်သည်ကို အလေးပြုဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သော အာဆီယံ-သြစတြေးလျမဟာဗျူဟာမြောက် လက်တွဲဆောင်ရွက်မှုအား ရရှိလာသော အရှိန်အဟုန်တို့နှင့်အညီ ဤအထူးထိပ်သီးအစည်းအဝေးက အဆင့်သစ်တစ်ရပ်သို့ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းကိုလည်း အဆိုပါပူးတွဲကြေညာချက်၌ အသိအမှတ်ပြုဖော်ပြထားပါသည်။ အပြန်အလှန် ညှိနှိုင်းရေးဆွဲထားသော စည်းမျဉ်းစည်းကမ်းတို့အပေါ် အခြေခံသကဲ့သို့ ပွင့်လင်းမြင်သာအားလုံးပါဝင်မှုရှိသည့် အာဆီယံအဖွဲ့၏ လုပ်ငန်းယန္တရားအရပ်ရပ်က အာရှဒေသ၏ တည်ငြိမ်မှုနှင့်ဖွံ့ဖြိုးမှုအား ဖန်တီးပေးနိုင်မှုအပေါ် ဤပူးတွဲကြေညာချက်က ထပ်ဆင့်အသိအမှတ်ပြုထားပါသည်။ နိုင်ငံတို့၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်စိုးမှုကိုလည်း ဤပူးတွဲကြေညာချက်က အလေးအနက်ဖော်ပြထားပါသည်။

ဤအာဆီယံ-သြစတြေးလျအထူးထိပ်သီးအစည်းအဝေး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ် ကိစ္စအပါအဝင် စိန်ခေါ်မှုများ၏ သိမ်မွေ့နက်နဲမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါစိန်ခေါ်မှုများ ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ဦးဆောင်ကြိုးပမ်းအားထုတ်မှု လုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စများတွင် အပြုသဘော ပါဝင်ကူညီပံ့ပိုးကြရန် ဆွေးနွေးပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မြန်မာ့အရေးတင်ပြချက်တို့သည် ဆစ်ဒနီပူးတွဲကြေညာချက်ပါ အခြေခံသဘောထားတို့နှင့် ကိုက်ညီနေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရာ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မတူညီသည့် အသိုက်အဝန်းများအကြား ကွဲပြားမှုကို ဖြစ်စေမည့် အပြုသဘောမဆောင်သည့် စိတ်ခံစားချက်များကို ထိန်းချုပ်ကိုင်တွယ်ဆောင်ရွက်ကြရန် လိုအပ်သည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အတွေးအမြင်သည် အာရှဒေသအတွက်သာမက တစ်ကမ္ဘာလုံးအတွက်ပါ အရေးကြီးသည်ဟု ခံယူပါသည်။ ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်းနှင့် သဘောထားအမြင်ကွာဟခြင်းတို့၏ အန္တရာယ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ခြင်းသည် အလေးအနက်နှလုံးသွင်းသုံးသပ်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။

သြစတြေးလျအစိုးရအဖွဲ့၏ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားဖြင့် စတင်ခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ပညာရေးကဏ္ဍအပါအဝင် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် သြစတြေးလျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အလားအလာများကို ဆွေးနွေးနိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးဆက်လက်တိုးတက် ကောင်းမွန်မည့် လက္ခဏာရပ်တို့ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

စာအုပ်စာပေ လူ့မိတ်ဆွေ

# (၇၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်အောင် တပ်မတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ် မြင့်မားရေးအား စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရေး။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်မှု ကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အဖွဲ့သည် စဉ့်ကိုင်မြို့နယ် မိုးကောင်းအုပ်စုချောင်းပတ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရေသွင်းရေထုတ်စီမံခန့်ခွဲမှုဆိုင်ရာ ဂျပန်အဖွဲ့အစည်း (JIID) တို့ ပူးပေါင်း ဆောင်ရွက်သည့် အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်း စီမံကိန်းအကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မတ် ၂၂ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စပါးနှင့် ယာသီးနှံအားလုံး အရည်အသွေးပြည့်မီရေးအတွက် စိုက်ပျိုးရန် ၂၅ ဧကကို စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်အတွက် ကျေးရွာတောင်သူများကိုယ်စား ကျေးဇူးတင်ရှိကြောင်း တောင်သူဦးမြင့်လွင်က ပြောကြားပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကွင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ထင်သာမြင်သာ ပြုပြင်စရာ

## ပြင်ဦးလွင်ရပ်ကွက်ကြီး ၁ အတွင်းရှိ ရေမြောင်းမှ အနံ့ဆိုးများကြောင့် ပြည်သူများ စိတ်ဒုက္ခရောက်



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁ ၊ ၁၄ ထုံးဘိုရပ်ကွက်ရှိ သရဖီလမ်းတွင် စီးဆင်းလျက်ရှိနေသော ရေမှအနံ့ဆိုးများ အလွန်ဆိုးရွားစွာ ထွက်ရှိနေခြင်းကြောင့် ရပ်ကွက်အတွင်းနေ ပြည်သူတို့ နေ့စဉ်အမျှ ရှူရှိုက်နေရသဖြင့်စိတ်ဒုက္ခရောက်နေရပြီး ကျန်းမာရေးအတွက် စိုးရိမ်ပူပန်နေရကြောင်း သိရသည်။

ရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းနေသော ရေမြောင်းသည် စားသောက်ဆိုင်၊ အရက်၊ ဘီယာဆိုင်များနှင့် နေအိမ်အသီးသီးတို့မှ စွန့်ပစ်လျက်ရှိနေသော ရေဆိုးများဖြစ်နေခြင်းကြောင့် ယခုကဲ့သို့ အနံ့ဆိုးများထွက်ရှိနေကြောင်း သိရပြီး အဆိုပါမြောင်းကို ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရမှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် ပြုပြင်ထားရှိပြီးဖြစ်သော်လည်း အနံ့ဆိုးများမှာ ကွယ်ပျောက်သွားခြင်းမရှိဘဲ စွန့်ပစ်ရေဆိုးများကြောင့် ဆက်လက်ထွက်ရှိနေသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

သက်နိုင် (ပြင်ဦးလွင်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၃-၃-၂၀၁၈

**ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၂၀ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၈ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၄ ·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ ·၄ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၆၆ ·၆ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၂ ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ ဖွဲ့စည်း

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီက ယနေ့ရက်စွဲဖြင့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်)**
**မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူမျိုးကိုအခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မွန်ပြည်နယ်တွင် ကျင်းပနိုင်ရေးအတွက် **" မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

(က) ဒေါ်စိုဝင့်ခိုင် (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)
(ခ) ဗိုလ်မှူးကြီးတင်ထွဋ် (တပ်မတော်)
(ဂ) ဒေါက်တာခင်ဆောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(ဃ) နိုင်ဝင်းလှ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)
(င) နိုင်အောင်မငေး (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)
(စ) ပဒိုစောလှထွန်း (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)
(ဆ) ဒေါက်တာအောင်ထွန်းခိုင် (နိုင်ငံရေးပါတီ)
(ဇ) မင်းကျော်ဇေယျာဦး (နိုင်ငံရေးပါတီ)
(ဈ) ဦးချမ်းမြင့် (နိုင်ငံရေးပါတီ)

၂။ ယင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာလုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**(ပုံ)အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

# နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**
**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက် )**
**နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆ နှင့် အညီ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှုရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးတီခွန်မြတ် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်
(ခ) မန်းဝင်းခိုင်သန်း ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်
(ဂ) ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်
(ဃ) ဦးအေးသာအောင် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်
(င) ဒေါ်ခင်စန်းလှိုင် ပုလဲမဲဆန္ဒနယ်၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့
(စ) ဦးအောင်ကြည်ညွန့် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၄)၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့
(ဆ) ဗိုလ်ချုပ်သန်းစိုး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့

၂။ စိစစ်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၇၊ ၂၈ တို့နှင့်အညီ စိစစ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

# လက်ပံတန်းမြို့၌ စာအုပ်လမ်းပွဲတော် ဖွင့်လှစ်ဆောင်ရွက်

**လက်ပံတန်း မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Open Mind စာကြည့်တိုက် စာပေချစ်သူများမှ စီစဉ်ကျင်းပသော လက်ပံတန်းမြို့ စာအုပ်လမ်းပွဲတော်ဖွင့်ပွဲကို လက်ပံတန်းမြို့ (၁)လမ်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တွင် မတ် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ကြူကြူလှိုင်၊ Open Mind စာကြည့်တိုက် ဥက္ကဋ္ဌ ဦးတင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က စာအုပ်လမ်းပွဲတော် ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ကြူကြူလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မောင်ရွှေဝင်း(ပြည်)**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်လွှတ်တော်ရေးရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး H.E. Mr. Iwao HORII ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စုံစမ်းစစ်ဆေးရေးလက်စွဲစာစောင်ပြုစုရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၃

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ စံထားလိုက်နာကျင့်သုံးရမည့် စုံစမ်းစစ်ဆေးရေး လက်စွဲစာစောင်ပြုစုရေး ဆွေးနွေးပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပသည်။**



အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်(**အပေါ်ပုံ**)က မိမိတို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်တိုက်ဖျက်ရေးပင် ဖြစ်ကြောင်း၊ တိုင်စာများကို စုံစမ်းစစ်ဆေးသည့်အပြင် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်သည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျင့်ဝတ်သိက္ခာနှင့်အညီ တာဝန်ယူမှု တာဝန်ခံမှုရှိရှိနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးလုပ်ထုံးလုပ်နည်း ပြုစုခြင်းသည် ကော်မရှင်လုပ်ငန်းတာဝန်များကို တာဝန်ယူမှုတာဝန်ခံမှုရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် အလွန်အရေးကြီးသည့်လုပ်ငန်းဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးလုပ်ထုံးလုပ်နည်း ပြုစုရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ တိကျခိုင်မာစွာရေးသားရန် လိုအပ်သည့်အပြင် ရေးဆွဲပြီးသည့် လုပ်ထုံးလုပ်နည်းကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ စုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ရေးဆွဲခဲ့ရာ အပြီးသတ်ညှိနှိုင်းသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးပါက မကြာမီ ထုတ်ပြန်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းအပြင် ကော်မရှင်နှင့် ကော်မရှင်ရုံးဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်း(Code of Conduct)ကိုလည်း ရေးဆွဲလျက်ရှိရာ ဧပြီလအတွင်း ပြည်သူလူထု သိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မရှင်သည် အဆိုပါ ကျင့်ဝတ်စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာကျင့်သုံးသွားခြင်းဖြင့် ဂုဏ်သိက္ခာရှိသောအဖွဲ့အစည်း၊ တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိသော အဖွဲ့အစည်းဖြစ်အောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး(UNODC)မှ ကျွမ်းကျင်သူ Mr. Rhghavan Kuppuswamy နှင့် ကော်မရှင်ရုံးမှ အရာထမ်းများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂၃-** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

❒ *ရွှေဖုံးမှ*

ရုပ်ရှင်အနုပညာရှင်များ အားလုံးကို ကျွန်မတန်ဖိုးထားပါတယ်ဆိုတာ ကျွန်မ ဒီနေရာကနေ ပြောချင်ပါတယ်။ ကျွန်မတို့နိုင်ငံကို အင်မတန်မှ တိုးတက်စေချင်တယ်၊ ဖွံ့ဖြိုးစေချင်တယ်၊ ငြိမ်းချမ်းစေချင်တယ်။ တစ်နေ့ထက်တစ်နေ့ ကမ္ဘာ့အလယ်မှာ တင့်တယ်တဲ့ နိုင်ငံကြီးဖြစ်လာစေချင်တယ်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုဟာ ကမ္ဘာမှာ တခြားလူတွေက တအံ့တသြချီးမွမ်းရတဲ့ ပြည်ထောင်စုမျိုး၊ အင်မတန်မှ ငြိမ်းချမ်းတယ်၊ အင်မတန်မှ ပြည်သူတွေ ညီညွတ်တယ်၊ တိုးတက်တယ်ဆိုတဲ့ ပြည်ထောင်စုမျိုးဖြစ်စေချင်တယ်။ ဒီလိုဖြစ်ဖို့အတွက် ကျွန်မတို့ ရုန်းကန်တဲ့အခါမှာ စိန်ခေါ်မှုတွေ အများကြီးကို ရင်ဆိုင်ရတယ်ဆိုတာ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများ အားလုံးသိပြီးသားပါပဲ။

ဒီတော့ ကျွန်မတို့ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ဆိုရင် အားလုံးအတူတူဝိုင်းပြီး ရုန်းဖို့ လိုပါတယ်။ အခုဆိုရင် ဖျော်ဖြေရေးလောကကို တချို့ကနေပြီး Soft Power၊ အပျော့အင်အားလို့ဆိုပြီး ပြောတာရှိပါတယ်။ အပျော့အင်အား၊ အင်အားပျော့ဆိုတာထက် ကျွန်မ သိမ်မွေ့တဲ့ အင်အားလို့ ဒီလိုမြင်ချင်ပါတယ်။ သိမ်မွေ့တဲ့အင်အားနဲ့ ကျွန်မတို့ နိုင်ငံကို ဘယ်လိုကူညီမလဲဆိုတာ ရုပ်ရှင်လောကမှာရှိတဲ့ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားများအားလုံး စဉ်းစားစေချင်ပါတယ်။ ဘယ်လိုနည်းနဲ့ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းအောင်လို့၊ ညီညွတ်အောင်လို့၊ တိုးတက်အောင်လုပ်ကြမလဲ။ သိမ်မွေ့တဲ့ အင်အားကို ကျွန်မတို့ ဘယ်လိုသုံးမလဲ။ အင်အားဆိုတာ သုံးတတ်မှ အကျိုးရှိတာပါ။ အင်အားကို အလွဲသုံးစားလုပ်ရင် ထိခိုက်မှုသာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ရုပ်ရှင်လောကက ပြည်သူပြည်သားများအားလုံးဟာ သိမ်မွေ့တဲ့ပညာကို သိမ်မွေ့တဲ့ အင်အားဖြစ်အောင်လို့ သုံးစေချင်ပါတယ်။ သိမ်မွေ့တဲ့အင်အားဆိုတာ အခု ကမ္ဘာကြီးမှာ လောဘ၊ ဒေါသ၊ မောဟတွေက အင်မတန်များတယ်။ ဒါကတော့ ပုထုဇဉ်လူသားများရဲ့ သဘာဝအရ၊ ဒါပေမယ့် အခုခေတ်ကမ္ဘာကြီးမှာ ဒီလိုဒေါသတွေ၊ အမုန်းတရားတွေဟာ ပိုပြီးတော့မှ ပွားနေတယ်ဆိုတာ မြင်ရပါတယ်။

**ပိုပြီးတော့သိမ်မွေ့ရမယ်**

ဒါတွေကို ကျွန်မတို့အနေနဲ့ ဘယ်လိုကြံ့ကြံ့ခိုင်ခံမလဲ။ ဘယ်လိုကျော်လွှားနိုင်မလဲ။ ကျွန်မတို့နိုင်ငံက တခြားနိုင်ငံတွေနဲ့မတူဘဲ မေတ္တာ၊ ကရုဏာပွားအောင် ဘယ်လိုလုပ်မလဲဆိုတာ ကျွန်မတို့ရဲ့ အနုပညာရှင်များကို စဉ်းစားစေချင်ပါတယ်။ ကျွန်မကတော့ ဆန္ဒရှိရင် လမ်းစပေါ်မှာပဲ။ လုပ်ကို လုပ်လို့ရရမယ်။ ကျွန်မတို့ နိုင်ငံဟာ တခြားနိုင်ငံတွေနဲ့ မတူရဘူး။ တခြားနိုင်ငံတွေထက် ပိုပြီးတော့သိမ်မွေ့ရမယ်။ ကျွန်မတို့ကို ဘယ်လိုပဲ ဝေဖန်ဝေဖန်၊ ဘယ်လိုပဲ တိုက်ခိုက်တိုက်ခိုက်၊ ကျွန်မတို့ရဲ့တုံ့ပြန်မှုဟာ အဆင့်အတန်းရှိရမယ်၊ မှန်ကန်ရမယ်၊ ယဉ်ကျေးရမယ်၊ ယဉ်ကျေးသိမ်မွေ့မှုအတွက်ဆိုတာ ကျွန်မတို့ရဲ့အနုပညာရှင်တွေဟာ အင်မတန်မှ အရေးပါပါတယ်။ အခုခေတ်မှာ ရုပ်ရှင်လောကကို လွှမ်းမိုးနိုင်တဲ့ ဖျော်ဖြေရေးကဏ္ဍကတော့ မရှိဘူးလို့ ကျွန်မပြောရင် မမှားဘူး ထင်ပါတယ်။

**ကမ္ဘာကြီးအတွက်ပါ အကျိုးပြု**

ဒါ ကျွန်မ ရုပ်ရှင်လောကက ပရိသတ်ကို ပြောနေလို့ ဒီလိုပြောတာ မဟုတ်ပါဘူး။ တကယ်ပဲ ကျွန်မ ယုံကြည်ချက်အရ ပြောတာပါ။ ရုပ်ရှင်များရဲ့သြဇာ၊ လူသားများရဲ့ စိတ်အပေါ်မှာ လွှမ်းမိုးမှုက အင်မတန်မှ ကြီးပါတယ်။ အဲဒီဟာက သိမ်မွေ့တဲ့ အင်အားပါပဲ။ သိမ်မွေ့တဲ့ အင်အားကို မှန်မှန်ကန်ကန်သုံးပြီးတော့ ကျွန်မတို့ နိုင်ငံအတွက်သာ မဟုတ်ဘဲ ကျွန်မတို့ ကမ္ဘာကြီးအတွက်ပါ အကျိုးပြုစေချင်ပါတယ်။ ကျွန်မ စောစောက ပြောသလို အရင်တုန်းက ကူညီခဲ့တဲ့ ရုပ်ရှင်လောကရဲ့၊ ကျွန်မတို့ရဲ့သားတွေ၊ သမီးတွေ၊ အစ်ကိုတွေ၊ ညီမတွေအားလုံးကို ကျွန်မတို့က လျစ်လျူရှုတယ်လို့ ပြောတာဟာ မဟုတ်ပါဘူးဆိုတဲ့ဟာလည်း ဆက်ချင်ပါတယ်။

ကျွန်မတို့ နိုင်ငံရေးလောကမှာလည်း ယဉ်ကျေးမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ အနုပညာဟာ အင်မတန်မှ အရေးကြီးပါတယ်။ နိုင်ငံရေးလောကမှာ မှန်မှန်ကန်ကန် လှုပ်ရှားဖို့အတွက် အနုပညာရှင်များရဲ့ပံ့ပိုးမှုဟာ အင်မတန်မှ တန်ဖိုးရှိပါတယ်။ ရိုးရိုးပြောရမယ်ဆိုရင် ကျွန်မတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို နိုင်ခဲ့တဲ့အထဲမှာ၊ နိုင်အောင် လုပ်ပေးတဲ့အထဲမှာ ရုပ်ရှင်လောကက ကျွန်မတို့ကို ထောက်ခံတဲ့ သားသမီးများရဲ့ ပံ့ပိုးမှုတွေ အများကြီးပါပါတယ်။ ဒါ ကျွန်မတို့ လျှော့ပြီးတွက်လို့ မရပါဘူး။ ဒါကြောင့် ကျေးဇူးတင်တယ်လို့ ကျွန်မ ပြောချင်ပါတယ်။

**သက်သေထူတာဖြစ်**

ကျွန်မတို့ ကျေးဇူးဆိုတာ မမေ့အပ်ပါဘူး၊ မေ့လည်းမမေ့ပါဘူး။ အဲဒါနဲ့ ပတ်သက်လို့ ကျွန်မတို့ရဲ့ရုပ်ရှင်လောကမှ သားသမီးများပါဝင်တဲ့ အနုပညာရှင်များအားလုံး စိတ်ချမ်းသာအောင်လို့ အဖြစ်အပျက်လေးတစ်ခုကို ပြောချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဟုတ်တဲ့ တခြားပါတီက ကိုယ်စားလှယ်လောင်းတစ်ယောက်က ရွေးကောက်ပွဲပြီးတဲ့အခါကျတော့ ဘယ်လိုပြောသလဲဆိုတော့ သူက သူ့ရဲ့မဲဆန္ဒနယ်ထဲမှာ ရွာလေးတွေ လိုက်ဆင်းတယ်ပေါ့။ ရွာလေးတွေ လိုက်ဆင်းတော့ ရွေးကောက်ပွဲမတိုင်မီ နှစ်ပတ်လောက်မှာ ရွာအသေးဆုံးလေးမှာတောင်မှ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ဗီဒီယိုအခွေကိုတွေ့တဲ့အခါကျတော့ ငါတို့တော့ ရှုံးပြီဆိုတာ သိတယ်လို့ သူက ပြောပါတယ်။ အဲဒါက ရုပ်ရှင်လောကရဲ့ သြဇာကို ဖော်ပြတာပါ။ ဒီအခွေလေးက ရွာလေးတွေအထိ ရောက်နေပြီဆိုရင်တော့ ဘယ်လောက် အနုပညာရဲ့သြဇာဟာ လွှမ်းမိုးသွားမလဲ၊ နိုင်ငံရေးအတွက် ဘယ်လောက်ပံ့ပိုးမှုရှိ သွားမလဲဆိုတာကို ဒါဟာ သက်သေထူတာဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ရှင်လောက က အနုပညာရှင်များဟာ ကျွန်မတို့ နိုင်ငံရဲ့သားသမီးများပဲ။ နိုင်ငံ့ သားသမီးများဟာ နိုင်ငံကို တတ်နိုင်တဲ့ဘက်ကနေ ပံ့ပိုးရမယ်။ သားသမီးများက မိဘ ကို ပံ့ပိုးသလို၊ နိုင်ငံကလည်း ပြန်ပြီးတော့ သားသမီးများကို ပံ့ပိုးသလို ကျွန်မတို့ရဲ့ ရုပ်ရှင်လောက အနုပညာရှင်များကို ပံ့ပိုးဖို့လိုပါတယ်။

ဖွင့်ပွဲကို ကျွန်မ မလာခင်မှာ ဆရာဇင်ဝိုင်းနဲ့ တခြားရုပ်ရှင်လောကမှ ပုဂ္ဂိုလ်များနဲ့ ဆွေးနွေးတဲ့အခါမှာ ကျွန်မတို့ ဘယ်လောက် မြန်မာနိုင်ငံရဲ့ ရုပ်ရှင်ပညာ တိုးတက်အောင်လို့၊ ရုပ်ရှင်အဆင့်အတန်းတိုးတက်အောင်လို့ အစိုးရအနေနဲ့၊ နိုင်ငံတော်အနေနဲ့ ကူဖို့ လိုသေးတယ်ဆိုတာ ကျွန်မ သဘောပေါက်ပါတယ်။ အဲဒါလည်း ကျွန်မ တတ်နိုင်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

**“ကျွန်မတို့ နောင်မျိုးဆက်တွေကလည်း ဂုဏ်ယူနိုင်အောင်လို့၊ နောင်မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက်၊ ကျွန်မတို့နိုင်ငံရဲ့ယဉ်ကျေးမှုကို ကမ္ဘာကြီးက လေးစားအောင်လို့ ဘယ်တုန်းကနေပြီးတော့ ကျွန်မတို့ရဲ့ ရုပ်ရှင်ပညာရှင်များက စပြီးလုပ်ခဲ့တယ်ဆိုတာ စဉ်းစားပြီး ဂုဏ်ယူနိုင်အောင်လို့ ကြိုးစားစေချင်ပါတယ်။ ဒီလိုကြိုးစားရင် အောင်မြင်မယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။ နိုင်ငံတော်ကလည်း ပံ့ပိုးမယ်၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ပံ့ပိုးမယ်၊ ကျွန်မတို့ ပြည်သူပြည်သားများကလည်း ဝိုင်းပြီးတော့ ပံ့ပိုးဖို့လိုပါတယ်”**

သမျှ လုပ်ပါမယ်ဆိုတာ ကျွန်မ ရဲရဲဝံ့ဝံ့ ပြောပါတယ်။ ကျွန်မတို့ဟာ နည်းပညာအရ၊ အရည်အချင်းအရ လိုအပ်တဲ့ ပစ္စည်းပစ္စယအရာအားလုံး တတ်နိုင်တဲ့ဘက်ကနေ ပံ့ပိုးပေးပါ့မယ်။ တစ်ခါတည်းမှာပဲ ကျွန်မတို့ရဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးများကိုလည်း ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါရစေ။ ရုပ်ရှင်လောကကို အားပေးကြပါ။ အားပေးတဲ့အခါမှာ အကျိုးအမြတ်မဟုတ်ဘဲ နိုင်ငံ့အတွက်ဆိုတဲ့ စိတ်နဲ့ အားပေးကြပါလို့ ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ နိုင်ငံဟာ မချမ်းသာသေးဘူး။ မချမ်းသာသေးဘူးလို့ ပြောတာနော်။ တစ်နေ့တစ်ချိန်တစ်ခါမှာ ချမ်းသာရမယ်လို့ တကယ့်ကို ယုံကြည်ပါတယ်။ မချမ်းသာသေးတဲ့အချိန်မှာ နိုင်ငံ့ရဲ့ပံ့ပိုးမှုဟာ အတိုင်းအတာတစ်ခုပဲ ဖြစ်နိုင်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုပေါ့နော်။ ကျွန်မတို့ရဲ့စီးပွားရေး လုပ်ငန်းရှင်ကြီးတွေကလည်း ဝိုင်းပြီး ပံ့ပိုးပေးကြပါ။ အကျိုးအမြတ်အတွက်မဟုတ်ဘဲ စေတနာအရ၊ ဝါသနာအရ ပံ့ပိုးပေးကြပါလို့ မေတ္တာရပ်ခံတာ ဖြစ်ပါတယ်။

**ယုံကြည်မှုအပြည့်အဝရှိစေချင်**

ကျွန်မတို့ရဲ့ရုပ်ရှင်လောကမှ အနုပညာရှင်များအားလုံးကိုလည်း အားမငယ်စေချင်ပါဘူး။ ကျွန်မတို့ရဲ့အနုပညာရှင်တွေရဲ့အရည်အချင်းဟာ မနည်းပါဘူး။ ကိုယ့်မှာ တတ်နိုင်တဲ့ နည်းလေးတွေနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်နေတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိမှ အောင်မြင်နိုင်မှာပါ။ ကျွန်မတို့ရဲ့ ရုပ်ရှင်လောကက အနုပညာရှင်များ အားလုံးကို ယုံကြည်မှုအပြည့်အဝရှိစေချင်ပါတယ်။ ကျွန်မတို့ ရုပ်ရှင်လောကဟာ ကမ္ဘာကိုလွှမ်းအောင် မလုပ်နိုင်စရာ ဘာမှမရှိပါဘူး။ တခြားအရှေ့တိုင်းက တချို့နိုင်ငံတွေက ဒီ သူတို့ကတော့ ပြောရမယ်ဆိုရင် Entertainment Industry ပေါ့။ ဖျော်ဖြေရေးလုပ်ငန်းတွေဟာ ဘယ်လောက်အောင်မြင်သလဲဆိုတာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ ကျွန်မတို့လည်း ဒီလိုပဲ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဖျော်ဖြေရေးလုပ်ငန်းတွေကတစ်ဆင့် ကျွန်မတို့ရဲ့ ယဉ်ကျေးမှု၊ ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေကို ကမ္ဘာသိအောင်လို့၊ ကမ္ဘာကနေ နားလည်လေးစားအောင်လို့ လုပ်နိုင်တဲ့ အခွင့်အရေးတွေ အများကြီးရှိပါတယ်။ အဲဒီလိုလုပ်ပေးနိုင်မယ်ဆိုရင် ဒါကျွန်မတို့ နိုင်ငံကို တကယ့်ကို အခုခေတ်အတွက် မဟုတ်ဘူး၊ ခေတ်အဆက်ဆက်အတွက် ပံ့ပိုးရာ ရောက်ပါလိမ့်မယ်။

ကျွန်မတို့ နောင်မျိုးဆက်တွေကလည်း ဂုဏ်ယူနိုင်အောင်လို့၊ နောင်မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက်၊ ကျွန်မတို့ နိုင်ငံရဲ့ယဉ်ကျေးမှုကို ကမ္ဘာကြီးက လေးစားအောင်လို့ ဘယ်တုန်းကနေပြီးတော့ ကျွန်မတို့ရဲ့ ရုပ်ရှင်ပညာရှင်များက စပြီးလုပ်ခဲ့တယ်ဆိုတာ စဉ်းစားပြီး ဂုဏ်ယူနိုင်အောင်လို့ ကြိုးစားစေချင်ပါတယ်။ ဒီလို ကြိုးစားရင် အောင်မြင်မယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။ နိုင်ငံတော်ကလည်း ပံ့ပိုးမယ်၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ပံ့ပိုးမယ်၊ ကျွန်မတို့ ပြည်သူပြည်သားများကလည်း ဝိုင်းပြီးတော့ ပံ့ပိုးဖို့ လိုပါတယ်။ ပြည်သူပြည်သားတွေကလည်း ဝိုင်းပြီးတော့ ပံ့ပိုးဖို့ အဆင်သင့်လို့ ယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့ပြည်သူ ပြည်သားတွေဟာ ရုပ်ရှင် သရုပ်ဆောင်တွေကိုဆိုရင် အင်မတန်မှ ချစ်ခင်ကြပါတယ်။ ချစ်ခင်ကြတယ်၊ လေးစားကြတယ်၊ တန်ဖိုးထားကြတယ်၊ စံနမူနာအနေနဲ့ ကြည့်ကြတာရှိတယ်။

**အဆင့်မြင့်မြင့်ပြောင်း**

ဒါကြောင့်မို့ ကျွန်မတို့ရဲ့ရုပ်ရှင်သရုပ်ဆောင်တွေကလည်း စံနမူနာထားလောက်အောင်လို့တော့ ဖြစ်စေချင်ပါတယ်။ ဒါဟာ ကျွန်မဒီလိုပြောခြင်းအားဖြင့် ကျွန်မက ရှေးရိုးဆန်ဆန်နေရမယ်လို့ ပြောတာမဟုတ်ပါဘူး။ ခေတ်နဲ့အညီ ကျွန်မတို့ အားလုံး ပြောင်းရမယ်။ ဒါပေမယ့် ခေတ်နဲ့အညီ ပြောင်းတဲ့အခါ ကျွန်မတို့ဟာ အဆင့်ရှိရှိနဲ့ ပြောင်းဖို့လိုပါတယ်။ ခေတ်နဲ့အညီပြောင်းကြပါ။ ရှေးကအတိုင်း ဘယ်လိုမှ ဆက်ပြီးတော့ နေလို့မရပါဘူး။ အဲဒီလိုပြောင်းတဲ့အခါမှာ အဆင့်မြင့်မြင့်ပြောင်းကြပါ။ ကိုယ်ကနေပြီးတော့ ဦးဆောင်လမ်းပြတဲ့လူအနေနဲ့ ပြောင်းကြပါ။ သူများတွေနောက်လိုက်ပြီးတော့ ကောင်းတာမကောင်းတာ မဆင်မခြင်ဘဲနဲ့ လိုက်လုပ်တဲ့ ပုဂ္ဂိုလ်များအနေနဲ့ မပြောင်းကြပါနဲ့လို့ ကျွန်မ တိုက်တွန်းချင်ပါတယ်။

**စိတ်ဓာတ်တွေပြည့်ဝဖို့လို**

ကျွန်မတို့ အားလုံးမှာ အရည်အချင်းရှိပါတယ်။ ပြောင်းရဲတဲ့သတ္တိ ရှိရမယ်။ ပြောင်းတတ်တဲ့ ပညာရှိရမယ်။ ကျွန်မတို့သည် ပြောင်းလဲခြင်းနဲ့ ကျွန်မတို့ နိုင်ငံကို အကျိုးပြုစေချင်တဲ့ စိတ်ဓာတ်တွေနဲ့လည်း ပြည့်ဝဖို့လိုပါတယ်။ အဲဒီတော့ ကျွန်မတို့ ပြောင်းလဲချိန်တန်ပြီဆိုတာ တကယ်တော့ ပြောင်းလဲချိန်က ဘယ်တော့လဲဆိုတော့ နေ့တိုင်းပါပဲ။ နေ့တိုင်းနေ့တိုင်း ကျွန်မတို့လောကကြီးဟာ ပြောင်းလဲနေပါတယ်။ ကျွန်မတို့က ဒီလောကကြီးနဲ့ လိုက်လျောညီထွေဖြစ်အောင်လို့ နေ့တိုင်းနေ့တိုင်း ပြောင်းလဲ ဖို့လိုပါတယ်။ မှန်ကန်တဲ့ ပြောင်းလဲမှုဖြစ်ဖို့သာ အရေးကြီးတာပါ။

ကျွန်မအခုလို ရုပ်ရှင်လောကက ကျွန်မတို့ရဲ့ နိုင်ငံရဲ့သားသမီးများနဲ့ တွေ့ရတဲ့အခါမှာ ငယ်ငယ်တုန်းက ကြည့်ခဲ့တဲ့ရုပ်ရှင်တွေကိုလည်းပြန်ပြီးတော့ သတိရပါတယ်။ အဲဒီတုန်းကဆိုရင် အင်မတန်မှ ကျွန်မတို့ရဲ့ရုပ်ရှင်အဆင့်အတန်းဟာ မြင့်တယ်လို့ပဲ ဒီလိုပဲ သတ်မှတ်ပါတယ်။ နိုင်ငံခြားကလာတဲ့ ရုပ်ရှင်တွေနဲ့ တန်းတူညီတူ ကျွန်မတို့ တန်ဖိုးထားခဲ့ပါတယ်။ အခုလည်း ဒီလိုပဲ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများဟာ ကျွန်မတို့ နိုင်ငံကထုတ်တဲ့ ရုပ်ရှင်ကားများကို နိုင်ငံခြားက အင်မတန်မှ အကုန်အကျစရိတ်ခံပြီးတော့ ထုတ်တဲ့ ရုပ်ရှင်ကြီးများနည်းတူ တန်ဖိုးထားတာ၊ နှစ်သက်တာ၊ မြတ်နိုးတာတွေကို ဖြစ်စေချင်ပါတယ်။ ဖြစ်အောင်လည်း လုပ်နိုင်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

ဒီလိုလုပ်ခြင်းအားဖြင့် ကျွန်မတို့ ပြည်သူ ပြည်သားတွေက မှန်ကန်တဲ့လမ်းကို ရောက်အောင်လို့ အနုပညာရှင်များကနေပြီးတော့ မ,စ ရာ ရောက်ပါလိမ့်မယ်။ တချို့က အနုပညာဆိုတာ အနုပညာအတွက်ပဲ၊ လမ်းမှန်ဖို့၊ သီလရှိဖို့၊ အကျင့်ကောင်းဖို့တို့ ဒါတွေအတွက် မဟုတ်ဘူးဆိုပြီးတော့ ပြောတဲ့ အနုပညာရှင်တွေလည်း ရှိပါတယ်။ ကျွန်မကတော့ လူ့လောကကြီးမှာ ဘာမှ ခွဲခြားထားလို့မရဘူး၊ ကိုယ်လုပ်တဲ့ နိစ္စဓူဝ အလုပ်ဟာ အားလုံးနဲ့ ဆက်နွှယ်နေပါတယ်။ အနုပညာဟာ ဘဝရဲ့တခြား ကိစ္စရပ်တွေနဲ့ သီးသန့်ထားလို့မရပါဘူး၊ ဆက်နွှယ်နေပါတယ်။ ဒါကြောင့် အားလုံးကို တာဝန်သိစိတ်နဲ့ လုပ်စေချင်ပါတယ်။ ကျွန်မဘဝမှာ အရေးကြီးဆုံး စကားလုံးတစ်လုံးက ဘာလဲဆိုရင် တာဝန်လို့ပဲ ကျွန်မပြောချင်ပါတယ်။

**ဘယ်နိုင်ငံမှ ယှဉ်လို့ရမှာမဟုတ်**

တာဝန်ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ လူတိုင်းလူတိုင်းက ကိုယ့်တာဝန်ကိုယ်ကျေမယ်၊ မိဘများဟာ မိဘတာဝန်ကျေမယ်၊ သားသမီးများဟာ သားသမီးတာဝန်ကျေမယ်၊ ဆရာများဟာ ဆရာတာဝန်ကျေမယ်၊ တပည့်များဟာ တပည့်တာဝန်တွေ ကျေမယ်၊ အနုပညာရှင်များဟာ အနုပညာရှင်ရဲ့ တာဝန်ကျေမယ်၊ ပရိသတ်တွေကလည်း ပရိသတ်တာဝန်ကျေမယ်ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံအတွက် ဘာမှ လိုအပ်ချက် ရှိတော့မှာ မဟုတ်ပါဘူး။ တာဝန်ကျေတဲ့ ပြည်သူပြည်သားများနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံဆိုတာဟာ ဘယ်နိုင်ငံမှ ယှဉ်လို့ရမှာ မဟုတ်ပါဘူး။

ယခုခေတ်ကြီးမှာဆိုရင် အခွင့်အရေးကို အများကြီးပြောကြတယ်။ တာဝန်ကို သိပ်မပြောကြဘူး။ ဒါဟာ ကမ္ဘာမှာဖြစ်နေတဲ့အခြေအနေ၊ ကျွန်မတို့နိုင်ငံမှာ ထူးထူးခြားခြား အခွင့်အရေးနဲ့တာဝန်ကို ညီညီမျှမျှထားပြီး လုပ်သွားမယ်ဆိုရင် တခြားနိုင်ငံတွေထက် အများကြီးသာနိုင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာမဟုတ်ပေမယ့်လည်း စိတ်ပိုင်းဆိုင်ရာအရ သာနိုင်တယ်။ စိတ်ပိုင်းဆိုင်ရာအရ သာခြင်းအားဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာအရ တိုးတက်မှုတွေနဲ့ ပိုပြီးတော့ တစ်ဆင့်နဲ့တစ်ဆင့် တက်လာအောင်လို့လည်း ကျွန်မတို့လုပ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ အနုပညာရှင်များကို ကျွန်မ အခါအခွင့်ကြုံလို့ ပြောခွင့်ဆိုခွင့်ရတယ်ဆိုရင် ဘယ်တော့မဆို ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားဖို့၊ ကိုယ့်ရဲ့ပညာကို တန်ဖိုးထားဖို့၊ ကိုယ့်ရဲ့နိုင်ငံကို တန်ဖိုးထားဖို့ တိုက်တွန်းချင်ပါတယ်။

ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားဖို့က အဓိကပါ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားနိုင်မှ တခြားသူတွေကိုလည်း တန်ဖိုးထားနိုင်မှာ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီးတော့ ကိုယ့်ပညာကို တန်ဖိုးထားနိုင်မှ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို တန်ဖိုးထားနိုင်မှာ၊ ကိုယ့်ပတ်ဝန်းကျင်ကလည်း ကိုယ့်ကိုတန်ဖိုးထားနိုင်မှာ၊ ကျွန်မတို့အားလုံးဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့မိခင်ကြီးသဖွယ်ဖြစ်တဲ့ ကိုယ့်ရဲ့နိုင်ငံတော်ကို တန်ဖိုးထားမယ်ဆိုရင် ကျွန်မတို့ နိုင်ငံဟာ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ၊ ဘယ်လိုအခက်အခဲတွေပဲ ကျော်လွှားရ၊ ကျော်လွှားရ၊ အားလုံး တညီတညွတ်တည်း ဇွဲနဲ့ သတ္တိနဲ့ အမှန်တရားပေါ်မှာ ရပ်တည်ပြီးတော့ တိုးတက်နိုင်မယ်၊ အောင်မြင်နိုင်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

ဒါကြောင့် ကျွန်မတို့ မြန်မာ့ရုပ်ရှင်လောကက ပရိသတ်များအားလုံး မြန်မာ့ရုပ်ရှင်လောကကို အားပေးနေကြတဲ့ ကျွန်မတို့ ပြည်သူ ပြည်သားများအားလုံးဟာ ဒီနေ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အခါသမယမှာ ကျွန်မတို့ ရုပ်ရှင်လောက ထူးချွန်ပါစေ၊ အောင်မြင်ပါစေ၊ ဆတက်ထမ်းပိုးတိုးလို့ တိုးတက်ပါစေလို့ ဆုတောင်းမေတ္တာပို့ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။

❀ ရှေ့ဖုံးမှ

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ယခုခေတ်ကြီးမှာဆိုရင် အခွင့်အရေးကို အများကြီးပြောကြတယ်၊ တာဝန်ကို သိပ်မပြောကြဘူး၊ ဒါဟာ ကမ္ဘာမှာဖြစ်နေတဲ့ အခြေအနေ၊ ကျွန်မတို့ နိုင်ငံမှာ ထူးထူးခြားခြား အခွင့်အရေးနဲ့ တာဝန်ကို ညီညီမျှမျှထားပြီး လုပ်သွားမယ်ဆိုရင် တခြားနိုင်ငံတွေထက် အများကြီး သာနိုင်ပါတယ်၊ ရုပ်ပိုင်းဆိုင်ရာ မဟုတ်ပေမယ့်လည်း စိတ်ပိုင်းဆိုင်ရာအရ သာနိုင်တယ်၊ စိတ်ပိုင်းဆိုင်ရာအရ သာခြင်းအားဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာအရ တိုးတက်မှုတွေနဲ့ ပိုပြီးတော့ တစ်ဆင့်နဲ့ တစ်ဆင့် တက်လာအောင်လို့လည်း ကျွန်မတို့ လုပ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ အနုပညာရှင်များကို ကျွန်မ အခါအခွင့်ကြုံလို့ ပြောခွင့်ဆိုခွင့် ရတယ်ဆိုရင် ဘယ်တော့မဆို ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားဖို့၊ ကိုယ့်ရဲ့ပညာကို တန်ဖိုးထားဖို့၊ ကိုယ့်ရဲ့နိုင်ငံကို တန်ဖိုးထားဖို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ဇာတ်ကားစုစုပေါင်း ၅၃ ကားအထိ ရုံတင်ပြသနိုင်ပြီး အဆိုပါဇာတ်ကားများအနက် အကောင်းဆုံး ဆန်ခါတင်ဇာတ်ကား ၁၅ ကားကို ရွေးချယ်၍ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။ ဆုချီးမြှင့်ပွဲ မစတင်မီ ပဏာမ ဖျော်ဖြေရေး အစီအစဉ်အဖြစ် နိုင်ငံတော် သံစုံတီးဝိုင်းနှင့် တွဲဖက်၍ အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

**စတင်ဖွင့်လှစ်**

ထို့နောက် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားကို စတင်ဖွင့်လှစ်လိုက်သည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို စာမျက်နှာ ၁ နှင့် ၄ တို့တွင် ဖော်ပြထားပါသည်)**

**အဖွင့်အမှာစကားပြော**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ရုပ်ရှင်အဆင့်အတန်းမြင့်မားခြင်း၊ မမြင့်မားခြင်းသည် အများပြည်သူအတွက် အကျိုးဖြစ်ထွန်းခြင်း၊ မဖြစ်ထွန်းခြင်းနှင့် ဆက်စပ်နေသည်ကို စဉ်းစားကြည့်လျှင် သိမြင်နိုင်ပါကြောင်း။

ဘာကြောင့်လဲဆိုလျှင် ရုပ်ရှင်သည် အဓိကအားဖြင့် ဖျော်ဖြေမှုပေးသော အရာတစ်ခုအဖြစ် မြင်ကြလေ့ရှိသော်လည်း ရုပ်ရှင်သည် အများကို အင်မတန်ဆွဲဆောင်နိုင်စွမ်း ကြီးမားသည့်အတွက် ဖန်တီးသူများသည် ရုပ်ရှင်မှတစ်ဆင့် သူတစ်ပါးကို မိမိတို့ ပေးချင်သည့် အယူအဆများ၊ သဘောထားများ၊ ဖြစ်ပေါ်စေချင်သည့် ခံစားချက်များ၊ စိတ်ထားများ ထည့်သွင်းပေးနိုင်သည့် အတွက်ကြောင့်လည်း ဖြစ်ပါကြောင်း။

**ဖြည့်ဆည်းပေးနိုင်**

ရုပ်ရှင်ဇာတ်ကားကောင်းများသည် လူအများကို အထူးသဖြင့် လူငယ်များကို စိတ်ဓာတ်ကောင်း၊ စရိုက်ကောင်းများ ဖြည့်ဆည်းပေးနိုင်သလို တချို့ဇာတ်ကားများသည် မလိုလားအပ်သည့် အပြုအမူ၊ အကျင့်အကြံများ၊ မကောင်းသော စိတ်ထားများ ကိန်းအောင်းသွားစေနိုင်ရန် တွန်းပို့သည်မျိုးလည်း ရှိပါကြောင်း။

ထို့ကြောင့် ရုပ်ရှင်အဆင့်အတန်းမြင့်မားခြင်းဖြင့် အများပြည်သူအတွက် ဖျော်ဖြေမှုနှင့်အတူ မှန်ကန်သော အသိပညာဗဟုသုတများလည်း တိုးပွားသည့်အတွက် အကျိုးပြုသည်ဟု ဆိုလိုခြင်းဖြစ်ပါကြောင်း။

တစ်ဖက်တွင် ရုပ်ရှင်သည် အများပြည်သူကို အကျိုးပြုသလို နိုင်ငံ၏ ပုံရိပ်တိုးတက်ရေးအတွက်လည်း အထောက်အကူပြုသည်ဟု ပြောကြားလိုပါကြောင်း။

**ဆွဲဆောင်စည်းရုံး**

ကမ္ဘာ့တိုင်းပြည် အသီးသီးမှ ထုတ်လုပ်ဖြန့်ချိသည့် ရုပ်ရှင်များသည် သက်ဆိုင်ရာ တိုင်းပြည်များအတွက် နိုင်ငံတကာက စိတ်ဝင်စားအောင်၊ နှစ်သက်အောင်၊ အထင်ကြီးအောင်လည်း ဆွဲဆောင်စည်းရုံးနိုင်စွမ်းရှိပါကြောင်း။

မိမိတို့ ပတ်ဝန်းကျင်နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးသည်လည်း နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ကြရာတွင် ရုပ်ရှင်အနုပညာကဏ္ဍမှလည်း အင်တိုက်အားတိုက် ကြိုးပမ်းနေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**ကမ္ဘာကို ပျံ့နှံ့**

ယနေ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာ့ရုပ်ရှင်လောကသားများ စည်းလုံးညီညွတ်စွာ ကြိုးပမ်းအားထုတ်ကြမည်ဆိုလျှင် မြန်မာ့ရုပ်ရှင်နှင့်တကွ မြန်မာ့ယဉ်ကျေးမှု အနုပညာများသည် ကမ္ဘာကို ပျံ့နှံ့ပြီး ယဉ်ကျေးမှုများနှင့်အတူ မြန်မာနိုင်ငံ၏ အမည်နာမ၊ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာလည်း ကမ္ဘာမှာ တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း။

**စောင့်မျှော်ကြည့်ရှုရ**

ထိုအခါ မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုပေးပွဲများသည်လည်း ကမ္ဘာက စောင့်မျှော်ကြည့်ရှုရသည့် အတိုင်းအတာအထိ ရောက်ရှိလာပြီး မြန်မာ့ရုပ်ရှင်လောကမှ ထူးချွန်သော အနုပညာရှင်၊ အတတ်ပညာရှင်များသည်လည်း ကမ္ဘာ့အဆင့်အထိ ထင်ရှားကျော်ကြားသူများ ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ထိုအနေအထား ရောက်ရှိရန် အတွက် မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်း ဖြစ်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အပါအဝင် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသည့် ကဏ္ဍနယ်ပယ်စုံမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းပါဝင်ကြိုးပမ်း**

ထို့နောက် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်ကြားတင်ပြရာတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်ကာလအတွင်း မိမိတို့ ရုပ်ရှင်လောကကို တိုးတက်မြင့်မားလာစေရန်နှင့် မိမိတို့နိုင်ငံ၏ တခြားသော ကဏ္ဍအသီးသီးတွင်လည်း တတ်နိုင်သမျှ ဝိုင်းဝန်းပါဝင်ကြိုးပမ်းခဲ့ကြသည့် မိမိတို့၏ ရုပ်ရှင်လောကသားများကို လေးလေးစားစားနှင့် ကျေးဇူးတင်ဂုဏ်ပြုပါသည်ဟု ဒီနေရာမှ မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

တစ်ဆက်တည်းမှာပင် ဒီထက်သည်နောင်ကို ဆတက်ထမ်းပိုး တိုးပြီး ကြိုးပမ်းပေးကြပါဟု မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း၊ တစ်ဖက်တွင် ယခုလို တိုးတက်မှုများရှိခဲ့သလို တစ်ဖက်တွင်လည်း ရုပ်ရှင်လောကအတွက် ဆက်လက်ဖြတ်ကျော်ရမည့် စိန်ခေါ်မှုများ၊ အခက်အခဲများ များစွာရှိပါသေးကြောင်း၊ ဆင်ဆာစနစ်ကို နိုင်ငံတကာ စံချိန်စံနှုန်းနှင့် ပြဋ္ဌာန်းနိုင်စေရန်၊ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်နိုင်စေရန်၊ ရုံတင်ရန် စောင့်ဆိုင်းနေသည့် ရိုက်ကူးပြီး ရုပ်ရှင်ဇာတ်ကားပေါင်း ၂၅၀ ကို စနစ်တကျရုံတင်ပြသနိုင်ရန်၊ နိုင်ငံအနှံ့အပြားတွင် ရုပ်ရှင်ရုံများ တိုးချဲ့တည်ဆောက်ရန်၊ ရုပ်ရှင်ကို စနစ်တကျ ရိုက်ကူးနိုင်အောင် ခေတ်မီသည့် စတူဒီယိုကြီးများ တည်ဆောက်နိုင်ရန်၊ ထို့အပြင် မိမိတို့ ဖန်တီးသူ၊ အနုပညာရှင် အတတ်ပညာရှင်များအနေဖြင့် လူ့အခွင့်အရေး၏ စံချိန်စံနှုန်းများ၊ ကျင့်ဝတ်များကို ပိုမို လေးစားလိုက်နာနိုင်စေရန် စသည့် စိန်ခေါ်မှုများ များစွာရှိပါသေးကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ပေးအပ်ရာတွင် ပါဝင်အားဖြည့်ကူညီကြမည့် ရုပ်ရှင်အနုပညာရှင်များ၏ သား၊ သမီးမြေးမြစ် မျိုးဆက်သစ်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို စတင်ကြေညာရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲတွင် အထူးဆုတစ်ဆု ဖြစ်သည့် တစ်သက်တာရုပ်ရှင်ထူးချွန်ဆု စတင်ကြေညာသည်။

**ဆုပေးအပ်ချီးမြှင့်**

အဆိုပါဆုကို စည်သူဗိုလ်ကလေးတင့်အောင် ရရှိခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် တစ်သက်တာရုပ်ရှင် ထူးချွန်ဆုရရှိခဲ့သူ စည်သူဗိုလ်ကလေးတင့်အောင်က ကျေးဇူးတင်သြဝါဒစကား ပြန်လည် ပြောကြားသည်။

ထို့နောက် ရုပ်ရှင်အတတ်ပညာဆုတစ်ဆုဖြစ်သည့် အကောင်းဆုံးရုပ်ရှင်အသံထူးချွန်ဆုကို **ထာဝရအမေ** ဇာတ်ကားဖြင့် သိန်းအောင်ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို **ထာဝရအမေ** ဇာတ်ကားဖြင့် အိုဝင် ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဓာတ်ပုံဆုကို **သရဲမ၊ ဘီလူးမနှင့် မိန်းမပျို** ဇာတ်ကားဖြင့် ကျောက်ဖြူ (ပဒေသာ)၊ ကိုနေဝင်းတို့က လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် တေးဂီတဆုကို **ကွမ်းလုံးရက် ၄၀** ဇာတ်ကားဖြင့် စန္ဒရားတင်ဝင်းလှိုင်က လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို **ရင်ဘတ်ထဲက ဓား** ဇာတ်ကားဖြင့် ဝိုင်းကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို **ထာဝရအမေ** ဇာတ်ကားဖြင့် ဒါရိုက်တာ စင်ရော်မောင်မောင်က လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို **နေခြည်မှာ ရွှေရည်လောင်း** ဇာတ်ကားဖြင့် မင်္ဂလာဇော် ထုတ်လုပ်ရေးက လည်းကောင်း၊ အကောင်းဆုံး အမျိုးသားရုပ်ရှင်ဇာတ်ပို့ဆုကို **အမှောင်တွေရှာချတဲ့ မိုးတိမ်** ဇာတ်ကားဖြင့် မြင့်မြတ်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ရုပ်ရှင်ဇာတ်ပို့ဆုကို **သရဲမ၊ ဘီလူးမနှင့် မိန်းမပျို** ဇာတ်ကားဖြင့် ပိုင်ဖြိုးသုကလည်းကောင်း ရရှိခဲ့သည်။

**ဆုများရရှိ**

ထို့နောက် ရုပ်ရှင်ချစ်ပရိသတ်များ၊ စိတ်ဝင်စားမှု အများဆုံးဖြစ်သည့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ကြေညာရာ ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို **တာတေကြီး** ဇာတ်ကားဖြင့် နေတိုးနှင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို **ရင်ဘတ်ထဲကဓား** ဇာတ်ကားဖြင့် အိန္ဒြာကျော်ဇင်တို့က ရရှိခဲ့ကြသည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်သက်တာရုပ်ရှင်ထူးချွန်ဆုရရှိသည့် စည်သူဗိုလ်ကလေးတင့်အောင်အား ဆုချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း ပန်ကြားတင်ပြစဉ်။ သတင်းစဉ်



၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားတွင် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်စဉ်။ သတင်းစဉ်



၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတအစည်းအရုံးဝင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေါင်း ၁၂ ဆုကို ချီးမြှင့်ခဲ့ပြီး ထူးခြားမှုအနေဖြင့် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆု တစ်ဆုကို ချီးမြှင့်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ ဆုချီးမြှင့်နိုင်ခဲ့ပြီး ၁၉၅၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၆၃ နှစ်တာကာလအတွင်း ပညာပိုင်းအလိုက် ရုပ်ရှင်ထူးချွန်ဆု စုစုပေါင်း ၃၉၈ ဆု ချီးမြှင့်နိုင်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်းနှင့် တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိသည့် မင်္ဂလာဇော်ရုပ်ရှင်ထုတ်လုပ်ရေးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်



အကောင်းဆုံးရုပ်ရှင်အသံထူးချွန်ဆုရ သိန်းအောင် ဆုလက်ခံယူစဉ်။ သတင်းစဉ်



အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရ အိုဝင် ဆုလက်ခံယူစဉ်။ သတင်းစဉ်



အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရ ကျောက်ဖြူ(ပဒေသာ)၊ ကိုနေဝင်း ဆုလက်ခံယူစဉ်။



အကောင်းဆုံးရုပ်ရှင်နောက်ခံတေးဂီတဆုရ စန္ဒရားတင်ဝင်းလှိုင် ဆုလက်ခံယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုရ ဝိုင်း ဆုလက်ခံယူစဉ်။ သတင်းစဉ်



အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရ စင်ရော်မောင်မောင် ဆုလက်ခံယူစဉ်။ သတင်းစဉ်

## ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆုရရှိသူများ အမည်စာရင်း

| စဉ် | ဆုအမျိုးအစား | ဇာတ်ကားအမည် | ဆုရရှိသူ |
|---|---|---|---|
| ၁ | တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆု | | စည်သူ ဗိုလ်ကလေးတင့်အောင် |
| ၂ | အသံထူးချွန်ဆု | ထာဝရအမေ | သိန်းအောင် |
| ၃ | တည်းဖြတ်ဆု | ထာဝရအမေ | အိုဝင် |
| ၄ | ဓာတ်ပုံဆု | သရဲမ၊ ဘီလူးမနှင့် မိန်းမပျို | ကျောက်ဖြူ(ပဒေသာ) ကိုနေဝင်း |
| ၅ | တေးဂီတဆု | ကွမ်းလုံ ရက် ၄၀ | စန္ဒရားတင်ဝင်းလှိုင် |
| ၆ | ဇာတ်ညွှန်းဆု | ရင်ဘတ်ထဲကဓား | ဝိုင်း |
| ၇ | ဒါရိုက်တာဆု | ထာဝရအမေ | ဒါရိုက်တာ စင်ရော်မောင်မောင် |
| ၈ | ဇာတ်ကားဆု | နေခြည်မှာ ရွှေရည်လောင်း | မင်္ဂလာဇော် ထုတ်လုပ်ရေး |
| ၉ | အမျိုးသားဇာတ်ပို့ဆု | အမှောင်တွေ ရှာချတဲ့မိုးတိမ် | မြင့်မြတ် |
| ၁၀ | အမျိုးသမီးဇာတ်ပို့ဆု | သရဲမ၊ ဘီလူးမနှင့် မိန်းမပျို | ပိုင်ဖြိုးသု |
| ၁၁ | အမျိုးသားဇာတ်ဆောင်ဆု | တာတေကြီး | နေတိုး |
| ၁၂ | အမျိုးသမီး ဇာတ်ဆောင်ဆု | ရင်ဘတ်ထဲကဓား | အိန္ဒြာကျော်ဇင် |



**တာတေကြီး ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုရ နေတိုးအား အကယ်ဒမီ ရွှေစင်ရုပ်တုနှင့်အတူ တွေ့ရစဉ်။**

ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)



စည်သူပိုလ်ကလေးတင့်အောင်



ဒါရိုက်တာ စင်ရော်မောင်မောင်



ဒါရိုက်တာ ဝိုင်း



နေတိုး



အိန္ဒြာကျော်ဇင်



ပိုင်ဖြိုးသု

*ကျောဖုံးမှ*

**မြန်မာ့ရုပ်ရှင်တစ်သက်တာဆု**

**စည်သူပိုလ်ကလေးတင့်အောင်**

မြန်မာ့ရုပ်ရှင်လောကဟာအနုပညာရှင်များနဲ့ အတတ်ပညာများ စုပေါင်းဆောင်ရွက်မှ အောင်မြင်တဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ယခုလို လုပ်ငန်းရှင်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေ စိတ်အားတက်ကြွအောင် နိုင်ငံတော်က အသိအမှတ်ပြုတဲ့ အနေနဲ့ ခေါင်းဆောင်ကြီးများက စိတ်ရောကိုယ်ပါ အားပေးသွားတာတွေ့ရ တော့ ကျွန်တော်အလွန်ပဲ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ရုပ်ရှင်သမားတွေဟာ သရုပ်ဆောင်မှုတစ်ခုတည်းကိုသာ



အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ မြင့်မြတ်အား ဂုဏ်ပြုအားပေးသူများနှင့်အတူ တွေ့ရစဉ်။

အာရုံစိုက်ကြပါတယ်။ လူငယ်တွေ အားတက်အောင် ပြည်သူအားလုံးနဲ့ နိုင်ငံတော်အစိုးရက အစအားပေးတယ်ဆိုတဲ့ အမိပ္ပာယ်လေးကို ဒီထက်ပေါ်လွင်စေချင်ပါတယ်။ ဒီဆုရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။

အသက် ၉၆ နှစ်ရှိ စည်သူပိုလ်ကလေးတင့်အောင်သည် ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့သော ဝါရင့်အနုပညာရှင်ကြီးတစ်ဦးဖြစ်သည်။ ယခုလက်ရှိတွင် ရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံးတို့၌ နာယကအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ရုပ်ရှင်ဒါရိုက်တာထူးချွန်ဆု**

**စင်ရော်မောင်မောင် (ထာဝရအမေ)**

ဒီပွဲကိုတက်ရောက်လာတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ပထမဦးဆုံး ဂါရဝပြုပါတယ်။ ရုပ်ရှင်အနုပညာရှင်ကြီးများကိုလည်း ဂါရဝပြုပါတယ်။ ဒီနေ့ မြန်မာ့ရုပ်ရှင်လောကမှာ ဂန္ထဝင်ရုပ်ရှင်ကားကြီးတွေ ထွက်ပေါ်ဖို့ လိုအပ်နေပါတယ်။ ဒါကို အားလုံးဝိုင်းကြိုးစားဖို့ အထူးအရေးကြီးပါတယ်။ ခေတ်လူငယ်ဒါရိုက်တာတွေထဲမှာထူးချွန်၊ တော်တဲ့သူတွေ ပေါ်ထွက်လာလို့ ရုပ်ရှင်လောကအားရကျေနပ်စရာ ဖြစ်လာပါတယ်။ ကျွန်တော့်အနေနဲ့ အမေတွေအားလုံးအတွက် ရိုက်ခဲ့တာပါ။ ဒီဇာတ်ကားဖြစ်မြောက်ရေးအတွက် ယုံယုံကြည်ကြည်အပ်နှံရိုက်ကူးခွင့်ပေးခဲ့သော အသည်းအထူးကုဆရာဝန်ကြီးဒေါက်တာခင်မောင်ဝင်း (အသည်း)ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

ဒါရိုက်တာထူးချွန်ဆုရရှိသောစင်ရော်မောင်မောင်သည် အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်း ရေးဖွဲ့ထားသော မိခင်မေတ္တာဖွဲ့ဇာတ်လမ်းကောင်းတစ်ခုကို ပြန်လည်ရိုက်ကူးထားခြင်းဖြစ်သည်။

**ရုပ်ရှင်အမျိုးသားဇာတ်ဆောင်ထူးချွန်ဆု**

**နေတိုး(တာတေကြီး)**

ဒီဇာတ်ကားကိုစတင်ရိုက်ကူးစဉ်ကအခက်အခဲများစွာရှိခဲ့ပါတယ်။ ဇာတ်ကောင်နေရာမှာ ကူညီပေးပါလို့ တောင်းဆိုခဲ့တဲ့ လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေး၊ ဒါရိုက်တာကိုဝိုင်းတို့ကို ကျေးဇူးတင်ပါတယ်။ ဒီဇာတ်ကားရိုက်ကူးတဲ့အခါမှာ အခက်အခဲများကြားမှ ဝိုင်းရံပေးခဲ့တဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဇာတ်ကောင်၊ စရိုက်အသုံးဝင်အောင် ဆောင်ရွက်ပေးခဲ့တဲ့ မိတ်ကပ်၊ ဒီဇိုင်းပညာရှင်တွေကိုလည်းကျေးဇူးတင်ပါတယ်။ ဒီဇာတ်ကားကိုကြည့်ပြီး ပရိသတ်တွေရဲ့ ကြိုတင်ခန့်မှန်းချက်ပေးခဲ့တဲ့ ရုပ်ရှင်ချစ်ပြည်သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ အားပေးနေတဲ့ ပရိသတ်တွေရဲ့အားနဲ့ အနုပညာလုပ်ငန်းတွေကို ဆက်လက်ကြိုးစားဆောင်ရွက်သွားပါ့မယ်။

တာတေကြီးဇာတ်ကားမှ အမျိုးသားဇာတ်ဆောင်ထူးချွန်ဆုရရှိခဲ့သော နေတိုးသည် လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဝိုင်း စီစဉ်ရိုက်ကူးသောဇာတ်ကားဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

**ရုပ်ရှင်အမျိုးသမီးဇာတ်ဆောင်ထူးချွန်ဆု**

**အိန္ဒြာကျော်ဇင် (ရင်ဘတ်ထဲကဓား)**

၁၃ နှစ်ကြာမှ ဒုတိယအကယ်ဒမီဆုကိုရရှိခဲ့တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဒီဇာတ်ကားနဲ့ရခဲ့တဲ့အတွက်လည်း ပိုဝမ်းသာပါတယ်။ ဒီဇာတ်ကားနဲ့ အကယ်ဒမီရစေချင်တဲ့ မေမေလည်းဝမ်းသာမှာပါ။ ဆရာမလမင်းမိုမို ဝတ္ထုကြောင့် ဒီဆုရရှိခဲ့တာပါ။ ဒါရိုက်တာကိုဝိုင်းကိုလည်း ကျေးဇူးတင်ပါတယ်။ သူ့သင်ပြမှုနဲ့ ဇာတ်ကောင်၊ စရိုက်နဲ့ စိတ်တွေကို ဖြစ်ပေါ်အောင် သရုပ်ဆောင်နိုင်ခဲ့လို့ အခုလိုရရှိခဲ့တာပါ။ ကိုတီ(အိမ်ထောင်ဦးစီး)ကိုလည်း ကျေးဇူးတင်ပါတယ်။ သူ့ပံ့ပိုးပေးမှုကြောင့် အခုလိုပီပြင်တဲ့ ဇာတ်ကောင်စရိုက်ကို သရုပ်ဆောင်နိုင်ခဲ့တာပါ။ အူဝဲကို ချစ်တဲ့ ပရိသတ်တွေကြောင့်လည်း ဒီဆုရခဲ့တာပါ။

အမျိုးသမီးဇာတ်ဆောင်ထူးချွန်ဆုရရှိသော အိန္ဒြာကျော်ဇင်သည် ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဝိုင်းရိုက်ကူးသော ရင်ဘတ်ထဲကဓား ဇာတ်ကားမှ ရရှိခဲ့ခြင်းဖြစ်သည်။ ယခုရရှိသောဆုသည် ဒုတိယမြောက်ဖြစ်ပြီး ဆယ်စုနှစ်ကျော်မှ ရရှိခြင်းဖြစ်သည်။

**ရုပ်ရှင်အမျိုးသားဇာတ်ပို့ ထူးချွန်ဆု**

**မြင့်မြတ် (အမှောင်တွေရွှာချတဲ့ မိုးတိမ်)**

နိုင်ငံတစ်ဝန်းရှိတဲ့ ရုပ်ရှင်ချစ်ပြည်သူတွေကို ကျေးဇူးတင်ပါတယ်။ ဒီအချိန်မှာ အတော်စိတ်လှုပ်ရှားနေပါတယ်။ ဒါကြောင့် စကားတွေမှားမှာစိုးလို့ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

ပထမဦးဆုံးအကြိမ် အမျိုးသားဇာတ်ပို့ထူးချွန်ဆုရရှိခဲ့သော မြင့်မြတ်သည် အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာညွှန့်မြန်မာညီညီအောင် ရိုက်ကူးပုံဖော်သော အမှောင်တွေ ရွှာချတဲ့ မိုးတိမ်ဇာတ်ကားမှ ရရှိခဲ့ခြင်းဖြစ်သည်။

**ရုပ်ရှင်အမျိုးသမီးဇာတ်ပို့ထူးချွန်ဆု**

**ပိုင်ဖြိုးသု( သရဲမ၊ ဘီလူးမနှင့် မိန်းမပျို)**

အခုလိုထူးချွန်ဆုရတဲ့အတွက် အလွန်ပဲ စိတ်လှုပ်ရှားနေပါတယ်။ ပထမဆုံးကျေးဇူးတင်တာကတော့ မိဘနှစ်ပါးနဲ့ ညီမတို့ဖြစ်ပြီး အကဲဖြတ်အဖွဲ့ကိုလည်းကျေးဇူးတင်ပါတယ်။ ဒါရိုက်တာဝိုင်းနဲ့ ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေး၊ လုပ်ဖော် ကိုင်ဖက်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ အနုပညာပျိုးခင်းက ဆရာတွေကိုလည်း ကျေးဇူးတင်ပါတယ်။

အနုပညာသက်တမ်း နုသေးသော်လည်း ဝါရင့်သရုပ်ဆောင်များနှင့် ခပ်ကြမ်းကြမ်းပုံဖော်သရုပ်ဆောင်ခဲ့သော မျိုးဆက်သစ်သရုပ်ဆောင်မင်းသမီးချောပိုင်ဖြိုးသုသည် ပထမဦးဆုံးချီးမြှင့်ခြင်းခံရသောထူးချွန်ဆုရှင် ဖြစ်သည်။ သူမသည် ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဝိုင်း ဖန်တီးပုံဖော်သော သရဲမ၊ ဘီလူးမနှင့် မိန်းမပျို ဇာတ်ကားမှ ရရှိခဲ့ခြင်းဖြစ်သည်။

**ရုပ်ရှင်ဇာတ်ညွှန်းထူးချွန်ဆု**

**ဝိုင်း(ရင်ဘတ်ထဲကဓား)**

ကျွန်တော်လိုချင်တဲ့ ဆုရရှိတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ကျွန်တော်လမ်းမှားရောက်နေတဲ့အချိန်မှာ ဇာတ်ညွှန်းပညာသင်ကြားပေးခဲ့တဲ့ ဒါရိုက်တာ ညီညီထွန်းလွင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီဆုရအောင် မူလဝတ္ထုစာရေးဆရာမ လမင်းမိုမိုကိုလည်း ကျေးဇူးတင်ပါတယ်။ နောင်နှစ်တွေမှာလည်း ကျွန်တော့်အနေနဲ့ ဒီ့ထက်ပိုကောင်းသော ဇာတ်ညွှန်းတွေ၊ ဇာတ်ကားတွေကို ထပ်မံရိုက်ကူးကြိုးစားသွားမှာပါ။

၂၀၁၇ ခုနှစ်၏ ရုပ်ရှင်ဇာတ်ညွှန်းထူးချွန်ဆု ရရှိသောဝိုင်းသည် ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေးမှ ရင်ဘတ်ထဲကဓား ရုပ်ရှင်ဇာတ်ကားဖြင့် မိမိကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးကာ ယခုကဲ့သို့ ဇာတ်ညွှန်းထူးချွန်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

**ရုပ်ရှင်အသံထူးချွန်ဆု**

**သိန်းအောင် (ထာဝရအမေ)**

ပထမဆုံးရတဲ့ ဆုဖြစ်ပါတယ်။ ကြွရောက်လာတဲ့နိုင်ငံတော်အကြီးအကဲများနဲ့ ရုပ်ရှင်ဥက္ကဋ္ဌ၊ အဖွဲ့သားအားလုံး ရုပ်မြင်သံကြားပေါ်မှ ကြည့်ရှုနေကြသော ပြည်သူများအားလုံး ဂါရဝပြုပါတယ်။

အသံဆုရရှိသော သိန်းအောင်သည် ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးထုတ်လုပ်သော ထာဝရအမေ ရုပ်ရှင်ဇာတ်ကားမှ ရရှိခြင်းဖြစ်သည်။

**ရုပ်ရှင်တည်းဖြတ်ထူးချွန်ဆု**

**အိုဝင် (ထာဝရအမေ)**

ဒီရုပ်ရှင်ကားကို ယုံကြည်စွာလုပ်ခွင့်ပေးခဲ့တဲ့ ဒါရိုက်တာ စင်ရော်မောင်မောင်ကို ကျေးဇူးတင်ပါတယ်။ သင်ဆရာ၊ ကြားဆရာအားလုံးကို ကျေးဇူးတင်ပါတယ်။ အကယ်ဒမီဘုတ်အဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းတို့ကိုလည်း ကျေးဇူးတင်ပါတယ်။ ထာဝရအမေဇာတ်ကားမှာ ဇာတ်ကားထဲက မိခင်လိုမျိုးတွေ အများကြီးပေါ်ထွန်းပါစေလို့ ဆုတောင်းပါတယ်။

အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်း(အသည်း)၏ ကိုယ်ပိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သောမိခင်မေတ္တာဖွဲ့ ဇာတ်ကားမှရရှိခြင်းဖြစ်သည်။ ဇာတ်လမ်းမှာ မိခင်တစ်ယောက်က မဆုတ်မနစ်သောလုံ့လဖြင့် ရင်ဆိုင်ဖြေရှင်း၍ သားသမီးများ အောင်မြင်မှုကို မိခင်မေတ္တာဖွဲ့အဖြစ် ရေးဖွဲ့ထားသော ဇာတ်လမ်းကောင်းဖြစ်သည်။

**ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု**

**ကျောက်ဖြူ(ပဒေသာ)၊ ကိုနေဝင်း**

ကျွန်တော်ရုပ်ရှင်လောကထဲကို အခုလို ဓာတ်ပုံသမားဘဝရောက်ရှိလာတာ ဆရာသမားတွေကောင်းမှုကြောင့်ပါ။ ဖလင်ခေတ်က ရိုက်ကူးခဲ့တဲ့နေရာမှာမြောက်စားခဲ့တဲ့ ဆရာတွေက ခင်မောင်ဦး၊ စိုးသိမ်းထွဋ်၊ ကိုမင်း၊ ကိုအုန်းမောင်၊ ဦးမျိုးဇော်အောင်၊ ဦးကြည်စိုးထွန်း၊ ညီထွန်းလွင်၊ နောင်ထွန်းလွင်၊ ဒါရိုက်တာ ကျော်သူရဲ့ဆေးပေါင်း ခတဲ့ညမှာ လူဖြစ်ခဲ့တာပါ။ ကျောက်ဖြူ(ပဒေသာ)သည် ဒုတိယမြောက်ဆုရရှိခြင်းဖြစ်ပြီး ယင်းဆုမှာ ဒါရိုက်တာဝိုင်း ရိုက်ကူးပုံဖော်သော (သရဲမ၊ ဘီလူးမနှင့် မိန်းမပျို) ရုပ်ရှင်ဇာတ်ကားကြီးမှ ရရှိခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်၏ မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲတွင် ရုပ်ရှင်ဇာတ်ကားထူးချွန်ဆုကို မင်္ဂလာဇော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဦးဇော်မြင့်ဦး ရိုက်ကူးပုံဖော်သော နေခြည်မှာ ရွှေရည်လောင်းဇာတ်ကားဖြင့် ရရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း ရွှေတံဆိပ်ဆု ၁၂ ဆု ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်ဆွေ၊ မင်းခေတ်၊ ထင်ပေါ်ဝင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသည့် အနုပညာရှင်မိသားစုများကို တွေ့ရစဉ်။

# တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အား ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆန္ဒမဲအများဆုံးဖြင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်

## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၃

**သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမပိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦးအနက် ၃၀၇ ဦး တက်ရောက်ကြပြီး ၁၆ ဦး ခွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။**




ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒမဲပေးစဉ်။

အစည်းအဝေးတွင် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အား မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်မေဝင်းမြင့်က ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းရာ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုးက ထောက်ခံသည်။

အလားတူ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးအား ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်းက ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းရာ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ မောင်သင်းက ထောက်ခံသည်။

ထို့နောက် ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းကြသည့်လွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုလွှာပုံစံကို အချက်အလက်ပြည့်စုံစွာ ဖြည့်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တင်သွင်းသည့် ဒုတိယသမ္မတလောင်း နှစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပြီးသည့်အခါ ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ အရည်အချင်းများနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ဖွဲ့စည်းပြီး နည်းဥပဒေ ၂၇ အရ စိစစ်သွားမည်ဖြစ်ကြောင်း။

နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပါဝင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က မိမိတို့အထဲမှ ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ပေးရမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ကြရာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်အဆိုပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် အမည်စာရင်းတင်သွင်းခံရသူတစ်ဦးထက်ပိုသည့်အတွက် စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်အား ထောက်ခံဆန္ဒမဲ အများဆုံးပေးပြီး စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်အတည်ပြုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ ဒုတိယသမ္မတအဖြစ် အဆိုပြုတင်သွင်းသည့် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တို့၏ အဆိုပြုလွှာပုံစံများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ အရည်အချင်းများနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် အစည်းအဝေး ပထမပိုင်းကို ရပ်နားလိုက်သည်။

သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦးအနက် ၃၀၄ ဦး တက်ရောက်ကြပြီး ၁၉ ဦး ခွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။



မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်မေဝင်းမြင့် အဆိုတင်သွင်းစဉ်။



သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ထောက်ခံစဉ်။

ဒုတိယပိုင်း အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်းတွင် ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းထားသည့် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့သည် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း နည်းဥပဒေအရ စိစစ်ရာတွင် ပြည့်စုံမှုရှိသည့်အတွက် ဒုတိယသမ္မတလောင်း နှစ်ဦးအနက်မှ တစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လျှို့ဝှက်ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၄ ဦးတို့က လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ဆန္ဒမဲပေးကြပြီး လျှို့ဝှက်ဆန္ဒမဲများကို ပါတီအလိုက် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဖွင့်ဖောက်ရေတွက်ကြသည်။



လျှို့ဝှက်ဆန္ဒမဲများကို ပါတီအလိုက် ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ဖောက်ရေတွက်ကြစဉ်။

ထိုသို့ လျှို့ဝှက်ဆန္ဒမဲများ ရေတွက်ရာတွင် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်က ထောက်ခံမဲ ၂၇၃ မဲနှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ထောက်ခံမဲ ၂၇ မဲ ရရှိကြပြီး ပယ်မဲမှာ လေးမဲ ဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ထောက်ခံဆန္ဒမဲ ၂၇၃ မဲ ရရှိသည့် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **သူရဇော်၊ အောင်ရဲသွင်(သတင်းစဉ်)**

**"ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပြီးသည့်အခါ ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ အရည်အချင်းများနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ဖွဲ့စည်းပြီး နည်းဥပဒေ ၂၇ အရ စိစစ်သွားမည်"**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များမှ စာတည်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ



**ရန်ကုန် မတ် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစဉ်နှင့် သတင်းစာတိုက်များမှ စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်များ၊ ဝန်ထမ်းများနှင့် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ Global New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံပိုင်မီဒီယာများသည် မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာကသိအောင် ပြောပြနေခြင်းဖြစ်သည့်အတွက် Global New Light of Myanmar သတင်းစာအနေဖြင့် ပို၍အားကောင်းရန် လိုကြောင်း၊ ယနေ့တွေ့ဆုံခြင်းသည် လုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် ကူညီဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို သိရှိရန်၊ ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း အကြံပြုတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ရှင်းလင်းတင်ပြပြီး စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်များနှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အကြံပြုချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးပြီး Global New Light of Myanmar သတင်းစာတိုက်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# ဖာပွန်မြို့နှင့် ကမမောင်းမြို့တို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးပါက မြို့ရေပေးဝေရေး ဆောင်ရွက်ပေးမည်

**❖ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ ပိုမိုများပြားလာသဖြင့် ကြိုတင်ကာကွယ်ခြင်း၊ ထိရောက်စွာအရေးယူခြင်းတို့ကို ကော်မတီမှ လေ့လာစုံစမ်း၍ လွှတ်တော်တွင် မေးမြန်းခြင်း၊ အဆိုတင်ခြင်းတို့ကို ပြုလုပ်သင့်**

**❖ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေးဥပဒေကိုလည်း လွှတ်တော်တွင် အမြန်ဆုံးအတည်ပြုနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုက်တွန်း**

**နေပြည်တော် မတ် ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၃၂ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ရှင်းလင်းဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၏ **ကရင်ပြည်နယ် ဖာပွန်မြို့ပေါ် ရပ်ကွက်များမှ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ယွန်းစလင်းချောင်းမှ ရေကို လည်းကောင်း၊ ဖာပွန်မြို့နယ် ကမမောင်းမြို့နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် သံလွင်မြစ်မှ ရေကို လည်းကောင်း၊ မြစ်ရေ တင်စနစ်ဖြင့် သွယ်ယူဖြန့်ဖြူးပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ ဝင်က ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်းရှိ ဖာပွန်မြို့နှင့် ကမမောင်းမြို့ပေါ်ရပ်ကွက်နေ ပြည်သူ များ သန့်ရှင်းသောသောက်သုံးရေရှိရေးအတွက် ဖာပွန်မြို့အား ယွန်းစလင်းချောင်းမှရေကိုလည်း ကောင်း၊ ကမမောင်းမြို့အား သံလွင်မြစ်မှ ရေကိုလည်းကောင်း ရယူသုံးစွဲပြီး ပွန်တွန်း မော်တာ ပန့်တပ်ဆင်၍ အနည်ထိုင် ကန်၊ အကြမ်း စစ်ကန်၊ အနေးစစ်ကန်အဆင့်ဆင့် သန့်စင်ပြီး ပါက ရေကြည်ကန်မှတစ်ဆင့် ဖိအားသုံးမော်တာ ပန့်ဖြင့် တိုက်ရိုက်တွန်းပို့သည့်စနစ်ဖြင့် ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း။

မြို့ရေပေးရေးလုပ်ငန်းသည် လျှပ်စစ် ဓာတ်အားဖြင့် ဆောင်ရွက်ရသောလုပ်ငန်းတစ်ခု ဖြစ်ပါသဖြင့် ဖာပွန်မြို့နှင့် ကမမောင်းမြို့တို့သည် ပင်မလျှပ်စစ်ဓာတ်အား လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဓာတ် အားလိုင်းသွယ်တန်းပြီးစီးပါက မြို့ရေပေးဝေရေး လုပ်ငန်းကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ဦးမြင်းဆွေ၏ **တိုးတက်လာသည့် ခေတ်စနစ် နှင့်အညီ မြန်မာနိုင်ငံအတွင်း ခေတ်မီဖွံ့ဖြိုး တိုးတက်သာယာလှပသည့်မြို့များ ပေါ်ပေါက် လာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်



ဦးအောင်မြင်ထွန်း
နေပြည်တော်ကောင်စီဝင်

စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်က တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၅ အရ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စု၏ ဘဏ္ဍာ ငွေအရ အသုံးဆိုင်ရာဥပဒေ (သို့မဟုတ်) ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာငွေမှ ရရှိ သည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းကို ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူကာ ထောက်ပံ့လျက်ရှိ ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အရ စည်ပင် သာယာရေးလုပ်ငန်းများသည် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်များကို ခွဲဝေပြီးဖြစ်သည့် အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ စည်ပင် သာယာကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးဌာနသီးသန့် မရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့က အစိုးရဌာနများတွင်ရှိသည့် စည်ပင်သာယာရေးဝန်ကြီးများကို ဘဏ္ဍာငွေ ပိုမိုရရှိရန်အတွက် တောင်းခံနိုင်ရန်နှင့် ပြည်နယ် မှရရှိသည့် အခွန်ငွေများထဲမှ ပိုမိုသုံးစွဲနိုင်ရန်၊ နည်းလမ်းများရှာဖွေရန် ညှိနှိုင်းအကြောင်းကြား ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည် ပြုပြီးပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အသိပေးသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း ၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် နိုင်ငံ သားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး နှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံ ရန် ကော်မတီ၏ အတွင်းရေးမှူး ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်က အဆိုတင်သွင်းပြီး လွှတ်တော် ၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် တိုင်းရင်း သားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီ၏ အတွင်းရေးမှူး ဦးနိုင်သီဟက အမျိုးသားလွှတ်တော်တိုင်းရင်း သားရေးရာကော်မတီသည် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ အမျိုးသား



ဦးမြင်းဆွေ
မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ပေးနိုင်ရန်နှင့် တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များကို ဖော်ဆောင် ၍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ကူညီ ဖော်ဆောင်ပေးမည့် ကော်မတီတစ်ရပ်ဖြစ်စေ ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကြိုးစားထမ်းဆောင် လျက်ရှိပါကြောင်း ဖတ်ကြားတင်ပြသည်။

အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေး လိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် စိုက် ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင် ခံစာကို ကော်မတီဝင် ဒေါ်မမလေးက ဖတ်ကြား တင်ပြပြီး ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် အမျိုး သမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အကြံပြုချက်၊ သုံးသပ်ချက်အစီ ရင်ခံစာကို ကော်မတီဝင် ဒေါ်အိအိပြုံးက အမျိုး သမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်း ဖက်မှုများ ပိုမိုများပြားလာသဖြင့် ကြိုတင် ကာကွယ်ခြင်း၊ ထိရောက်စွာအရေးယူခြင်းတို့ကို ကော်မတီမှ လေ့လာစုံစမ်း၍ လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်ခြင်းတို့ကို ပြုလုပ်သင့်ပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေးဥပဒေကိုလည်း လွှတ်တော်တွင် အမြန်ဆုံးအတည်ပြုနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုက်တွန်းသင့်ပါ ကြောင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ အတွက် အကာအကွယ်ပေးရန်လိုအပ်ပါကြောင်း ဥပဒေများကို လေ့လာပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်း သင့်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ အစီရင်ခံနှင့်စပ်လျဉ်း ၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၃၃ ရက် မြောက်နေ့ကို မတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ အရည် အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ် ရေးအဖွဲ့ဝင် ကိုယ်စားလှယ်၏ အမည်စာရင်း ပေးအပ်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ အမည်စာရင်းအား ပေးပို့သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံး အဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် စိစစ်ရေးအဖွဲ့ဝင်အဖြစ် အမည်စာရင်း ပေးပို့ သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

## သတ္တုကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ချက်သမ္မတ နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့အကြား သတ္တုကဏ္ဍပူးပေါင်း ဆောင် ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ်(၁၉)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဌေးအောင်နှင့် ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Jaroslav Dolecek တို့က (MoU) အား လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့အကြား နည်းပညာ လွှဲပြောင်းခြင်းနှင့် သင်တန်းများပို့ချခြင်း၊ ဘူမိဗေဒမြေပုံများ ပြုစုရေးဆွဲခြင်း၊ ဓာတ်သတ္တုအရင်းအမြစ်များ စမ်းသပ်တိုင်းတာခြင်း၊ သတ္တုသိုက်အရင်းအမြစ်များ စိစစ်ခန့်မှန်းတွက်ချက်ခြင်း၊ သတ္တုတူးဖော်ရေး၏ စွန့်ပစ်ပစ္စည်းများ သုတေသနပြု ခြင်း၊ ဘူမိဗေဒဆိုင်ရာ အချက်အလက်စနစ် တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ဘူမိသဘာဝဘေးအန္တရာယ်များ စိစစ်လေ့လာဆန်းစစ်သုံးသပ်ခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ကာကွယ်ခြင်းစသည့် ဘူမိသိပ္ပံနယ်ပယ်များတွင် ပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်၍ မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



**မတ် ၂၃ ရက်က ပါကစ္စတန်နိုင်ငံ၏ (၇၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Dr. Khalid Hussain Memon က ကြိုဆိုနှုတ်ဆက်စဉ်။**

သတင်းစဉ်

**စာပေမြင့်မှ လူမျိုးတင့်မည်**

## အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၂၃**

ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမင်းဦး၊ ပဲခူးတိုင်း ဒေသကြီးမဲဆန္ဒနယ် အမှတ်(၆)မှ ဒေသခံပြည်သူ ၅၄ ဦး၊ ဦးဝင်းမြင့်၊ မကွေးတိုင်း ဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)နှင့် ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)တို့၏ မိတ်ဆွေခြောက်ဦး၊ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၏ မိသားစုဝင် လေးဦးနှင့် ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒ နယ် အမှတ်(၁၁)၏ မိတ်ဆွေ ၁၀ ဦး စုစုပေါင်း ၇၄ ဦး အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးစတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ပြည်တွင်း ဧည့်သည် ၁၃၂၅၅ ဦးနှင့် ပြည်ပဧည့်သည် ၁၄၄၄ ဦးရှိကြောင်း သိရသည်။

အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာလိုပါက စာဖြင့်ဖြစ်စေ၊ Email ဖြင့် ဖြစ်စေ သုံးရက်ကြိုတင်၍ လျှောက်ထားစာကို အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ ပေးပို့နိုင်သည်။ Email ဖြင့် ပေးပို့လိုပါက amyothahluttaw@gmail.com သို့ လျှောက်ထားပေးပို့နိုင်ပြီး အမျိုးသား လွှတ်တော်ဆိုင်ရာ အကြောင်းအရာများကို သိရှိလိုပါက အမျိုးသားလွှတ်တော် website www.amyotha.hluttaw.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံလွှတ်တော်ရေးရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ



## ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများဆွေးနွေး

**နေပြည်တော် မတ် ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး H.E. Mr. Iwao HORII အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်-မောင်တော ဒေသအတွင်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာသွားသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ဆောင်ရွက်နေမှုနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများ၊ ဂျပန်နိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှု၊ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်မှန်များအား နိုင်ငံတကာမှသိရှိအောင် ဆောင်ရွက်ရေးကိစ္စများနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး H.E. Mr. Iwao HORII အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# (၇၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်

**နေပြည်တော် မတ် ၂၃**

၂၀၁၈ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျရောက်သော (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့ နံနက်ပိုင်း၌ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

ယင်းစစ်ရေးပြအခမ်းအနားတွင် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းများပါဝင်ပြီး စုရပ်ဖြစ်သည့် နေပြည်တော်သစ်တပ်ကွင်းမှ နေပြည်တော် စစ်ရေးပြကွင်းသို့ တပ်မတော်စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများသီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်း အနားအစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက် စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

အဆိုပါစစ်ရေးပြအခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များနှင့် တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့(Navy SEALs)၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးစိုးအောင် မြစ်ကြီးနားမြို့၌ IDP စခန်းများရှိ ခေါင်းဆောင်များအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် မတ် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင်သည် မတ် ၂၁ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဂျမိုင်ကောင်း IDP Camp သို့ သွားရောက်၍ မြစ်ကြီးနားမြို့နယ်ရှိ စခန်းများမှ ခေါင်းဆောင်များ၊ စခန်းရှိ ပြည်သူများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စခန်းများရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ငါးနှစ်အောက် ကလေးများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများအတွက် စခန်း ၂၁ ခုမှ ခေါင်းဆောင်များအား ထောက်ပံ့ငွေများပေးအပ်ရာ ကိုယ်ဝန်ဆောင်မိခင် တစ်ဦးလျှင် ငွေကျပ် တစ်သိန်း၊ ငါးနှစ်အောက် ကလေးတစ်ဦးလျှင် ငွေကျပ် ငါးသောင်း၊ မသန်စွမ်းသူတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၂၃ သိန်း ထောက်ပံ့သည်။

မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်ခဲ့ပြီး သိုလှောင်ရုံအတွင်း ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ ထိန်းသိမ်းထားရှိမှုကိုကြည့်ရှု၍ ထောက်ပံ့ရေးပစ္စည်းများကို လိုအပ်သော ပြည်သူများထံ အမြန်ဆုံးထောက်ပံ့ပေးနိုင်ရန်



စီစဉ်ထားရှိမှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ သတင်းများအချိန်မီရရှိပြီး ထောက်ပံ့နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်မှ စီမံခန့်ခွဲမှု ရုံးများနှင့် ချိတ်ဆက်မှုမပြတ်စေရေး၊ ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုများကို အချိန်ဇယားဆွဲ၍ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မတ် ၂၂ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ငွေပျော်စံပြကျေးရွာ ငွေပျော်မူလတန်းကြိုကျောင်း၌ ရပ်ရွာပြည်သူတို့နှင့် တွေ့ဆုံစဉ် ကျေးရွာရှိ အိမ်ထောင်စု ၃၇၄ စုအတွက် ပဲခွဲခြမ်း ၃၇၄ ပိဿာ ထောက်ပံ့ပေးခဲ့သည်။ ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာသူ ရွာသားများက ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လျှပ်စစ်မီးနှင့် သာရေးနာရေးကိစ္စများ၊ အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီပေးနိုင်ရေး ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက အပ်ချုပ်စက်သင်တန်း၊ ရက်ကန်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး စီမံပေးခဲ့ကာ၊ အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရတို့နှင့် ပေါင်းစပ်ညှိနှိုင်းရမည့် လုပ်ငန်းများကို ဆွေးနွေးသည်။ ထို့အပြင် ကျေးရွာရှိ ကလေးများအား အချိုရည်နှင့် အာဟာရမုန့်များ ဝေငှခဲ့သည်။

မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ် မိုင်းနားစခန်းသို့ရောက်ရှိပြီး မိုင်းနား RC စခန်းမှ ပြည်သူများ၊ ဝိုင်းမော်မြို့နယ်ရှိ စခန်းတာဝန်ခံများနှင့် တွေ့ဆုံကာ ဝိုင်းမော်မြို့နယ် စခန်း ၁၄ ခုမှ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်ငါးနှစ်အောက် ကလေးများ၊ မသန်စွမ်းသူများ၊ အမျိုးသမီး ဦးဆောင်အိမ်ထောင်စုများအတွက် ငွေကျပ် ၆၆၁ သိန်း ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ကြေးများ ပေးအပ်ပြီးနောက် စခန်းရှိ ကလေးပျော်နေရာမှ ကလေး ၂၀၀ အား အာဟာရမုန့်များ ဝေငှကာ လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးပျော်နေရာအတွက် ထောက်ပံ့သော အလှူငွေကျပ် ၁၅ သိန်းအား စခန်းတာဝန်ခံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(ခ) နိုင်ငံတော်အစိုးရက မြေတိုင်းတာရန် တာဝန်ပေးအပ်သည့် အရာရှိက ထုတ်ပေးသော သို့မဟုတ် လက်ခံသောစာချုပ်စာတမ်းနှင့် မြေပုံများ၊ ယင်းအရာရှိတို့က မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် စာချုပ်စာတမ်းနှင့် မြေပုံများ၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ရုံးသို့ မှန်မှန်ပေးပို့ရသည့် ကျေးရွာစာရင်းနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများ၊

(ဃ) နိုင်ငံတော်အစိုးရအတွက် မြေပေါ်၊ မြေအောက် အကျိုးစီးပွားအလို့ငှာ လွှဲပြောင်းပေးအပ်သော စာချုပ်စာတမ်းများ။

၇၁။ ပုဒ်မ ၇၀ ပါ စာချုပ်စာတမ်းနှင့် မြေပုံများကို မည်သူမဆို သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်း၍ ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ရှိသည်။

**အခန်း(၁၅)**

**တားမြစ်ချက်များ**

၇၂။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသူ မည်သူမျှ တစ်ဦးတစ်ယောက်သောသူ၏ အကျိုးပျက်စီးနစ်နာစေရန် အကြံဖြင့်ဖြစ်စေ၊ ယင်းသို့ နစ်နာစေရန်အကြောင်းရှိကြောင်း သိလျက်နှင့်ဖြစ်စေ၊ မမှန်မကန်သည်ကိုသိလျက်နှင့်ဖြစ်စေ၊ သိရှိရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ မှတ်ပုံတင်ရန် တင်ပြသောစာချုပ်စာတမ်းကိုသော်လည်းကောင်း၊ အပ်နှံထားသော စာချုပ်စာတမ်းကိုသော်လည်းကောင်း၊ မမှန်မကန်ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ မိတ္တူရေးကူးခြင်း၊ ဘာသာပြန်ဆိုခြင်း သို့မဟုတ် မှတ်ပုံတင်ပေးခြင်းမပြုရ။

၇၃။ မည်သူမျှ အောက်ပါအချက်တစ်ရပ်ရပ်ကို ကျူးလွန်ခြင်းမပြုရ-

(က) ဤဥပဒေအရဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်း ပြုရာတွင်ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးရှေ့မှောက်၌ မမှန်မကန်ထွက်ဆိုခြင်း၊

(ခ) မမှန်ကန်သောစာချုပ်စာတမ်းကိုဖြစ်စေ၊ ဘာသာပြန်ဆိုချက်ကိုဖြစ်စေ၊ မြေပုံ သို့မဟုတ် ပုံစံမိတ္တူကိုဖြစ်စေ သိလျက်နှင့် မှတ်ပုံတင်အရာရှိထံ အပ်နှံခြင်း၊

(ဂ) ဤဥပဒေအရဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်း ပြုရာတွင်ဖြစ်စေ၊ စာချုပ်စာတမ်းချုပ်ဆိုသူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ် မဟုတ်ဘဲ အယောင်ဆောင်၍ စာချုပ်တင်ပြခြင်း၊ ထွက်ဆိုချက်ပေးခြင်းနှင့် တစ်နည်းနည်းဖြင့် မမှန်မကန် ဆောင်ရွက်ခြင်း။

**အခန်း(၁၆)**

**ပြစ်ဒဏ်များ**

၇၄။ မည်သူမဆို ပုဒ်မ ၇၂ နှင့် ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၇၂ နှင့် ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို မူရင်းပြစ်မှုပါသတ်မှတ်ထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။

၇၆။ မည်သူမဆို တားမြစ်ချက်ပါ မျိုးတူပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အခန်း(၁၇)**

**အထွေထွေ**

၇၇။ မည်သည့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးကမဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့်တာဝန်ထမ်းဆောင်ရာ၌ ဥပဒေအရ ပေးအပ်ထားသော လုပ်ငန်းတာဝန်အရ ငြင်းဆိုခြင်း၊ စစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်ဆောင်ရွက်စေခြင်းတို့ကို အကြောင်းပြု၍ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၇၈။ တားမြစ်ချက်ပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းခံရသဖြင့် နစ်နာသူက တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုရာတွင် သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးသည် သက်သေအဖြစ် သက်သေခံခြင်းကိုဖြစ်စေ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများ၏ မိတ္တူမှန် အခမဲ့ထုတ်ပေးခြင်းကိုဖြစ်စေ ဆောင်ရွက်ရမည်။

၇၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် သေတမ်းစာမှတစ်ပါး အခြားစာရွက်စာတမ်းများကို ၂၄ လအတွင်း ပြန်လည်ရွေးယူခြင်းမရှိလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဖျက်ဆီးနိုင်သည်။

၈၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ဤဥပဒေနှင့်အညီ မှတ်ပုံတင်သည့်စာချုပ်စာတမ်းများသည် စာချုပ်စာတမ်းချုပ်ဆိုတင်ပြသူတို့၏ ထွက်ဆိုတင်ပြချက်များကို စိစစ်၍ မှတ်ပုံတင်သွင်းရခြင်းဖြစ်သဖြင့် ယင်းအရာရှိ၏ ဆောင်ရွက်ချက်ကို ခိုင်မာမှုမရှိဟု မှတ်ယူခြင်းမပြုရ။

၈၁။ ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အစိုးရပိုင်ပစ္စည်းအပ်နှံခံရသူအရာရှိ သို့မဟုတ် ပစ္စည်းထိန်းအရာရှိတို့သည် မိမိတို့၏တာဝန်အရချုပ်ဆိုသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသို့ မိမိတို့ကိုယ်တိုင် လာရောက်ခြင်းမှသော်လည်းကောင်း၊ မိမိ၏ကိုယ်စားလှယ်ကို စေလွှတ်ရခြင်းမှသော်လည်းကောင်း၊ ပုဒ်မ ၅၀ အရ လက်မှတ်ရေးထိုးရခြင်းမှသော်လည်းကောင်း ကင်းလွတ်ခွင့်ရှိသည်။

၈၂။ ပုဒ်မ ၈၁ အရ ချုပ်ဆိုသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ လိုအပ်လျှင် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက သက်ဆိုင်ရာ စာချုပ်စာတမ်းချုပ်ဆိုသူများအား အကြောင်းကြားမေးမြန်းနိုင်သည်။ စာချုပ်စာတမ်းချုပ်ဆိုကြောင်း ယုံကြည်လျှင် မှတ်ပုံတင်ပေးရမည်။

၈၃။ (က) တရားမကျင့်ထုံးဥပဒေအရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းရောင်းချကြောင်း သက်သေခံ လက်မှတ်ထုတ်ပေးသည့် တရားရုံးက ယင်းသက်သေခံလက်မှတ်မိတ္တူကို ပစ္စည်းတည်ရှိရာဒေသရှိ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ် စာတမ်းမှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) လေလံတင်ရောင်းချသော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ လေလံဆွဲ၍ ဝယ်ယူရရှိသူအားထုတ်ပေးသည့် ရောင်းချကြောင်း လက်မှတ်မိတ္တူကို သက်ဆိုင်ရာအရာရှိက ပစ္စည်းတည်ရှိရာဒေသ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ဂ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရပေးပို့သော တရားရုံး၏သက်သေခံလက်မှတ်မိတ္တူ သို့မဟုတ် ရောင်းချကြောင်း လက်မှတ်မိတ္တူကို သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် တွဲထားရမည်။

၈၄။ (က) စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရန် ဆောင်ရွက်နေစဉ် ကန့်ကွက်ချက်ရှိပါက ကန့်ကွက်သူကို ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာတရားရုံးက ထုတ်ပေးသည့် ယာယီတားဝရမ်း တင်ပြစေရမည်။ သတ်မှတ်ရက်အတွင်း တင်ပြနိုင်ခြင်းမရှိပါက စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောစာချုပ်များကို ပယ်ဖျက်လိုလျှင် ပယ်ဖျက်လိုသူက သီးခြားသက်သာခွင့်အက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ အဆိုပါစာချုပ်စာတမ်းကို ဖျက်သိမ်းပေးရန် သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားရမည်။

(ဂ) မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရလျှောက်ထားခြင်းအတွက် တရားရုံးကချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်တာဝန်ခံမိတ္တူကို လက်ခံရရှိလျှင် ယင်းဒီကရီ သို့မဟုတ် အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၈၅။ ဤဥပဒေဖြင့်ရုပ်သိမ်းသည့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ (THE REGISTRATION ACT, India Act 16, 1908, Vol.X) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ THE REGISTRATION ACT, (India Act 16, 1908, Vol.X) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များ စာအုပ်မိတ်ဆက်ပွဲ၊ စံပြဆေးရုံများဆုချီးမြှင့်ပွဲနှင့် ရှမ်းပြည်နယ်ကျန်းမာရေးသံတမန်ခန့်အပ်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၃**

ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များ စာအုပ်မိတ်ဆက်ပွဲ၊ စံပြဆေးရုံများ ဆုချီးမြှင့်ပွဲနှင့် ရှမ်းပြည်နယ် ကျန်းမာရေးသံတမန်ခန့်အပ်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ စာအုပ်မိတ်ဆက်ခြင်း အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ စာအုပ်မိတ်ဆက်ပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြပါရှိသည့် “ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြှင့်တင်ရန် ခိုင်မာသောအုတ်မြစ်ကို ချမှတ်နိုင်ခဲ့ပြီဟု မှတ်ယူရမည်” ဟုဆိုသည့် အတိုင်း ရှမ်းပြည်နယ် ပြည်သူလူထုအတွက်သာမက တစ်နိုင်ငံလုံးရှိ ပြည်သူအများအတွက် ကျန်းမာရေးအသိပညာတိုးမြှင့်ရေး ဆောင်ရွက်ပေးနိုင်မည့် အုတ်မြစ်ကောင်း ဖြစ်ပါကြောင်း။

ဤစာအုပ်ပါ ကျန်းမာရေးအချက်အလက်များသည် အခြေခံကျန်းမာရေးဝန်ထမ်းများမှ ပြည်သူလူထုအား အိမ်တိုင်ရာရောက် ကွင်းဆင်းရာတွင်လည်းကောင်း၊ ကျန်းမာရေးပညာပေးရာတွင် လည်းကောင်း ပြည်သူတို့အနေဖြင့် မည်သို့နေထိုင်ရမည်၊ မည်သို့စားသောက်ရမည်၊ ကျန်းမာရေးနှင့် ညီညွတ်အောင်ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပေးပြောကြားပေးနိုင်မည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ အကြောင်းအရာစုံလင်စွာ ပါရှိ၍ မှီငြမ်းကိုးကားနိုင်မည် ဖြစ်ပါကြောင်း။

ယခုစာအုပ်ကို တစ်နိုင်ငံလုံးရှိ အခြေခံကျန်းမာရေးဝန်ထမ်း ၃၀၀၀၀ ခန့်ထံ ဖြန့်ဝေပေးရန် စီစဉ်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် ပြည်နယ်များနှင့် ဝေးလံခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်နေသည့် အခြေခံကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးဖြန့်ဝေပေးနိုင်ရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊



ဤစာအုပ်ပါ အချက်အလက်များကို ကျေးရွာများတွင် မိတ်ဆွေများစကားဝိုင်း၊ မိသားစုစကားဝိုင်းများတွင် သားဖွားဆရာမများမှ ဦးဆောင်ဆွေးနွေးခြင်းဖြင့် ကျေးရွာရှိ ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားစေရေးဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ဤစာအုပ်ကို Tablet ဖုန်းများတွင် ထည့်သွင်းပြီး အခြေခံကျန်းမာရေးဝန်ထမ်းအားလုံးကို ယခုနှစ်အတွင်း ဖြန့်ဝေပေးသွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ Tablet ကို အသုံးပြုခြင်းဖြင့် ယခုမိတ်ဆက်သော စာအုပ်အပါအဝင် ကျန်းမာရေးဆိုင်ရာအခြားစာအုပ်မြောက်မြားစွာကို ထည့်သွင်းဖတ်ရှုနိုင်မည်ဖြစ်ကြောင်း၊ Tablet တွင် ကျန်းမာရေးဆိုင်ရာ အသုံးချဆော့ဖ်ဝဲ(လ်) (Apps)များ ထည့်သွင်းနိုင်ခြင်း၊ ဝန်ကြီးဌာန၏ Website များကို ကြည့်ရှု၍ ဝန်ကြီးဌာန၏ မူဝါဒများ၊ ဆောင်ရွက်နေသောလုပ်ငန်းများ၊ လုပ်ငန်းလမ်းညွှန်များ ရယူအသုံးပြုနိုင်ခြင်း၊ Online မှတစ်ဆင့် စာရင်းဇယားများ ပေးပို့နိုင်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ရှမ်းပြည်နယ် စံပြဆေးရုံများ ဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အကောင်းဆုံးစံပြမြို့နယ် ဆေးရုံဆုရ မြို့နယ်ဆေးရုံသုံးရုံ ဖြစ်သော ဖယ်ခုံမြို့နယ်ဆေးရုံ၊ မိုင်းတုံမြို့နယ်ဆေးရုံ၊ ကွတ်ခိုင်မြို့နယ်ဆေးရုံတို့ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အကောင်းဆုံးစံပြတိုက်နယ် ဆေးရုံဆုရ တိုက်နယ်ဆေးရုံသုံးရုံဖြစ်သော တီကျစ်တိုက်နယ်ဆေးရုံ၊ မိုင်းယုတိုက်နယ်ဆေးရုံနှင့် တာမိုးညဲတိုက်နယ်ဆေးရုံတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက စီမံအုပ်ချုပ်မှုဆိုင်ရာ အကောင်းဆုံး မြို့နယ်ဆေးရုံဆုရ ပင်းတယမြို့နယ်ဆေးရုံ၊ မိုင်းခတ်မြို့နယ်ဆေးရုံ၊ ကွမ်းလုံမြို့နယ် ဆေးရုံတို့အား လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က စီမံအုပ်ချုပ်မှုဆိုင်ရာ အကောင်းဆုံးတိုက်နယ်ဆေးရုံဆုရ ကျိုင်းတောင်းတိုက်နယ်ဆေးရုံ၊ တာလေတိုက်နယ်ဆေးရုံနှင့် နမ့်စလပ်တိုက်နယ်ဆေးရုံတို့အား လည်းကောင်း၊ ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ် ဒေါက်တာဝင်းဌေးအောင်က လူနာစိတ်ကျေနပ်မှု အကောင်းဆုံးမြို့နယ် ဆေးရုံဆုရ ဟိုပုံးမြို့နယ်ဆေးရုံ၊ မိုင်းဖြတ်မြို့နယ်ဆေးရုံနှင့် မိုးမိတ်မြို့နယ် ဆေးရုံတို့အား လည်းကောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က လူနာစိတ်ကျေနပ်မှု အကောင်းဆုံးတိုက်နယ်ဆေးရုံဆုရ အောင်ပန်းတိုက်နယ်ဆေးရုံ၊ ပုံပါကျင်တိုက်နယ်ဆေးရုံနှင့် နမ့်လန်တိုက်နယ်ဆေးရုံတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များနှင့် Software Application များ ထည့်သွင်းအသုံးပြုမည့် Tablets များအတွက် ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းက Tablets အလုံး ၁၀၀ အတွက် ငွေကျပ် သိန်း ၂၆၀၊ Medi-Tech Biz Co., Ltd မှ Tablets အလုံး ၅၀ အတွက် ငွေကျပ် သိန်း ၁၃၀ လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ Miss Golden Land Myanmar အလှမယ် ရှမ်းတိုင်းရင်းသူ နန်းမွေခမ်းအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ် ကျန်းမာရေးသံတမန် (Shan State Health Ambassador, 2018) အဖြစ် အသိအမှတ်ပြုတံဆိပ်နှင့် ခန့်အပ်လွှာကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နန်းရွှေမြင့်က အသိအမှတ်ပြုစလွယ်ကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထူးမြင့်ဆွေက ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ Software Application များထည့်သွင်းထားသည့် Tablet အသုံးပြုပုံအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် စျေးရောင်းပွဲတော် တတိယနေ့ တွင် စာတမ်းခုနစ်စောင်ဆက်လက်ဖတ်ကြား

**တောင်ကြီး မတ် ၂၃**

တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲ တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီက တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ စာတမ်းခုနစ်စောင် ဆက်လက်ဖတ်ကြားကြောင်း သိရသည်။

ရှေးဦးစွာ စာတမ်းဖတ်ပွဲသဘာပတိ ရှမ်းပြည်နယ် ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လီဆူတိုင်းရင်းသားလူမျိုးစုတို့၏ တိုင်းရင်းသားလီဆူလူမျိုးစု၊ လီဆူစာပေဖြစ်ပေါ်လာခြင်း စာပေစာတမ်းကို သိက္ခာတော်ရဆရာတော် ဦးဗျာဆီးကလည်းကောင်း၊ တိုင်းခမ်းတီ(ရှမ်း)တိုင်းရင်းသားလူမျိုးစုတို့၏ တိုင်းခမ်းတီ(ရှမ်း)လူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုစာတမ်းကို ဦးစောနွံ့ဌေးခွန်ကလည်းကောင်း၊ တိုင်းလိုင်(ရှမ်း)တိုင်းရင်းသားလူမျိုးစုတို့၏ ကချင်ပြည်နယ်ရှိ တိုင်းလိုင်(ရှမ်း) မျိုးနွယ်အကြောင်း သိကောင်းစရာစာတမ်းကို ဒေါ်နန်းခင်ပြုံးရည်ကလည်းကောင်း၊ တအာင်း(ပလောင်)တိုင်းရင်းသားလူမျိုးစုတို့၏ တအာင်း(ပလောင်)တိုင်းရင်းသားစာပေဆိုင်ရာစာတမ်းကို ဦးမိုင်းလှအောင်ကလည်းကောင်း၊ တိုင်းနေ(ရှမ်း)တိုင်းရင်းသားလူမျိုးစုတို့၏ တိုင်းနေရှမ်းတိုင်းရင်းသား လူမျိုးတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ စာတမ်းကို ဦးစိုင်းသိန်းလှိုင် ကလည်းကောင်း၊ တိုင်းဆာ(ခ)မိုင်းတာ တိုင်းရင်းသားလူမျိုးစုတို့၏ တိုင်းဆာ(ခ)မိုင်းတာတိုင်းရင်းသားလူမျိုးစုတို့၏ သိမှတ်ဖွယ်ရာအဖြာဖြာစာတမ်းကို ဦးစိုင်းမြင့်ကျော်ကလည်းကောင်း၊ ကချင်တိုင်းရင်းသားလူမျိုးစုတို့၏ ကချင်စာပေသမိုင်းစာတမ်းကို ဦးလှတောင်ကလည်းကောင်း အသီးသီးဖတ်ကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ စာတမ်းရှင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယနေ့စာတမ်းဖတ်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(မြန်/ဆက်)**



# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် မတ်လ ၉ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူ | စျေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၅ | စွယ်စုံသုတ အင်္ဂလိပ်စာ-၃ အရှေ့ပိုင်းနိုင်ငံများ | ဘဝသစ်ဦးအောင်ကျော် | ၄၀၀၀ | တူဒေး |
| ၂၆ | I Gave My life for Thee | San Shwe Mow | ၄၀၀၀ | စိတ်ကူးချိုချို |
| ၂၇ | ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ် (၁) | မိုးဇော်စိုး | ၁၅၀၀ | ပေရယ်ဦး |
| ၂၈ | လူမျိုးလည်းပြုန်း တိုင်းပြည်လည်းဆုံး | ငွေတာရာ (မြန်မာပြန်) | ၅၀၀၀ | စိတ်ကူးချိုချို |
| ၂၉ | နှစ်ယောက်လမ်းခေတ်ပေါ်ကဗျာ | ဝေယု၊ ဝိုင်ချို | ၂၀၀၀ | နှစ်ကာလများ |
| ၃၀ | အံ့ဆိုင်းခဲ့သောနှစ်များနောက် | မောင်နန္ဒ | ၂၀၀၀ | နှစ်ကာလများ |
| ၃၁ | ပင်လယ်ငွေဆောင် | ခင်အောင်အေး | ၂၀၀၀ | နှစ်ကာလများ |
| ၃၂ | မြို့ပြဝတ်ဆံ ကဗျာ (၈) ပုဒ် | ရင်နီ | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၃၃ | ဟောင်ကောင်နွေဦးညများ | ကျော်အောင် | ၄၀၀၀ | Smart စာပေ |
| ၃၄ | သိအောင် စာဖတ်ရတယ် | မောင်သာနိုး | ၂၈၀၀ | စိတ်ကူးချိုချို |
| ၃၅ | ဆာရီရယ်လစ်ဇင် မော်ဒန်ပန်းချီလှုပ်ရှားမှုများ | လှိုင်ဘွား | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၆ | အပြုံးသဘော အတွေးစွမ်းအား | မြသင်းကြည် | ၁၂၀၀ | ခုနစ်စင်ကြယ် |
| ၃၇ | လာလေ စောစောသွားမှ နေရာရမည် | ကျောင်းကုန်းညှော့မှူး | ၂၅၀၀ | ယဉ်မျိုး |
| ၃၈ | ဆုတောင်းကောင်းနဲ့လာတဲ့သူ | လရောင်ကျူးရင့် | ၃၀၀၀ | ပတ္တမြားစာပေ |
| ၃၉ | ဘုန်းကြီးနားလေးတစ်ပါး၏ ဘဝကောက်ကြောင်း တစေ့တစောင်း | အရှင်ပညာသီရိ | ၂၅၀၀ | ဓမ္မခေါင်းလောင်း |
| ၄၀ | ၂၀၁၈ ကဗျာနေ့အမှတ်တရကဗျာများ | ကလောင်စုံ | ၂၅၀၀ | နှစ်ကာလများ |
| ၄၁ | ကမ္ဘာ့ကဗျာနေ့ ၂၁ မတ် - ၂၀၁၈ | ကလောင်စုံ | ၂၀၀၀ | နှစ်ကာလများ |
| ၄၂ | ရှေ့ဆုံးကလူ ဝတ္ထုတိုများ | မောင်သစ်ဆင်း | ၃၀၀၀ | နှစ်ကာလများ |
| ၄၃ | အနွတို့ရဲ့သုခဘုံ | ဝေယံဘုန်း | ၄၅၀၀ | ငါတို့စာပေ |
| ၄၄ | မိမိကိုယ်ကို သတ်သေသူများ | ဒေါက်တာမတင်ဝင်း | ၁၅၀၀ | နန့်ချစ်ကြည် |
| ၄၅ | မြန်မာနိုင်ငံရေး ပန်းချီထဲက ဒေါ်အောင်ဆန်းစုကြည် | မောင်ဆန်းကြည် | ၆၅၀၀ | ကိုနေမန်း စာပေ |
| ၄၆ | သက်တန့်၏ရေသောက်မြစ်များ | ချင်းတွင်း၊ ငဖေလ၊ လူသစ် | ၂၅၀၀ | နေရီရီ |
| ၄၇ | မခမ်းနားသောအလွမ်းအိပ်မက်များ | မိုးကျော် | ၂၀၀၀ | နေရီရီ |
| ၄၈ | မြန်မာ့ဒီမိုကရေစီပုံစံသစ် အထင်ကရ ဖြစ်ရပ်များ | နောင်ရဲဦး | ၃၀၀၀ | လထက်နေစာပေ |

## မှုခင်းသတင်းများ

### ရသေ့တောင်မြို့နယ် အငူမော်-မောင်တောသွားလမ်းဂိတ်၌ မူးယစ်ဆေးဝါးဟု ယူဆရသော ဆေးပြားများ ဖမ်းဆီးရမိ

**ရသေ့တောင် မတ် ၂၃**

ရသေ့တောင်မြို့နယ် အငူမော်ကျေးရွာ အငူမော်-မောင်တောသွားလမ်းဂိတ်များ၌ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးရန် တာဝန်ပေးအပ်ချက်အရ မတ် ၂၂ ရက် ညနေ ၅ နာရီခန့်က ရသေ့တောင်မြို့မြို့မရဲစခန်းမှ ရဲအုပ်အောင်ကျော်တင့်နှင့်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အငူမော်ကျေးရွာကားဂိတ်တွင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှု ပြုလုပ်သည်။ ယင်းသို့ရှာဖွေစစ်ဆေးစဉ် စစ်တွေမြို့ ရေချမ်းပြင်ဆိပ်ကမ်းမှ အငူမော်ကမ်းသို့ ဇက်ဖြင့်ကူးကာ အငူမော်မှ မောင်တောသို့ထွက်ခွာမည့်ယာဉ် ယာဉ်မောင်း အောင်သူနိုင်နှင့် ယာဉ်နောက်လိုက် ထက်ငြိမ်းကို၊ ခရီးသည်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး တင်ဆောင်ထားသည့်ခရီးသည်တင်ယာဉ်အမှတ် 6M/. . . . စတားရက်ယာဉ်ပေါ်မှ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသည့်အိတ်အတွင်းမှ မူးယစ်ဆေးဝါးဟုယူဆရသော စုစုပေါင်းဆေးပြား ၈၁၅၁၀၀ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၆၃၀၂ သိန်းခန့် သိမ်းဆည်းရမိပြီး နမစ(စေတီပြင်ရဲစခန်း)၌ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

## ပျဉ်းမနားမြို့နယ် ကြံဘိုစုကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**ပျဉ်းမနား မတ် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု ကြံဘိုစုကျေးရွာ၌ ယနေ့မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာကြိုးအပူလွန်ကဲရာမှ နေအိမ်ခြောက်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၃ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ကြံဘိုစုကျေးရွာနေ ဦးလှထွန်း၏ နေအိမ် (ပျဉ်ခင်း၊ ထရံကာ၊ သက်ငယ်မိုး)တွင် အသုံးပြုလျက်ရှိသည့် ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာကြိုးအပူလွန်ကဲရာမှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ ပျဉ်ခင်း၊ ထရံကာ အိမ်ငါးလုံး အပါအဝင် စုစုပေါင်း လူနေအိမ် ခြောက်လုံး



မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ နေပြည်တော်မီးသတ်ဦးစီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် မီးသတ်စခန်းမှ သန္နွေတပ်ဖွဲ့ဝင် ၂၇ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးသတ်ယာဉ်ခြောက်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ကျေးရွာနေပြည်သူများနှင့်အတူ ပူးပေါင်း၍ မီးငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **စိုးမိုး(မြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ်လ ၂၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြခဲ့သော ဦးဟန်ညွှန့် (ဥပဒေ)၏ "အဂတိမှုနှင့်ကုလသမဂ္ဂ"ဆောင်းပါးတွင် U.N.E.A.E **အစား** U.N.C.A.C ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မတ် ၂၃**

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# အသက်နှစ်နှစ်ခွဲအရွယ်ရှိ မိန်းကလေးငယ်ကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သူအား သေဒဏ်အမိန့်ချ

**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်တရားရုံးတွင် အသက်နှစ်နှစ်ခွဲအရွယ်ရှိ မိန်းကလေးငယ်ကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့မှုဖြင့် မတ္တရာမြို့နယ် ရေနံ့သာရဲစခန်း (ပ)၂၆/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၀၂ ဖြင့် အမှုဖွင့်တရားစွဲဆိုထားသည့် အမှုမှ တရားခံ မတ္တရာမြို့နယ် ဝန်စုကျေးရွာနေ ဖြိုးထက်အောင် (၂၅ နှစ်)အား ပြစ်မှုထင်ရှားပေါ်ပေါက်သဖြင့် မသေမချင်း ကြိုးကွင်းစွပ်သတ်ရန် မတ် ၂၃ ရက် နံနက်ပိုင်းတွင် တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အမှုမှ ဖြိုးထက်အောင်သည် ဖေဖော်ဝါရီ ၁၃ ရက်က မတ္တရာမြို့နယ် ဥဒိန်ကျေးရွာအုပ်စု မြွေကူးတို့ဆိပ်ရွာနေ မိဘများနှင့်အတူ ဝန်စုတောတန်းသို့ ထင်းတင်သွားစဉ် လိုက်ပါလာသည့် အသက်နှစ်နှစ်ခွဲအရွယ်ရှိ မစံရတီမြင့်အား မိဘများ ထင်းတင်နေစဉ် စိန်ပန်းပင်ကြိုးပေါက်ချောင်းအရှေ့ဘက် ငှက်ပျောတောထဲသို့ ခေါ်ယူသွားပြီး သားမယားအဖြစ် ပြုကျင့်ခဲ့ခြင်းဖြစ်ပြီး ကလေးမိဘများက လိုက်လံရှာဖွေခဲ့ရာ ကလေးနှင့်အတူ ဖြိုးထက်အောင်အား တွေ့ရှိရသည်။

မိန်းကလေးငယ်မှာ နှုတ်ခမ်းများပြာနှမ်းနေပြီး ခေါ်၍မရ၊ အသက်လည်းမရှူတော့သဖြင့် ဖခင်ဖြစ်သူက ရှေးဦးပြုစုနည်းများဖြင့် ပြုစုကာ မတ္တရာဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း မိန်းကလေးငယ်မှာ ဆေးရုံသို့ တင်ပို့စဉ်ကပင် အသက်သေဆုံးလျက်ရှိကြောင်း သိရသဖြင့် ဖြိုးထက်အောင်ကို ရေနံ့သာရဲစခန်း၌ အမှုဖွင့်အရေးယူခဲ့ခြင်းဖြစ်သည်။ ဖြိုးထက်အောင်ကို မတ် ၁၂ ရက်က ပထမဦးဆုံးအကြိမ် ရုံးထုတ်ခဲ့ပြီး တရားရုံးမှ ရာကြီးမှုအမှတ် (၃၉/၂၀၁၈)ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

ယင်းအမှုကို ငါးကြိမ်မြောက်စစ်ဆေးမှုများအပြီး မတ် ၂၂ ရက်က ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ဂ) ဖြင့် စွဲချက်တင် အမိန့်ချခဲ့ကာ မတ် ၂၃ ရက်တွင် တရားရုံးထုတ်စစ်ဆေးရာ၌ အပြီးသတ် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**အောင်စံမောင်**

# ဓမ္မာစရိယစာမေးပွဲ တတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (တတိယနေ့)ကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် ဖြေဆိုကြရာ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၇၆၈ ပါးအနက် ၁၄၄၂ ပါး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၅၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၄ -၃-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန် အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၃၈)
- ၁၀း၃၀ - လုံမမှတ်စု (အပိုင်း-၃၀)
- ၁၀း၅၅ - NHK Programme **Pythatora Switch 2** (Part and the whole) (တစ်စိတ်တစ်ပိုင်းနှင့် တစ်ခုလုံး)
- ၁၁း၀၅ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး **လက်တွေ့အသုံးချ ဆေးနည်းတိုများ** (အပိုင်း-၂၁)
- ၁၃း၀၀ - **၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ထုတ်လွှင့်မှုအစီအစဉ်**

**ညပိုင်း**

- ၁၈း၃၅ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်** (အပိုင်း-၇၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - Big Step (15) (ထက်အောင်)
- \- ကလေးစာပေပွဲတော် စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲ (ကဗျာဆရာ-မင်းနဒီ) (မန္တလေး)
- \- **လေဘာတီမမြရင် နှစ် ၁၀၀ ပြည့် မန္တလေးအငြိမ့် အလွမ်းပြေ** မင်းသမီး- ယမင်းအောင်၊ လူရွှင်တော်-ပေါ်စံ၊ သိန်းစုု၊ ဒီပါ၊ ချစ်စရာ)

# MMA လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံအောင်လအန်ဆန်အား ဂုဏ်ပြုပွဲကျင်းပ

**မြစ်ကြီးနား မတ် ၂၃**

MMA လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ မြန်မာပြည်ဖွား ကချင်တိုင်းရင်းသား အောင်လအန်ဆန်အား ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုသည့်အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှိ မလိခ ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။



ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၅၀ ကို နိုင်ငံ့ဂုဏ်ဆောင် MMA လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်အား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ခဲ့ပြီး MMA လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်မှ ပြည်ပသို့ထွက်ခွာစဉ် ရည်ရွယ်ချက်တစ်မျိုးဖြင့် သွားရောက်ခဲ့သော်လည်း ၂၀၀၅ ခုနှစ်မှ စတင်ကာ MMA အားကစားလောကသို့ စတင်ချင်းနင်းဝင်ရောက်ခဲ့ကြောင်း၊ အားကစားလောကတွင် အခက်အခဲမျိုးစုံဖြင့် တွေ့ကြုံခဲ့ရပြီး မလျှော့သောဇွဲလုံ့လဖြင့် အခက်အခဲမျိုးစုံအား ရင်ဆိုင်ကျော်ဖြတ်ကာ ယခုကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ အဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပပေးသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာရှိလှပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၃**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ ပျဉ်းမနားမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၄၄ လက်မ၊ လောင်းလုံးမြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**နည်းပြ(အား/ကာ)(လစာနှုန်း-၁၈၀၀၀၀/-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများ လျှောက်လွှာခေါ်ယူခြင်းနှင့်ပတ်သက်၍ ပြင်ဆင်ချက်**

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် လစ်လပ်လျက်ရှိသော နည်းပြ(အား/ကာ) (လစာနှုန်း-၁၈၀၀၀၀/-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများ ဖြည့်စွက်ခန့်ထားရန် ၂၂-၃-၂၀၁၈ ရက် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာချက်ပါ အပိုဒ်၄၊ အပိုဒ် ခွဲ(ဃ)ပါ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း **စာသားအစား အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်းဟူသောစာသားဖြင့် ပြင်ဆင်ပါကြောင်း။**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စောတာဒူး ၃/ဘအန (နိုင်) ၃၆၈၂၆၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၈၅၉၇၈**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၁-၃-၂၀၁၈ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၅)တွင် ပါရှိသော အများသိစေရန် အသိပေးကြော်ငြာချက်ကြော်ငြာတွင် ဧရိယာ ၀ ဒသမ ၀၃ ဧကအစား ၁ ဒသမ ၀၃ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။




# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်ချက်များချမှတ်နိုင်

**ရန်ကုန် မတ် ၂၃**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ပြုလုပ်ကျင်းပခဲ့သည်။

သုံးရက်တာ အစည်းအဝေးတွင် (၁၄)ကြိမ်မြောက်နှင့် (၁၅) ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအားဆွေးနွေးခြင်း၊ JMC တွင် မွန်ပြည်သစ်ပါတီ (NMSP) ပါဝင်နိုင်ရေးကိစ္စ ဆွေးနွေးခြင်း၊ ဖာပွန်ဒေသတွင်ဖြစ်ပွားခဲ့သည့် တပ်မတော်နှင့် KNU တပ်မဟာ ၅ တို့၏ ထိတွေ့မှုဖြစ်စဉ်များ ညှိနှိုင်းဆွေးနွေးခြင်း၊ တတိယအကြိမ် JMC အရပ်သားကိုယ်စားလှယ်များတွေ့ဆုံပွဲ ဆုံးဖြတ်ချက်များနှင့် JMC-U မှ မူဝါဒချမှတ်ပေးရမည့် အကြောင်းအရာများကိုဆွေးနွေးခြင်း၊ ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) များတိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ ဒေသခံအရပ်သားစောင့်ကြည့်သူများ (LCM) ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ UNDP နှင့် JMC တို့၏ ရန်ပုံငွေစီးဆင်းမှုကိစ္စရပ်များ ဆွေးနွေးခြင်း၊ JMC Conference အစည်းအဝေးအတွက် နေ့ရက်၊ နေရာသတ်မှတ်ခြင်းနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ယခုအစည်းအဝေးတွင် မွန်ပြည်သစ်ပါတီ(NMSP) မှ နိုင်လယီကောင်းအား ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)တွင် အဖွဲ့ဝင်အဖြစ် ဆုံးဖြတ်ခဲ့ပြီး NMSP သည် ပြည်နယ်နှင့်တိုင်းအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ( JMC-S ) တွင် ပါဝင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

တတိယနေ့အစည်းအဝေးအပြီးတွင် JMC-U အတွင်းရေးမှူး(၂)ဗိုလ်မှူးကြီး ဝဏ္ဏအောင်က " ဒီနေ့ တတိယမြောက်နေ့မှာ ဆက်လက်ဆွေးနွေးဖြစ်တာကတော့ ဒေသခံအရပ်သားစောင့်ကြည့်သူများ(LCM)တွေဖွဲ့စည်းနိုင်ရေးကို ဆွေးနွေးဖြစ်ပါတယ်၊ LCM တွေဖွဲ့စည်းဖို့ကို တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် JMC-S ရုံးတွေက စတင်ဆောင်ရွက်ရမှာပါ၊ သူတို့အနေနဲ့ ဘယ်လိုဆက်လက်ဆောင်ရွက်မလဲဆိုတာကို သူတို့ဘာသာ လိုအပ်ချက်အရ ညှိနှိုင်းပြီး အခြေအနေကို JMC-U ကို ပြန်တင်ပြရမှာပါ၊ ဒီညှိနှိုင်းတင်ပြချက်တွေအပေါ်မှာ JMC-U က သဘောတူတယ်ဆိုရင်တော့ ဆက်ပြီး ဆောင်ရွက်သွားရုံပါပဲ၊ ဒီလိုစတင်ရမယ့်ကိစ္စတွေကို ဆက်လက်ဆွေးနွေးဖြစ်ပါတယ်၊ ဒေသအဆင့် JMC-L ရုံးကိုလည်း တပ်မတော်အနေနဲ့ ရော အစိုးရဘက်ကပါ လုပ်ငန်းတာဝန်တွေ၊ အသုံးဝင်မှုတွေ အားလုံးကောင်းအောင်ဆွေးနွေး လိုက်တာရှိတယ်၊ အသစ်ဖွဲ့စည်းဖို့တော့ ဆက်လက်ညှိနှိုင်းသွားရမယ်"ဟု ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ညီလာခံ (JMC Conference ) ကို ၂၀၁၈၊ မေလ ဒုတိယပတ်တွင် ရန်ကုန်မြို့၌ ကျင်းပရန်ဆုံးဖြတ်ခဲ့ပြီး (၁၆) ကြိမ်မြောက် JMC-U အစည်းအဝေးကိုလည်း တစ်ဆက်တည်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းကို ယနေ့အစည်းအဝေးအပြီးတွင် ဆုံးဖြတ်ခဲ့ကြသည်။

ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဒေါက်တာရွှေခါးရဲက "JMC-L ကို အစကတစ်နှစ်အတွင်းမှာ ၁၀ ခုဖွင့်နိုင်အောင်ဆိုပေမယ့် နှစ်ခုပဲ ဖွင့်နိုင်ပါသေးတယ်၊ ဆက်လက်ပြီး ဖွဲ့နိုင်အောင်လည်း ကြိုးစားရဦးမှာပါ၊ နံပါတ်တစ်အနေနဲ့ ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ JMC-L တွေကို ခိုင်မာစေချင်တယ်၊ အဲဒီလိုလုပ်ပြီးမှ နောက်ထပ် JMC-L တွေကို ထပ်မံဖွဲ့စည်းဖို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောသည်။

ဒေသခံအရပ်သားစောင့်ကြည့်သူများ (LCM) ဖွဲ့စည်းရာတွင် အရပ်သားများကသာ ရွေးချယ်ပေးရမည်ဖြစ်ပြီး ရပ်ရွာတစ်ခုလျှင် အများဆုံး ငါးဦးအထိ ပါဝင်ဖွဲ့စည်းခွင့်ရမည်ဖြစ်သည်။

"ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) ကို ရပ်ရွာရပ်ကွက်တစ်ခုမှာ အများဆုံးငါးဦးပေါ့၊ ဒါကို အရပ်သားကိုယ်စားလှယ်ကနေပဲ တိတ်တဆိတ်ရွေးချယ်ရမယ်၊ အဲ့ဒီလို ရွေးချယ်နိုင်အောင် JMC-L ကနေ ကမကထ ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်၊ ပြည်သူကရွေးချယ်ထားတဲ့ အရပ်သားကိုယ်စားလှယ်ကပဲ စောင့်ကြည့်ရမှာပါ၊ ဒါပေမယ့် သတ်မှတ်တဲ့ အရည်အချင်းတော့ သတ်မှတ်ထားတာရှိပါတယ်"ဟု ဒေါက်တာရွှေခါးရဲက ပြောသည်။

**ရဲခေါင်ညွန့်**

## KBZ Bank Women's League ပြိုင်ပွဲ ဒုတိယအကျော့ မတ် ၂၈ ရက် စတင်မည်

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီ မှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို မတ် ၂၈ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဒုတိယအကျော့ပွဲစဉ်များကို မတ်လမှ ဩဂုတ်လအထိ ကျင်းပမည်ဖြစ်ပြီး သင်္ကြန်မတိုင်မီ ပွဲစဉ်နှစ်ခု ကျင်းပမည်ဖြစ်ကာ လက်ကျန်ပွဲများကို ဇူလိုင်လမှ ပြန်လည်ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လေ့ကျင့်ပြင်ဆင်ချိန်ရရှိရန် ဧပြီ ၆ ရက်ပွဲစဉ်များအပြီးတွင် ခေတ္တရပ်နားမည်ဖြစ်သည်။ ယခုရာသီ KBZ Bank Women's League ပြိုင်ပွဲ ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး မြဝတီအသင်းက ဂိုးကွာခြားချက်အသာဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။ ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ မြဝတီနှင့် သစ္စာအားမာန်အသင်းက ၁၉ မှတ်စီ၊ အားကစားနှင့် ကာယ ပညာဦးစီးဌာနအသင်းက ၁၅ မှတ်၊ YREO အသင်းနှင့် ဇွဲကပင်အသင်းတို့က ရှစ်မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ငါးမှတ်၊ ဂန္ဓမာအသင်းက လေးမှတ်၊ တက္ကသိုလ်အသင်းက တစ်မှတ်ရထားသည်။

ဒုတိယအကျော့အဖွင့်ပွဲအဖြစ် မတ် ၂၈ ရက်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းနှင့် YREO အသင်း၊ မတ် ၂၉ ရက်တွင် ဂန္ဓမာအသင်းနှင့် မြဝတီအသင်း၊ မတ် ၃၀ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် ဇွဲကပင်အသင်း၊ မတ် ၃၁ ရက်တွင် သစ္စာအားမာန်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမှတ်တူဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည့် မြဝတီအသင်းနှင့် သစ္စာအားမာန်တို့မှာ နောက်ဆုံးပွဲမှသာ ထိပ်တိုက်တွေ့ဆုံနေသည်။ **ညီမြတ်သော်တာ**

## ဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲ နောက်တစ်ဆင့်တက်ရောက်သည့်အသင်းများ ထွက်ပေါ်

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ နောက်တစ်ဆင့် တက်ရောက်သည့် အသင်းများ ထွက်ပေါ်လာသည်။

ယနေ့ကျင်းပသည့်ပွဲများတွင် Panda အသင်းက YTD အသင်းကို ၁၁ ဂိုး-လေးဂိုး၊ Titans XII အသင်းက MMU Exclamation အသင်းကို ငါးဂိုး-တစ်ဂိုး၊ Futsal Club Brotherအသင်းက Mariners အသင်းကို ၁၄ ဂိုး-လေးဂိုး၊ MIC အသင်းက Dala United အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ Winner FC အသင်းက 14/15 FC အသင်းကို ၁၂ ဂိုး-လေးဂိုး၊ VUC အသင်းက ရွှေသီဟအသင်းကို ၁၈ ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယနေ့ ပွဲစဉ်များအတွက် တစ်ပွဲချင်းစီအလိုက် ချီးမြှင့်သော အကောင်းဆုံးကစားသမားဆုများကို Panda အသင်းမှ ကောင်းထက်ကျော်၊ Titans XII အသင်းမှ ပြည့်ဖြိုးမောင်၊ MIC အသင်းမှ နိုင်ရဲကျော်၊ Winner အသင်းမှ စိုးမင်းထက်နှင့် VUC အသင်းမှ ငြိမ်းမင်းစိုးတို့က ရရှိခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု (က) မှ GV Athletic အသင်းနှင့် မြို့မလုသီတာအသင်း၊ အုပ်စု (ခ) မှ Zombie အသင်းနှင့် Best Friends အသင်း၊ အုပ်စု (ဂ) မှ RDZ အသင်းနှင့် UPT အသင်း၊ အုပ်စု (ဃ) မှ Bo 1000 အသင်းနှင့် MIC Legend အသင်း၊ အုပ်စု(င)မှ Comrade အသင်းနှင့် UM အသင်း၊ အုပ်စု (စ) မှ Titans XII အသင်းနှင့် MMU Exclamation အသင်း၊ အုပ်စု (ဆ) မှ MIC အသင်းနှင့် Dala United အသင်း၊ အုပ်စု (ဇ) မှ VUC အသင်းနှင့် Winner အသင်းတို့ နောက်တစ်ဆင့်တက်ရောက်သွားသည်။ အုပ်စုနောက်ဆုံးပွဲများကို မတ် ၂၄ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ယခုပွဲအပြီးတွင် အသင်းများ စုံလင်စွာ ထွက်ပေါ်လာမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတော်၏ ဘတ်ဂျက်တွင်ပါဝင်

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ- SEE ၏ ရငွေ၊ သုံးငွေစာရင်းအားလုံးသည် နိုင်ငံတော်၏ ဘတ်ဂျက်တွင် ပါဝင်ပါသည်။ ပြည်ထောင်စုအစိုးရ၏ ရငွေ၊ သုံးငွေများအတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (Union Fund Account-UFA) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (Union Government Deposit Account-UGDA) ဟူ၍ ဖွင့်လှစ်ဆောင်ရွက်ရပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို လစဉ်စာရင်းပေါင်းချုပ် ကိုက်ညှိခြင်းနှင့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းကို လစဉ်ကိုက်ညှိ၍ လချုပ်ချုပ်ဆိုခြင်းတို့ကို မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ဦးစီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က ဆောင်ရွက်ပါသည်။

## နိုင်ငံတကာသတင်း

## မိုဂါဒစ်ရှုးရှိ ဟိုတယ်တစ်ခု၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ လူ ၁၄ ဦး ထက်မနည်း သေဆုံး

**မိုဂါဒစ်ရှုး မတ် ၂၃**

ဆိုမာလီမြို့တော် မိုဂါဒစ်ရှုးရှိ နာမည်ကြီးဟိုတယ်တစ်ခု၏ အပြင်ဘက်တွင် မတ် ၂၂ ရက်က ဗုံးခွဲတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ လူ ၁၄ ဦးထက်မနည်းသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်ဘ်ဒီယာဇစ် အလီအီဘရာဟင်က ဗုံးပေါက်ကွဲမှုကြောင့် ဝါလီရီဟိုတယ်ထိခိုက်ခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားအတော်များများ ထိခိုက်ခဲ့ကြောင်း၊ အများစုမှာ ဟိုတယ်အပြင်ဘက်ရှိ လမ်းဘေးဈေးသည်များဖြစ်ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် စုစုပေါင်း ၁၄ ဦး သေဆုံးခဲ့သည်ကို အတည်ပြုနိုင်ခဲ့ကြောင်းငင်းက သတင်းထောက်များကို ပြောခဲ့သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် ဟိုတယ်သည် လူစည်ကားရာ မာကာအယ်လ်မူကာရာမာလမ်းတွင် တည်ရှိပြီး လုံခြုံရေးအရာရှိများနှင့် အဆင့်မြင့်အစိုးရအရာရှိများ မကြာခဏတည်းခိုသော ဟိုတယ်တစ်ခုဖြစ်ကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှုကြောင့် အပြင်းအထန် ဒဏ်ရာရရှိသူအရေအတွက်များကာ သေဆုံးသူဦးရေမှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် မာကာအယ်လ်မူကာရာမာလမ်းပေါ်ရှိ အခြားသူများ၏ အသက်အိုးအိမ်စည်းစိမ်များလည်း စိုးရိမ်ခဲ့ရကြောင်း၊ ပေါက်ကွဲမှုမှာ အလွန်ပြင်းထန်ကြောင်း၊ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတစ်ခုလုံး မီးခိုးများဖြင့် ဖုံးလွှမ်းသွားခဲ့ကြောင်း မျက်မြင်သက်သေများက ဆက်လက်ပြောကြားခဲ့သည်။ အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကို မည်သည့်အဖွဲ့က ပြုလုပ်ခဲ့သည်ဆိုသည်ကို ယခုအချိန်အထိ မသိရသေးချေ။ သို့သော်လည်းအယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများက အဆိုပါ တိုက်ခိုက်မှု၏ နောက်ကွယ်တွင် ရှိနိုင်ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

## အမေရိကန်သမ္မတ၏ အမျိုးသားလုံခြုံရေး အကြံပေးနေရာတွင် ဂျွန်ဘော်တန်ကို ခန့်အပ်

**ဝါရှင်တန် မတ် ၂၃**




အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၎င်းအနေဖြင့် အမျိုးသားလုံခြုံရေး အကြံပေး အိတ်ချ်အာရ် မက်မာစတာ၏ နေရာတွင် ကုလသမဂ္ဂဆိုင်ရာ ယခင် သံအမတ်ကြီး ဂျွန်ဘော်တန်နှင့် အစားထိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျွန်ဘော်တန်အနေဖြင့် ဧပြီ ၉ ရက်တွင် ၎င်း၏ တာဝန်များကို စတင်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ထရန့်က ပြောခဲ့သည်။

ဘော်တန်သည် ယခင်အမေရိကန်သမ္မတ ဂျော့ဂ်ျ ဒဗလျူဘုတ်ရှ်လက်ထက်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန်အဖြစ် တာဝန်ဆောင်ရွက်ခဲ့ဖူးသည်။

၎င်းသည် သံခင်းတမန်ခင်းနှင့် လုံခြုံရေးတွင် စူးရှသည့်အမြင်ကြောင့် ကျော်ကြားခဲ့သည်။

လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလတွင် မိုက်ကယ်ဖလင်း နုတ်ထွက်သွားပြီးနောက် မက်မာစတာကို ခန့်အပ်ခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မက်မာစတာတို့အကြား ဆက်ဆံရေးမှာ လအတော်ကြာအောင် ဆိုးရွားလာခဲ့သည်။

ဘော်တန်သည် တတိယမြောက်ခန့်အပ်ခဲ့သော အမျိုးသားလုံခြုံရေး အကြံပေးတစ်ဦးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ပါရှန်းနှစ်သစ်ကူးအချိန်တွင် ကဘူးလ်၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုကြောင့် ၂၆ ဦးသေဆုံး

ကဘူးလ် မတ် ၂၃

ပါရှန်းနှစ်သစ်ကူးနေ့တွင် အာဖဂန်မြို့တော်အတွင်း၌ အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ လူ ၂၆ ဦးသေဆုံးသွားကြောင်း သိရသည်။

အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တိုက်ခိုက်မှုသည် ကဘူးလ်မြို့ရှိယာအဆောက်အအုံအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၈ ဦးရှိကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။ ဗုဒ္ဓဟူးနေ့သည် ပါရှန်းပြက္ခဒိန်၌ ရိုးရာနှစ်သစ်ကူးနေ့ ဖြစ်သည်။

အခင်းဖြစ်ပွားရာနေရာ၌ နှစ်သစ်ကူးဆုတောင်းဝတ်ပြုသူများသည် ဆုတောင်းဝတ်ပြုရာ အဆောက်အအုံဆီသို့ ဦးတည်သွားလာနေခဲ့ကြသည်။ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအုပ်စုက ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အာမက်သတင်းအေဂျင်စီက ဖော်ပြထားသည်။ အာမက်သည် အဆိုပါ စစ်သွေးကြွအုပ်စုနှင့်ဆက်နွှယ်နေသည့် သတင်းမီဒီယာဖြစ်သည်။ အိုင်အက်စ်အစွန်းရောက်အဖွဲ့က လူနည်းစုရှီယာများကို ယုံကြည်ကိုးကွယ်မှု မရှိသူများအဖြစ် ထင်မြင်ယူဆထားသည်။

အင်န်အိတ်ချ်ကေ

### လာမည့်သီတင်းပတ်၌ ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲများကျင်းပရန် တောင်ကိုရီးယားကမ်းလှမ်း

ဆိုးလ် မတ် ၂၃

တောင်ကိုရီးယား အစိုးရအဖွဲ့သည် တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲကျင်းပရန် စီစဉ်ထားမှုနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ဆွေးနွေးကြရန်အတွက် လာမည့်ရက်သတ္တပတ်တွင် မြောက်ကိုရီးယားနှင့် ဝန်ကြီးများအဆင့်ဆွေးနွေးပွဲများ ကျင်းပသွားရန် ကမ်းလှမ်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံတို့သည် လာမည့် ဧပြီလနှောင်းပိုင်းတွင် တောင်ကိုရီးယားဘက်အခြမ်းရှိ ပန်မန်ဂျွန်အပစ်အခတ်ရပ်စဲရေးကျေးရွာ၌ နှစ်နိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကျင်းပရန် သဘောတူညီခဲ့သည်။ ယင်းထိပ်သီးဆွေးနွေးပွဲသည် ၁၀ နှစ်ကျော်အတွင်း ပထမဆုံးအကြိမ် ဆွေးနွေးပွဲဖြစ်လာမည် ဖြစ်သည်။

တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက မတ် ၂၉ ရက်တွင် ဝန်ကြီးများအဆင့် ဆွေးနွေးပွဲကျင်းပရန် ကမ်းလှမ်းထားကြောင်း ကြာသပတေးနေ့က ကြေညာခဲ့သည်။ ထိပ်သီးအစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် အစီအစဉ်များကို ဆွေးနွေးသွားကြမည်ဟု မျှော်လင့်ရသည်။

အင်န်အိတ်ချ်ကေ

# Uber ကားကုမ္ပဏီကို အကျပ်ရိုက်သွားစေခဲ့တဲ့ ယာဉ်တိုက်မှု

**ကလျာမိုးမြင့်**




ယခုရက်ပိုင်းအတွင်း Uber ကားကုမ္ပဏီမှာ ဂယက်ထစရာအခြေအနေတစ်ခု မမျှော်လင့်ဘဲ ပေါ်ပေါက်ခဲ့ပါတယ်။ အလိုအလျောက်မောင်းနှင်တဲ့စနစ်နဲ့ Uber ကားတစ်စီးဟာ လမ်းသွားလမ်းလာ အမျိုးသမီးတစ်ဦးကို ဝင်တိုက်ခဲ့မိလို့ ဖြစ်ပါတယ်။ အရီဇိုးနားမှာ ဖြစ်ပွားခဲ့တဲ့ အဲဒီယာဉ်တိုက်မှုမှာ အသက် ၄၉ နှစ်ရှိပြီဖြစ်တဲ့ Elaine Herzberg ဟာ ကံမကောင်းစွာနဲ့ပဲ သေဆုံးသွားခဲ့ရပါတယ်။ ဒီကိစ္စဖြစ်သွားပြီးတဲ့နောက်မှာ သေဆုံးသူရဲ့ မိတ်ဆွေတွေက သက်ဆိုင်ရာကုမ္ပဏီဟာ နောက်ဆက်တွဲပြဿနာတွေကို ရင်ဆိုင်သင့်တယ်လို့ ငြင်းခုံခဲ့ပြီး အလိုအလျောက်မောင်းစနစ်နဲ့ ကားတွေကို အများပြည်သူပိုင်လမ်းတွေပေါ်မှာ စမ်းသပ်မောင်းနှင်စေဖို့ တိုက်တွန်းခဲ့တဲ့အတွက် အာဏာပိုင်တွေကို ပြစ်တင်ဝေဖန်လျက်ရှိပါတယ်။

ယာဉ်တိုက်မှု ဖြစ်ပွားစဉ်မှာ Uber ကားဟာ တစ်နာရီ မိုင် ၄၀ နှုန်းနဲ့ သွားနေခဲ့ပါတယ်။ ဒီကိစ္စဖြစ်လိုက်ပြီး ချက်ချင်းဆိုသလိုပဲ Uber ကားကုမ္ပဏီက အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါတို့မှာ အလိုအလျောက်မောင်းစနစ်သုံးကားတွေ စမ်းသပ်တာကို ခေတ္တရပ်ဆိုင်းသွားမယ်လို့ ကြေညာခဲ့ပါတယ်။ Elaine Herzberg ရဲ့ သေဆုံးမှုကြောင့် သူ့ကို ချစ်ခင်မြတ်နိုးရတဲ့ ဆွေမျိုးသားချင်းတွေ တုန်လှုပ်ခဲ့ရတယ်။ အလိုအလျောက်နည်းပညာတွေဟာ မော်တော်ကားတွေ၊ ၎င်းတို့ရဲ့ လမ်းကြောင်းပေါ် သွားလာနေချိန်မှာ လူတွေကို တိုက်မိတဲ့ ဖြစ်စဉ်တွေကို ဘယ်လိုရပ်တန့်စေမှာလဲဆိုတဲ့ မေးခွန်းတွေလည်း ပေါ်ထွက်လာခဲ့ပါပြီ။ သေဆုံးသူတွေရဲ့ မိတ်ဆွေတွေက ဒီကိစ္စနဲ့ပတ်သက်ပြီး Uber က တာဝန်ယူဆောင်ရွက်ပေးဖို့ တောင်းဆိုထားပြီ ဖြစ်ပါတယ်။

အလိုအလျောက် မောင်းစနစ်တစ်ခုက အမျိုးသမီးတစ်ဦးကို အသက်ဆုံးရှုံးစေခဲ့ပြီးတဲ့နောက်မှာတော့ ဂျပန်ကားကုမ္ပဏီတစ်ခုဖြစ်တဲ့ တိုယိုတာကုမ္ပဏီဟာ အလိုအလျောက်မောင်းစနစ်သုံးကားတွေ စမ်းသပ်မှုကို ရပ်ဆိုင်းတော့မယ့် ပထမဆုံးသောကားစက်ရုံကြီးတစ်ခုဖြစ်လာပါတယ်။ တိုယိုတာက ၎င်းရဲ့ Chauffeur အလိုအလျောက်မောင်းနှင်စနစ်ကို အမေရိကန်က လမ်းတွေပေါ်မှာ စမ်းသပ်မောင်းနှင်မှုကို ခေတ္တရပ်ဆိုင်းသွားမယ်လို့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ ပြောကြားခဲ့ပါတယ်။ ဒီဖြစ်ရပ်ဟာ ကျွန်ုပ်တို့ကုမ္ပဏီရဲ့စမ်းသပ်မောင်းနှင်သူ ကားဒရိုင်ဘာတွေအပေါ်မှာ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုတွေ ရှိလာနိုင်တယ်လို့ တိုယိုတာပြောရေးဆိုခွင့်ရှိသူ ဘရိုင်ယန်လီယွန်က ပြောပါတယ်။

တိုယိုတာစက်ရုံက မီချီဂန်နဲ့ ကယ်လီဖိုးနီးယားမှာ လမ်းပေါ်စက်ရုပ်ကား စမ်းသပ်မောင်းနှင်မှုတွေ ပြုလုပ်နေခဲ့ပါတယ်။ တိုယိုတာက စမ်းသပ်ခဲ့တဲ့ အလိုအလျောက်မောင်းစနစ်ကားအရေအတွက်တွေဟာ နည်းပါးပြီး စမ်းသပ်မှုတွေကို ဘယ်လောက်ကြာကြာရပ်နားထားမယ်ဆိုတာကိုတော့ ဘရိုင်ယန်က အတိအကျ မပြောခဲ့ပါဘူး။ ဒီလအစောပိုင်းလောက်မှာတင် တိုယိုတာဟာ အလိုအလျောက်မောင်းစနစ်နဲ့ ကားတွေရဲ့ စွမ်းရည်ပိုင်းကို အဆင့်မြှင့်တင်သွားဖို့ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့အတူ ဂျပန်ယန်းငွေ ၃၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံ) ရင်းနှီးမြှုပ်နှံဖို့ စီစဉ်ထားတယ်လို့ ပြောခဲ့ပါသေးတယ်။ ခုတော့ ဘယ်လိုဆက်ဖြစ်လာမယ်ဆိုတာကို မသိနိုင်သေးပါဘူး။

ဒီလိုအမြဲဖြစ်နေဖို့တော့ မသင့်ဘူးလို့ မီဆာဒေသခံတစ်ဦးဖြစ်တဲ့ ကာရိုးကင်မာလီက ပြောတယ်။ ဒါဟာ နမော်နမဲ့နိုင်တဲ့ လူသတ်မှုတစ်ခုပဲ။ အစိုးရက ဒါကိုတာဝန်တစ်ခုအနေနဲ့ ကိုင်တွယ်ဆောင်ရွက်သင့်တယ်လို့ ၎င်းက ဆိုပါတယ်။ SUV Volvo ကားဟာ တနင်္ဂနွေနေ့ ညနေ ၁၀ နာရီမှာ တစ်နာရီ မိုင် ၄၀နှုန်းနဲ့ မောင်းနှင်လာနေခဲ့ပြီး စက်ဘီးစီးနင်းလာတဲ့ အမျိုးသမီးကို တိုက်မိခဲ့ချိန်မှာ အရှိန်လျှော့ခဲ့ခြင်းမရှိဘူး။ ကားရှေ့ခန်းမှာ လူတစ်ယောက်ပါတယ်။ ဒါပေမယ့် ကားဟာ အလိုအလျောက်စနစ်နဲ့ သွားနေခဲ့တာဖြစ်ပြီး အဲဒီအဓိပ္ပာယ်က ရေဒါနည်းပညာဟာ လမ်းသွားလမ်းလာကို စူးစမ်းသိရှိခြင်းမရှိခဲ့သလို ယာဉ်ကိုလည်း အခြားအကြောင်း တစ်ခုခုကြောင့် ရပ်တန့်စေခဲ့ခြင်းမရှိဘူးလို့ အဓိပ္ပာယ်သက်ရောက်စေခဲ့ပါတယ်။ တန်ပီရဲတပ်ဖွဲ့က Herzberg ဟာ ကားနဲ့ တိုက်မိခဲ့ချိန်မှာ လူကူးမျဉ်းကျားပေါ်မှာရှိမနေခဲ့ဘူးလို့ ပြောပါတယ်။

Uber ကားကုမ္ပဏီက ၎င်းရဲ့အလိုအလျောက်မောင်းနှင်လည်ပတ်မှုစနစ်ကို ဖီးနစ်နဲ့ တခြားမြို့ကြီးတွေမှာ ဆောင်ရွက်မှုတွေကို ခေတ္တရပ်ဆိုင်းထားတယ်။ ဒါပေမယ့် ကားတိုက်မှုဖြစ်ရတဲ့ အကြောင်းရင်းကို ဝေဖန်မှတ်ချက်ချမှု မရှိသေးပါဘူး။ ဖက်ဒရယ်စုံစမ်းစစ်ဆေးသူတွေဟာ ဒီကိစ္စကို စုံစမ်းစစ်ဆေးမှုတွေ စပြီး လုပ်ဆောင်နေပါပြီ။ ဒေသခံရဲတပ်ဖွဲ့အာဏာပိုင်တွေက ယာဉ်တိုက်မှုမှာ အမျိုးသမီးရဲ့ အပြစ်လို့ ဆိုခဲ့ကြဟန်ရှိပြီး Uber မှာ အမှားအယွင်းရှိခဲ့တာ မဟုတ်လောက်ဘူးလို့ ပြောဆိုခဲ့တဲ့အတွက် သေဆုံးသူအမျိုးသမီးရဲ့ အသိမိတ်ဆွေတွေထံကနေ နောက်ထပ်တုံ့ပြန်မှုတွေ ပေါ်ထွက်လာခဲ့ရပါတယ်။

ဒီ့အတွက် Uber ကုမ္ပဏီကို ပိတ်သိမ်းသင့်တယ်။ ဒီကားတွေကို ကားလမ်းပေါ်မှာ မောင်းနှင်ခွင့်မပြုတာ ထက်ပိုပြီး ကြီးလေးတဲ့ အပြစ်ဒဏ်ရှိရမှာ ဖြစ်တယ်လို့ Herzberg Kimmerle ရဲ့ မိတ်ဆွေ ဒီနီရယ်ကလက်ပတာက ဂါဒီယန်သတင်းစာသို့ ပြောကြားခဲ့ပါတယ်။ အတိုက်ခံရသူ Herzberg ဟာ အိမ်ရာမဲ့ပြဿနာကို ရင်ဆိုင်ရုန်းကန်နေရပြီး မကြာသေးခင်ကမှ ဘဝသစ်ပြန်စတင်နိုင်ခဲ့ပြီး အလုပ်အသစ်တစ်ခု စလုပ်နေတာဖြစ်တယ်လို့ သိရပါတယ်။

ဘာတွေမှားယွင်းခဲ့နိုင်တယ်ဆိုတဲ့ အချက်ပေါ်မူတည်ပြီး ကားစက်ရုံ၊ ယာဉ်နောက်ကွယ်က အော်ပရေတာ၊ အမျိုးမျိုးသော သီးသန့်နည်းပညာတွေနဲ့ Uber ကုမ္ပဏီကိုယ်တိုင်အပါအဝင် ပါဝင်ပတ်သက်သူအများအပြားဟာ ဥပဒေအရတာဝန်ရှိတယ်လို့ သေဆုံးသူရဲ့ မိသားစုဝင်တွေက အငြင်းပွားလာနိုင်တယ်လို့ အလိုအလျောက်မောင်းစနစ်ကားတွေနဲ့ပတ်သက်ပြီး တရားဥပဒေဆိုင်ရာ ကျွမ်းကျင်သူလည်းဖြစ် တောင်ကာရိုလိုင်းနားတက္ကသိုလ်က တွဲဖက်ပါမောက္ခ တစ်ဦးလည်းဖြစ်တဲ့ ဘရိုင်ယန်ဝေါ်လ်ကာစမစ်က သုံးသပ်ခဲ့ပါတယ်။

ကုမ္ပဏီဟာ ဖြစ်လာတဲ့ကိစ္စကို အမြန်ဆုံးဖြေရှင်းဖို့ ကြိုးစားမှာပဲ။ Uber ဟာ ဘယ်လောက်လို့ ဖွင့်ဟမပြောနိုင်တဲ့ ငွေကြေးအတိုင်းအတာပမာဏကိုသုံးပြီး ဒီပြဿနာကို ချက်ချင်းဖြေရှင်းလိမ့်မယ်လို့ ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပါတယ်။

အလိုအလျောက်မောင်းစနစ်သုံးကား တိုက်မိတဲ့ပထမဖြစ်စဉ်တစ်ခုက ၂၀၁၆ ခုနှစ်မှာ ဖြစ်ပွားခဲ့ဖူးပါတယ်။ အလိုအလျောက် ထိန်းချုပ်စနစ်နဲ့ သွားနေတဲ့ Tesla ကားတစ်စီးဟာ လမ်းကြောင်းပေါ်မှာရှိနေတဲ့ ထရပ်ကားကို သတိထားသိရှိခဲ့ခြင်းမရှိပါဘူး။ Tesla, Ubers နဲ့ တခြားကုမ္ပဏီတွေ ပါဝင်နေတဲ့ နာမည်ကြီးယာဉ်တိုက်မှု ဖြစ်ပွားခဲ့ဖူးပြီး အကယ်၍ အလိုအလျောက်မောင်းစနစ် နည်းပညာဟာ ခရီးသွားဖို့အတွက် ဘေးကင်းစိတ်ချရတဲ့ နည်းပညာတစ်ခုဆိုရင် မော်တော်ကားတွေဟာ အလိုအလျောက်မောင်းစနစ်ကို အပြည့်အဝဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ လူတွေ ကြားဝင်ထိန်းချုပ်ဆောင်ရွက်ဖို့ လိုအပ်နေတဲ့အချိန်မှာ စက်ရုံက အန္တရာယ်ကြီးတဲ့ အဆင့်မြှင့်တင် ဆောင်ရွက်မှုကိုလုပ်နေသလားလို့ဆိုတဲ့ ပူပန်စိုးရိမ်ကြောင့်ကြမှုတွေ မြင့်တက်လာခဲ့ပါတယ်။

လတ်တလောမှာတော့ ဒီဖြစ်ရပ်ကို တန်ပီရဲတပ်ဖွဲ့၊ အမျိုးသားသယ်ယူပို့ဆောင်မှု လုံခြုံဘေးကင်းရေးဘုတ်အဖွဲ့နှင့် အမျိုးသားအဝေးပြေးယာဉ်သွားလာမှု၊ ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုအဖွဲ့တို့က စုံစမ်းစစ်ဆေးဆောင်ရွက်နေပါတယ်။ အလိုအလျောက်မောင်းစနစ်ဆိုတာဟာ ကားက သူ့အလိုလို ထိန်းချုပ်မောင်းနှင်တာဖြစ်ပြီး စမ်းသပ်မောင်းနှင်မှုအတွင်းမှာတော့ လုံခြုံဘေးကင်းစေဖို့အတွက် ယာဉ်ရဲ့အနောက်မှာ လူတစ်ဦးက ထိုင်နေမှာဖြစ်ပါတယ်။ ။

ကိုးကား- ဂါဒီယန်

**“ကားစက်ရုံ၊ ယာဉ်နောက်ကွယ်က အော်ပရေတာ၊ အမျိုးမျိုးသော သီးသန့်နည်းပညာတွေနဲ့ Uber ကုမ္ပဏီကိုယ်တိုင်အပါအဝင် ပါဝင်ပတ်သက်သူအများအပြားဟာ ဥပဒေအရ တာဝန်ရှိတယ်လို့ သေဆုံးသူရဲ့ မိသားစုဝင်တွေက အငြင်းပွားလာနိုင်”**

# ဒီမော့ဆိုမြို့နယ်၌ အကြိမ်(၆၀)မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းရိုးရာ ကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲတော်ကျင်းပ



**ဒီမော့ဆို မတ် ၂၃**

အကြိမ်(၆၀)မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းရိုးရာ ကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲတော်ကို မတ် ၂၁ ရက်က ဒီမော့ဆိုမြို့နယ် ဒေါကလော်ဒူကျေးရွာအုပ်စု ဒေါတငူး(ရှေ့) ကျေးရွာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင် တိုင်တော်အား စုပေါင်း စိုက်ထူကြသည်။ ထို့နောက် နှစ်(၆၀) ပြည့် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းရိုးရာ ကေ့ထျိုးဘိုးပွဲတော် ကမ္ပည်းကျောက်စာတိုင်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ကေ့ထျိုးဘိုးရိုးရာဂေါပက အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပိုးရယ်အောင်သိန်း၊ ပွဲတော်ကျင်းပရေးဦးစီး ကော်မတီ ဥက္ကဋ္ဌ ဦးလုခေးဘငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ကေ့ထျိုးဘိုး ဗျာစယ်မှ တိုင်တည်ဆုတောင်းခြင်း၊ ကေ့ထျိုးဘိုးဗျာစယ်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ကေ့ထျိုးဘိုးတိုင်တော်အား စုပေါင်း ဂါရဝပြု ကခုန်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် လူထုအခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ကေ့ထျိုးဘိုး ရိုးရာဂေါပကအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကရင်နီ၊ အမျိုးသားတိုးတက်ရေးပါတီ အလုပ်အမှုဆောင်ကော်မတီဝင်တို့က အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကေ့ထျိုးဘိုးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းကာ ကျင်းပရေးဦးစီးကော်မတီက အထိမ်းအမှတ်အလံနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရိုးရာယဉ်ကျေးမှု အကပဒေသာပြိုင်ပွဲဝင် (၆၆) ဖွဲ့မှ ပထမဆု ရရှိသော ဒေါပေါ်ကူးကျေးရွာ (ရှမ်း/တောင်) ယဉ်ကျေးမှုအဖွဲ့၊ ဒုတိယဆုရရှိသော ဒေါခလိုက်လင်းကျေးရွာ ယဉ်ကျေးမှုအဖွဲ့၊ တတိယဆုရရှိသော ဝီးသဲကူးမြောက်ကျေးရွာ ယဉ်ကျေးမှုအဖွဲ့နှင့် နှစ်သိမ့်ဆု ရရှိသော ယဉ်ကျေးမှုအဖွဲ့တို့အား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်ရိုးရာယဉ်ကျေးမှု အကအဖွဲ့များအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

အဆိုပါ ပွဲတော်ကို မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ကယား တိုင်းရင်းမျိုးနွယ်စုတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ယုံကြည်ကိုးကွယ်မှုတို့ကို နှစ်စဉ်တန်ခူးလဆန်း ၁ ရက်မှ စတင်၍ လဲဟျာ (ခေါ်) တန်ခူးလတွင် ကျင်းပမြဲဖြစ်သော ပွဲတော်ဖြစ်ပြီး ရိုးရာအစဉ်အလာအရ ကျင့်ဝတ်နှင့်အညီ ပြုလုပ်ရကာ ရိုးရာကေ့ ထျိုးဘိုးတိုင်တော်ကို ခုတ်ယူရာတွင် ကေ့ထျိုးဘိုး ဗျာစယ်မှ စတင်၍ ကြက်ရိုးဗေဒင်မေးယူပြီး ခုတ်ယူရသည်။ ရိုးရာကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲတော် ပြုလုပ်ရခြင်းမှာ ရောဂါဘယကင်းရှင်း ပပျောက်ရေး၊ မိုးလေဝသ မှန်ကန်ရေး၊ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းဝေးလွတ်မြောက်ရေးနှင့် တိုင်းပြည်စည်ပင် သာယာဝပြောရေး စသည့် ယုံကြည်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ-အိန္ဒိယနယ်စပ်တံတားဖြတ်၍ ကွမ်းသီးများ တင်ပို့

**ရိခေါဒါရ် မတ် ၂၃**

ချင်းပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ဝင်ထွက်ပေါက်တစ်ခုဖြစ်သည့် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်တံတားကိုဖြတ်၍ အိန္ဒိယနိုင်ငံသို့တင်ပို့သည့် ကွမ်းသီးများ နယ်စပ်တံတားဖြတ်သန်းသွားလာမှုကို တစ်ဖက်အိန္ဒိယနိုင်ငံမှ ကန့်သတ်ထားရှိကြောင်း ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

အိန္ဒိယနိုင်ငံသို့ ကွမ်းသီးများ တင်ပို့ရာတွင် နယ်စပ်တံတားဖြတ်ကျော် တင်ပို့ခြင်းဖြစ်ရာ နယ်စပ်တံတားခံနိုင်ဝန်မှာ ၁၀ တန်ဖြစ်ပြီး ကွမ်းသီးများ တင်ပို့ဖြတ်သန်းသည့် ယာဉ်တစ်စီးတွင် ကွမ်းသီးအိတ် ၄၀ သာ တင်ဆောင်ခွင့်ပြုထားကြောင်း၊ ယင်းသို့ ကွမ်းသီးများ တင်ဆောင်မှု အိတ်ရေအကန့်အသတ်ပေးရခြင်းမှာ နယ်စပ်တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားခံနိုင်ရည် ကျော်လွန်၍ ဖြတ်သန်းတင်ပို့မှု မရှိစေရေးကို ထိန်းချုပ်မှုအနေဖြင့် အိန္ဒိယနိုင်ငံ တာဝန်ရှိသူများက ကန့်သတ် သတ်မှတ်ထားခြင်းဖြစ်ကြောင်း ရိခေါဒါရ်မြို့ ကုန်တင်ကုန်ချအသင်းမှ သိရသည်။

"ဒီလို နယ်စပ်တံတားဖြတ်သန်းအသုံးပြုမှုအပေါ် တစ်ဖက်အိန္ဒိယနိုင်ငံ တာဝန်ရှိသူတွေက ကန့်သတ်ပေးမှုကြောင့် ကျွန်တော်တို့ဘက်က ကွမ်းသီးကိုယ်စားလှယ်တွေကိုလည်း ကွမ်းသီးတင်ပို့မှု ချင့်ချိန်ပေးရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဆီမှာ ကွမ်းသီးတင်ပို့မှု လုပ်ငန်းကိုယ်စားလှယ် ၃၀ လောက်ရှိတယ်၊ ဒါကြောင့် ကွမ်းသီးတင်ပို့ရာမှာ မျှတမှုရှိအောင် ကွမ်းသီးကိုယ်စားလှယ်တစ်ဦးအနေနဲ့ တစ်နေ့မှာ ကွမ်းသီးတစ်အိတ်ကို ၈၀ ကီလိုဂရမ်ဆိုရင် အိတ် ၄၄၀၊ ကွမ်းသီးတစ်အိတ်ကို ၁၀၀ ကီလိုဂရမ်ဆိုရင် အိတ် ၃၈၀လောက် တင်ပို့ပေးပါတယ်၊ ဒီတော့ ကွမ်းသီးတင်ပို့မှု လုပ်ငန်းရှင်တစ်ဦးအနေနဲ့ တစ်နေ့ကို ယာဉ်တစ်စီး ကွမ်းသီးအိတ် ၄၀ တင်ဆောင်ပြီး ယာဉ်ခေါက်ရေ ၁၁ ခေါက်၊ ကွမ်းသီးအိတ်ရေ ၄၄၀ တင်ပို့နိုင်တာ ပေါ့"ဟု ရိခေါဒါရ်မြို့ကုန်တင်ကုန်ချအသင်းမှ ဦးရောအောင်က ပြောသည်။

"ကျွန်တော်တို့ဒေသမှာ ကွမ်းသီးတင်ပို့မှုလုပ်ငန်း ကိုယ်စားလှယ် ၃၀ လောက်ရှိပါတယ်၊ ကွမ်းသီးတွေဟာ အကြမ်းအားဖြင့် ကွမ်းသီးအလုံးနဲ့ အခြမ်းဆိုပြီး နှစ်မျိုးရှိတယ်၊ ကွမ်းသီးအမျိုးအစားအနေနဲ့ ငါးမျိုးလောက် ခွဲခြားထားပါတယ်၊ ကွမ်းသီးတွေ ရိခေါဒါရ်နယ်စပ်ကို တင်ပို့သယ်ဆောင်တဲ့ ပမာဏအနေနဲ့ ကွမ်းသီးတင်ဆောင်တဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်အပါအဝင် နေ့စဉ် ပျမ်းမျှအားဖြင့် ယာဉ်အစီးရေ ၃၀ လောက် ဝင်ထွက်မှုရှိပါတယ်၊ တစ်ဖက် အိန္ဒိယနိုင်ငံ တင်ပို့မှုကျတော့ နေ့စဉ် တင်ပို့သွားရတာတော့ မဟုတ်ဘူး၊ သူတို့ အိန္ဒိယဘက်က ခေတ္တပိတ်ပင်တာတွေ ရှိတတ်တော့ နှစ်ရက်၊ သုံးရက်လောက် ရပ်တန့်နေရတဲ့ အချိန်ရှိတတ်တယ်"ဟု ကွမ်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင် ဦးထန်ဂိုးခုပ်က ပြောသည်။

ရိခေါဒါရ်နယ်စပ်မှ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် ကွမ်းသီးများမှာ အများအားဖြင့် မြန်မာ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့မှ ထွက်ရှိသည့် ကွမ်းသီးများဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# မြန်မာနိုင်ငံတွင်သာရှိသော ဒေသရင်းဖွား လိပ်မျိုးစိတ်များ မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရ

**နေပြည်တော် မတ် ၂၃**

တစ်ကမ္ဘာလုံးတွင် မြန်မာ့ဒေသရင်း ဖွားလိပ်မျိုးစိတ် ၁၁ မျိုးရှိကြောင်း မတ်လ ဒုတိယပတ်အတွင်းက ပြုလုပ်သည့် IUCN Red List အစည်းအဝေးတွင် အတည်ပြုခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)- WCS မှ သိရသည်။

မြန်မာနိုင်ငံတွင်သာရှိသော ဒေသရင်းဖွား လိပ်မျိုးစိတ်မှာ ယခင်က ရှစ်မျိုး သတ်မှတ်ထားသော်လည်း ယခုတွင် ၁၁ မျိုး သတ်မှတ်လိုက်သည်။ မြန်မာ့ဒေသရင်းဖွားမျိုးစိတ် သုံးမျိုးထပ်တိုးသွားပြီဖြစ်ကြောင်း သိရသည်။ အသစ်တိုးလာသော လိပ်မျိုးစိတ်သုံးမျိုးမှာ မြန်မာအနားပျော့လိပ်၊ မြန်မာ့ဖက်လိပ်နှင့် မြန်မာ့လေးကွက်လိပ်တို့ ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် IUCN Red List အစည်းအဝေးတွင် လိပ်မျိုးစိတ်ပေါင်း ၉၀ ကို ပြန်လည်သုံးသပ်ခဲ့ပြီး ယခင်က အရှေ့တောင် အာရှတွင်သာရှိသော အနားပျော့လိပ်ဟူ၍ စုပေါင်းသတ်မှတ်ထားရာမှ ယခုအစည်းအဝေးတွင် မြန်မာ့အနားပျော့လိပ်ဟူ၍ သီးသန့်ပြန်ခွဲကာ တစ်မျိုးထပ်တိုးခြင်းလည်း ပြုလုပ်ခဲ့သည်။

"မြန်မာနိုင်ငံက အာရှမှာ ဌာနေရင်းဖွား လိပ်မျိုးစိတ် အများဆုံးရှိတဲ့ နိုင်ငံပါ။ ဝမ်းနည်းဖို့ကောင်းတာက မျိုးသုဉ်းဖို့ အလွန်နီးကပ်နေကြတာ။ မြန်မာပြည်ဖွားမှန်ရင် မြန်မာနိုင်ငံကို ချစ်ရင် မြန်မာ့တော တောင်တွေမှာ သစ်ပင်တွေ စိုက်ပေး၊ မြန်မာ့ရေပြင်ကို သန့်စင်ပေးနဲ့ အလွန်အကျိုးပြုတဲ့ လိပ်ကလေးတွေ၊ သနားစရာကောင်းတဲ့လိပ်လေးတွေကို ကရုဏာရှေ့ထားပြီး ကယ်တင်ပေးဖို့ တောင်းဆိုပါရစေ၊ မိမိတို့တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းပါဝင် ထိန်းသိမ်းပေးကြပါ။ ကုသိုလ်ပြုရာရောက်သလို နိုင်ငံ့အကျိုးသယ်ပိုးရာလည်း ရောက်ပါတယ်"ဟု လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ ဒါရိုက်တာ ဒေါက်တာ ဒေါ်ကလျာပလတ်က ပြောသည်။

ယခင်က ဒေသရင်းဖွားမျိုးစိတ် ရှစ်မျိုးအနက်မှ မျိုးစိတ်ခွဲနှစ်မျိုးအဖြစ် သတ်မှတ်ထားခဲ့သော မြန်မာ့လိပ်ရင်ကျိုးနှင့် မြန်မာလိပ်ပုပ်ကြီးတို့မှာ အဆိုပါ အစည်းအဝေးတွင် မျိုးစိတ်ခွဲ မဟုတ်တော့ဘဲ မျိုးစိတ်တစ်မျိုးစီအဖြစ် သီးသန့်သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ တစ်ကမ္ဘာလုံးတွင် မြန်မာနိုင်ငံ၌သာရှိသော ဒေသရင်းဖွားမျိုးစိတ်အဖြစ် သတ်မှတ်လိုက်သော မျိုးစိတ်မှာ ၁၁ မျိုးဖြစ်ပြီး ကုန်းလိပ်တစ်မျိုး၊ အနားပျော့လိပ်လေးမျိုးနှင့် ကျန်မျိုးစိတ်များမှာ ကုန်းနေ၊ ရေနေ မျိုးစိတ်များဖြစ်ကြောင်း သိရသည်။

အဆိုပါမျိုးစိတ် ၁၁ မျိုးမှာ မြန်မာအနားပျော့လိပ်၊ မြန်မာ့ဖက်လိပ်၊ မြန်မာ့လေး ကွက်လိပ်၊ မြန်မာ့တိုက်လိပ်၊ ရှမ်းကြီး လက်မောင်းလိပ်၊ မြန်မာ့ကြယ်လိပ်၊ မြန်မာစင်းလျောလိပ်၊ မြန်မာမျက်လုံးလိပ်၊ ရခိုင်တောင်လိပ်၊ မြန်မာလိပ်ပုပ်ကြီးနှင့် မြန်မာ့လိပ်ရင်ကျိုးတို့ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင်သာရှိသော ဒေသရင်းဖွား လိပ်မျိုးစိတ်များသည် မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ်များဖြစ်ပြီး ယင်းတို့ကို သစ်တောဦးစီးဌာနနှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)၊ လိပ်မျိုးဆက်ရှင်သန်ရေး အဖွဲ့တို့က ပူးပေါင်း၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇင်ဦး**



မင်းစုံတောင်ဘေးမဲ့တော၌ မွေးမြူထားသော မြန်မာ့မျိုးရင်းကြယ်လိပ်များအား တွေ့ရစဉ်။

## လားရှိုး၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**သီပေါ မတ် ၂၃**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ်တွင် မော်တော်ဆိုင်ကယ်အသုံးပြုမှု အများဆုံးဖြစ်သည်နှင့်အညီ မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် လမ်းသွားလမ်းလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို မတ် ၂၁ ရက်မှ စတင်၍ အမှတ် ၁၁၉ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး (လားရှိုး)မှ ဒုရဲမှူးကျော်ခိုင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဆွေးနွေးဟောပြောခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ လားရှိုး ရပ်ကွက် ၁ လားရှိုးမိုတယ်ရှေ့ဘူတာကြီးလမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသော မော်တော်ဆိုင်ကယ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စီးနင်းကြရန်၊ အိတ်ဇောဖွင့် စက်သံဆူညံစွာ မောင်းနှင်ခြင်းမပြုကြရန်၊ လမ်းမျဉ်းပြတ်၊ မျဉ်းသေများအကြောင်းနှင့် အခြားသော ယာဉ်စည်းကမ်းဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ဆက်သွယ်ရေးအော်ပရေတာသစ် MYTEL ၏ ဝန်ဆောင်မှုများ တရားဝင်စတင်

**နေပြည်တော် မတ် ၂၃**

မြန်မာနိုင်ငံသို့ နောက်ဆုံးဝင်ရောက်လာသည့် စတုတ္ထမြောက် ဆက်သွယ်ရေးကုမ္ပဏီဖြစ်သည့် MYTEL သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသများတွင် မတ် ၁၅ ရက်မှစ၍ ဆင်းကတ်များ စတင်ရောင်းချပြီး သုံးစွဲသူများအား ၎င်းတို့၏ 4G ကွန်ရက်ဝန်ဆောင်မှုများကို ပထမဆုံး စတင်မိတ်ဆက် ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။

MYTEL သည် ၎င်းတို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကို မတ် ၁၅ ရက်မှစ၍ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် စတင်ဝန်ဆောင်မှုပေးခဲ့ပြီး မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင်လည်း ကွန်ရက်ချဲ့ထွင်မည့် အစီအစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကာ လာမည့်လထဲတွင် လုပ်ငန်းများပြီးစီး၍ အဆင်သင့် အသုံးပြုနိုင်အောင် အပြီးသတ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း MYTEL မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

MYTEL ၏ အခြေခံ ခေါ်ဆိုခနှုန်းထားသည် MYTEL ဖုန်းအချင်းချင်း တစ်မိနစ်လျှင် ၁၀ ကျပ်ဖြစ်ကာ အခြားဖုန်းများသို့ တစ်မိနစ်လျှင် ၂၃ ကျပ်ဖြစ်သည်။ စာတိုပို့ခြင်းအတွက်မူ မည်သည့်ဖုန်းများအတွက်မဆို တစ်စောင်လျှင် ၁၀ ကျပ်နှုန်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ MYTELရဲ့ ဝန်ဆောင်မှုကို စောင့်စားနေတဲ့ သုံးစွဲသူတွေလက်ထဲ အရောက်သယ်ဆောင်လာပေးရတာ အလွန်ကိုဝမ်းသာပါတယ်၊ ကျွန်တော်တို့ဝန်ဆောင်မှုရဲ့ အဓိကရည်ရွယ်ချက်တစ်ခုကတော့ ဝေးလံတဲ့ ကျေးလက်ဒေသတွေရယ်၊ ရန်ကုန်နဲ့ မန္တလေးလိုမြို့ကြီးတွေနဲ့ အလှမ်းဝေးတဲ့ နေရာဒေသတွေမှာ ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ဖို့ ရည်ရွယ်ပါတယ်၊ ကျွန်တော်တို့ရဲ့ အဆင့်မြင့်နည်းပညာတွေ၊ 4G ကွန်ရက်နဲ့ မြန်မာနိုင်ငံက သုံးစွဲသူတွေအတွက်ထားရှိတဲ့ အားစိုက်မှုတွေကြောင့် အနာဂတ်ကာလရဲ့ ဆက်သွယ်ရေးဈေးကွက်အတွက် စိတ်လှုပ်ရှားမိပါတယ်"ဟု MYTEL မှ Chief External Relations Officer ဦးဇော်မင်းဦးက ပြောသည်။

MYTEL ဆင်းကတ်များကို တစ်ကတ်လျှင် ကျပ် ၁၅၀၀ ဖြင့် ရောင်းချမည်ဖြစ်ပြီး "Welcome Bonus" အနေဖြင့် MYLIFE အစီအစဉ်အောက်တွင် ဆင်းကတ်ကို စာရင်းသွင်းပြီး ရက် ၆၀ အတွင်း 750 MB အင်တာနက်ဒေတာနှင့် MYTEL ဖုန်းအချင်းချင်း မိနစ် ၁၀၀ ဖုန်းခေါ်ဆိုခွင့်ကို ရရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် မတ် ၁၅ ရက်မှစ၍ ဖုန်းဘေဖြည့်သွင်းတိုင်း Top-up bonus ၅၀ ရာခိုင်နှုန်းကို ရရှိမည်ဖြစ်ကြောင်း၊ Top-up bonus များကို ရရှိသည့်လအတွင်း သုံးစွဲ၍မကုန်ပါက နောက်လများတွင် ဆက်လက်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

စတုတ္ထမြောက် အော်ပရေတာဖြစ်သည့် MYTEL သည် ၂၀၁၆ ခုနှစ်တွင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် စတုတ္ထမြောက် တရားဝင် ဆက်သွယ်ရေးကုမ္ပဏီအဖြစ် ဝင်ရောက်လာကာ ယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည့် First Call ပွဲတွင် ဝန်ဆောင်မှုများကို စတင်မိတ်ဆက်ခဲ့သည်။

MYTEL သည် နိုင်ငံတကာ မိုဘိုင်းဆက်သွယ်ရေးကဏ္ဍတွင် ဆယ်စုနှစ်တစ်စုကျော် အတွေ့အကြုံရှိသည့် ဗီယက်နမ်နိုင်ငံမှ Viettel ကုမ္ပဏီနှင့် ပူးပေါင်းထားပြီး မြန်မာနိုင်ငံမှ သုံးစွဲသူများအတွက် ပိုမိုကောင်းမွန်သည့် ချိတ်ဆက်မှုနှင့် မြန်ဆန်သည့် 4G ကွန်ရက် ဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းလုံးတွင် ပေးအပ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း MYTEL မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# အူရီဒူး၏ 4G Plus ဒေတာကွန်ရက်ကို မြို့နယ်ပေါင်း ၂၂၀ မြို့အထိ ဖြန့်ကြက်ထားပြီးဖြစ်

**ရန်ကုန် မတ် ၂၃**

အူရီဒူးမြန်မာအနေဖြင့် 4G Plus ကွန်ရက်ဝန်ဆောင်မှုကို နိုင်ငံအတွင်း မြို့နယ်များတွင် တိုးချဲ့ဝန်ဆောင်မှုပေးလျက်ရှိရာ ယခု မတ်လအတွင်း မြို့နယ် ၂၀ မြို့နယ်တွင် ထပ်မံဖြန့်ကြက်နိုင်ခဲ့၍ လက်ရှိအချိန်တွင် မြို့နယ်ပေါင်း ၂၂၀ မြို့နယ်အထိ လွှမ်းခြုံထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အူရီဒူး၏ 4G Plus ကွန်ရက်ကို မတ်လအတွင်း တိုးချဲ့နိုင်ခဲ့သော မြို့နယ်များမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ကျုံပျော်၊ ဇလွန်၊ သာပေါင်း၊ ရေကြည်၊ ကျိုက်လတ်နှင့် မော်လမြိုင်ကျွန်း၊ မကွေးတိုင်းဒေသကြီးတွင် ရေစကြို၊ ဆိပ်ဖြူ နှင့် မင်းလှ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆားလင်းကြီး၊ ခင်ဦး၊ ကန့်ဘလူ၊ ပင်လည်ဘူးနှင့် ထီးချိုင့်၊ ရှမ်းပြည်နယ်တွင် ဟိုပုန်းနှင့် မိုးမိတ်၊ မန္တလေးတိုင်းဒေသကြီးတွင် တောင်သာနှင့် မြစ်သား၊ ရခိုင်ပြည်နယ်တွင် တောင်ကုတ်၊ ပဲခူးတိုင်းဒေသကြီးတွင် ကြို့ပင်ကောက်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သုံးခွမြို့နယ်တို့ ဖြစ်သည်။

အူရီဒူးမြန်မာအနေဖြင့် 4G ကွန်ရက် တိုးချဲ့ဖြန့်ကြက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အူရီဒူးအသုံးပြုသူများ အင်တာနက်ကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ရန်အတွက် သက်တမ်းအရှည်ဆုံး ဒေတာအပိုလက်ဆောင်များ ပါဝင်သည့် ဒေတာလိုက်ပွဲ အင်တာနက်အစီအစဉ်များကိုလည်း ဝန်ဆောင်မှုပေးထားကြောင်း အူရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သူရဖြိုး**

# MPT အသုံးပြုသူများအတွက် အက်ပလီကေးရှင်းအသစ်နှစ်ခုကို မိတ်ဆက်

**ရန်ကုန် မတ် ၂၃**

MPT ၏ ဆက်သွယ်ရေးဝန်ဆောင်မှုကို အသုံးပြုနေသူများ အနေဖြင့် နာမည်ကြီးအနုပညာရှင်များ၏ နောက်ဆုံးရ သတင်းများကို ရယူသိရှိနိုင်မည့် Cele Club မိုဘိုင်းအက်ပလီကေးရှင်းနှင့် ဗေဒင် ဝါသနာပါသူများအတွက် နေလအမည်ရှိ အက်ပလီကေးရှင်းအသစ်တို့ကို မတ် ၁၆ ရက်နှင့် ၂၀ ရက်တွင် MPT က စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။

နာမည်ကြီးအနုပညာရှင်များ၊ ထင်ပေါ်ကျော်ကြားသူများအကြောင်းကို နေ့စဉ် အကန့်အသတ်မရှိ ဖတ်ရှုနိုင်မည့် Cele Club အက်ပလီကေးရှင်းကို မတ် ၁၆ ရက်က စတင်မိတ်ဆက်ခဲ့ပြီး Contents Hub Services ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ အဆိုပါ အက်ပလီကေးရှင်းတွင် ပြည်တွင်းမှ နာမည်ကြီးအနုပညာရှင်များ၏ တစ်နေ့တာလှုပ်ရှားမှုများ၊ Blogs များ၊ ရှိုးပွဲများနှင့် အနုပညာလှုပ်ရှားမှုသတင်းများကို ဓာတ်ပုံများ၊ ဗီဒီယိုများဖြင့် ကြည့်ရှုနိုင်မည်ဖြစ်သည်။

Cele Club အက်ပလီကေးရှင်းကို ရယူလိုသော MPT သုံးစွဲသူများအနေဖြင့် 8441 သို့ CELE ဟု စာတိုပေးပို့ပါက ဒေါင်းလုပ်ပြုလုပ်ရမည့်လင့်ခ်ကို ရရှိမည်ဖြစ်ကာ လိုတရဝက်ဘ်ဆိုက် http://cc.lotayamm.com တွင်လည်းကောင်း၊ Google Play Store တွင်လည်းကောင်း အခမဲ့ ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်သည်။

Cele Club အက်ပလီကေးရှင်း အသုံးပြုခြင်းအတွက် ဝန်ဆောင်ခမှာ တစ်ရက်လျှင် ၉၉ ကျပ်ဖြစ်ပြီး Live streaming video တစ်ခုအတွက် ၁၅၈ ကျပ် ကျသင့်မည်ဖြစ်သည်။ အက်ပလီကေးရှင်းကို စတင်မိတ်ဆက်ခြင်း အထိမ်းအမှတ်အဖြစ် မတ် ၁၆ ရက်မှ ၂၉ ရက်အတွင်း ရယူအသုံးပြုပါက တစ်ပတ်ကြာ အခမဲ့ အသုံးပြုခွင့်ရမည်ဖြစ်ပြီး ထိုရက်အတွင်း စာရင်းသွင်းသူများသည် ကံစမ်းမဲအစီအစဉ်တွင်လည်း အလိုလျောက် အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

အက်ပလီကေးရှင်းကို အသုံးပြုသူများအနေဖြင့် လက်ရှိအချိန်တွင် ထင်ရှားကျော်ကြားသည့် အနုပညာရှင်များဖြစ်သော နီနီခင်ဇော်၊ ခင်ဝင့်ဝါ၊ အေးဝတ်ရည်သောင်း၊ ထွန်းထွန်း၊ ကျော်ကျော်၊ အောင်သူလွင် (Kelvin Kate)၊ မေရတီဇော်၊ ဖြိုးပပ၊ Tyron နှင့် Russell တို့၏ နောက်ဆုံးရ အချက်အလက်များနှင့် လှုပ်ရှားမှုများကို စတင်ရယူနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း နာမည်ကြီးအနုပညာရှင်များနှင့် ချိတ်ဆက်ကာ ထပ်တိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗေဒင်ဝါသနာပါသူများအတွက် နေလအမည်ရှိ အက်ပလီကေးရှင်းအသစ်ကို မတ် ၂၀ ရက်တွင် မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး နေလ အက်ပလီကေးရှင်း ဝန်ဆောင်မှုတွင် သုတ၊ ရသများ၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ပညာရေးနှင့် မိသားစုအရေး စသည်တို့နှင့်ပတ်သက်သော ဗေဒင်ဟောစာတမ်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

နေလ အက်ပလီကေးရှင်းတွင် တားရော့၊ ဆယ့်နှစ်ရာသီဂြိုဟ်ခွင်နှင့် ဆက်စပ်သော ဗေဒင်ပေါင်းချုပ်၊ မင်္ဂလာမြန်မာ နှစ် ၁၀၀ ပြက္ခဒိန်၊ မဟာဘုတ်၊ ဖုန်းရွှေတွက်နည်း စသည်တို့အပြင် တရုတ်ရိုးရာဇာတာခွင်များ၊ သတင်းအချက်အလက်များကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်ပြီး အခါကြီးရက်ကြီးများနှင့် ပွဲတော်ရက်များကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

အက်ပလီကေးရှင်းကို ရယူအသုံးပြုရန်အတွက် နံပါတ် 8998 သို့ DL ဟု စာတိုပေးပို့၍ ဒေါင်းလုပ်ဆွဲရမည်ဖြစ်ပြီး ဝန်ဆောင်မှုများကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။ နေလအက်ပလီကေးရှင်း ဝန်ဆောင် မှုအတွက် တစ်ရက်လျှင် ၁၅၈ ကျပ် ကျသင့်မည်ဖြစ်ပြီး သင်္ကြန်အကြို ပရိုမိုးရှင်းကာလဖြစ်သည့် မတ် ၂၀ ရက်မှ ဧပြီ ၂၀ ရက်အတွင်း ဝန်ဆောင်မှု ရယူသူများအနေဖြင့် ခုနစ်ရက် အခမဲ့ အသုံးပြုခွင့်ရမည်ဖြစ်ကာ တန်ခူးကံစမ်းမဲ အစီအစဉ်တွင်လည်း ပါဝင်ခွင့်ရမည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# အွန်လိုင်းဗီဒီယိုနှင့် တေးသီချင်းများ ကြည့်ရှုနိုင်မည့် ဖျော်ဖြေရေးအစီအစဉ်သစ်ကို တယ်လီနောမိတ်ဆက်

**ရန်ကုန် မတ် ၂၃**

တယ်လီနောအသုံးပြုသူများအနေဖြင့် အွန်လိုင်းရုပ်ရှင်များနှင့် တေးသီချင်းများကို ကြည့်ရှုနားဆင်နိုင်မည့် ဖျော်ဖြေရေးအစီအစဉ်တစ်ခုဖြစ်သည့် 'Telenor Music & Video' အစီအစဉ်ကို မတ် ၁၇ ရက်က စတင်မိတ်ဆက်ခဲ့ပြီး ဤအစီအစဉ်ကို ရယူခြင်းဖြင့် တယ်လီနော၏ မိတ်ဖက် အက်ပလီကေးရှင်းများပေါ်မှ တေးသီချင်းနှင့် ရုပ်ရှင်များစွာကို ဈေးနှုန်းအသက်သာဆုံးဖြင့် ကြည့်ရှုနိုင်ကြမည်ဟု သိရသည်။

တယ်လီနော၏ Music & Video အစီအစဉ်ကို ရယူရန်အတွက် တစ်ကြိမ်လျှင် ကျပ် ၄၅၀ ကျသင့်မည်ဖြစ်ပြီး ခုနစ်ရက် သက်တမ်းရှိသည့် ဒေတာပမာဏ 300 MB ကို ရရှိမည်ဖြစ်ကာ ထိုအင်တာနက်ဒေတာ 300MB ဖြင့် တယ်လီနော၏ မိတ်ဖက်ဖြစ်သည့် Youtube၊ Pyone Play၊ iflix နှင့် JOOX ဖျော်ဖြေရေးဝက်ဘ်ဆိုက်များမှ ဗီဒီယိုများ၊ သီချင်းများကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က "စမတ်ဖုန်း အသုံးပြုမှု ပိုမိုများပြားလာတာနဲ့ နိုင်ငံတစ်ဝန်း ကွန်ရက်ရရှိမှု ပိုမိုကျယ်ပြန့်လာတာတွေကြောင့် ဒစ်ဂျစ်တယ်ဖျော်ဖြေရေး ဝန်ဆောင်မှုတွေကိုလည်း မြန်မာပြည်သူတွေ ပိုပြီး လက်လှမ်းမီလာကြပါပြီ၊ နိုင်ငံတကာနဲ့ ပြည်တွင်း ထိပ်တန်းဝန်ဆောင်မှုပေးနေတဲ့ ကျွန်တော်တို့ရဲ့မိတ်ဖက် YouTube၊ Pyone Play၊ iflix နဲ့ JOOX တို့နဲ့ လက်တွဲပူးပေါင်းပြီး ဆန်းသစ်မှုအရှိဆုံးနဲ့ အကောင်းမွန်ဆုံး ဖျော်ဖြေရေးဝန်ဆောင်မှုတစ်ခုကို အသက်သာဆုံး ဈေးနှုန်းနဲ့ စတင်မိတ်ဆက်လိုက်တာဖြစ်ပြီး Telenor Music & Video အစီအစဉ်ကနေတစ်ဆင့် ၄၅ မိနစ်ကြာ အွန်လိုင်းဗီဒီယို ဒါမှမဟုတ် ခြောက်နာရီကြာ သီချင်းတွေကို ၄၅၀ ကျပ် နဲ့ ရယူခံစားနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

အသုံးပြုသူများအနေဖြင့် Pyone Play၊ YouTube နှင့် JOOX ရှိ အခမဲ့ရယူနိုင်သော အစီအစဉ်များကို အသုံးပြုရာတွင် အသုံးပြုခ ထပ်မံပေးဆောင်ရန် မလိုသော်လည်း JOOX VIP နှင့် iflix တို့ကို အသစ်စတင်အသုံးပြုသူများအနေဖြင့် အစမ်းအသုံးပြုခွင့် အခမဲ့ ရက် ၃၀ ကုန်ဆုံးပြီးနောက်တွင် အခကြေးငွေ အနည်းငယ် ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို ပထမဆုံးအကြိမ် ပညာသင်ဆုကြေးချီးမြှင့်

**နေပြည်တော် မတ် ၂၃**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရေးအတွက် စိုက်ပျိုးရေးတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ စိုက်ပျိုးရေးပညာရပ်များ ပိုမိုရရှိစေရန် နိုင်ငံတကာနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးနည်းပညာရပ်သင်ကြားမှု၊ သုတေသနလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပညာထူးချွန်သည့် စိုက်ပျိုးရေးကျောင်းသား ကျောင်းသူများကိုလည်း အဖွဲ့အစည်းအသီးသီးမှ ပညာသင်ထောက်ပံ့ခြင်းများချီးမြှင့်၍လည်း အထောက်အပံ့ပေးလျက်ရှိသည်။

ယခုအခါ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ Yuntianhua ဓာတ်မြေသြဇာကုမ္ပဏီနှင့် ပူးပေါင်း၍ မြေသြဇာနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို ပထမဆုံးအကြိမ် Yuntianhua Schlorship ပေးအပ်ချီးမြှင့်ခြင်းကို ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**အမှာစကားပြောကြား**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ Yuntianhua မှ နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ထူးချွန်သည့် ကျောင်းသားများကို ဆုများချီးမြှင့်ပေးအပ်သည့် ပထမအကြိမ် Yuntianhua Scholarship ဆုပေးခြင်းအခမ်း အနားကို မတ် ၂၂ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားသည်။

"ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့ ယူနန်ပြည်နယ်ရှိ စိုက်ပျိုးရေးတက္ကသိုလ်တို့ဟာ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေတွဲလုပ်ဖို့နဲ့ သင်ကြားရေးအပိုင်းတွေ တွဲလုပ်ဖို့ MoUထိုးတာရှိပါတယ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က ပညာထူးချွန်တဲ့ကျောင်းသား ကျောင်းသူတွေကို ပညာသင်ထောက်ပံ့ကြေး ပေးချင်ပါတယ်လို့ ဆိုလာပါတယ်၊ အဲဒါနဲ့ ဒီနေ့ ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူလေးတွေကို Yuntianhua Scholarship ချီးမြှင့်တဲ့ အခမ်းအနားလေး ကျင်းပရတာ ဖြစ်ပါတယ်၊ ဒါကပထမဆုံးအကြိမ်ပါ၊ အခုဆုချီးမြှင့်ပေးသွားမှာကတော့ ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိ ထူးချွန်တဲ့ ကျောင်းသားတွေ၊ မာစတာဘွဲ့နဲ့ Doctor ဘွဲ့ ကျောင်းသား ကျောင်းသူတွေကို ပေးအပ်သွားမှာပါ"ဟု ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်က ပြောသည်။

**ပေးအပ်ချီးမြှင့်**

အဆိုပါ သဘောတူစာချုပ်များချုပ်ဆိုနိုင်ခဲ့ပြီး Yuntianhua ပညာတော် သင်ရန်ပံ့ငွေနှင့် Yuntianhua Scholarship များကို သတ်မှတ်ထားပြီး နောင် ငါးနှစ်တွင် ယူနန်စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ဦးရေ ၅၀ မှ ၂၀၀အထိ မြန်မာနိုင်ငံသို့ သိပ္ပံပညာသုတေသနပြုခြင်းသင်တန်းများတက်ရောက်ခြင်း၊ မြန်မာနိုင်ငံရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ဦးရေ၅၀ မှ ၂၀၀ အထိ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်သို့ သွားရောက်လေ့လာခြင်း၊ ပညာတော်သင်လွှတ်ခြင်းများကို ငွေကြေးထောက်ပံ့ပေးမည်ဖြစ် ကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ပထမအကြိမ် Yuntianhua Scholarship ဆုပေးခြင်းတွင် ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိ ထူးချွန်သည့် ကျောင်းသား ကျောင်းသူ ၂၀ ဦးအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၅၀၊ မာစတာဘွဲ့ ခြောက်ဦးအတွက် တစ်ဦးလျှင် ဒေါ်လာ ၁၂၀၀ နှင့် ဒေါက်တာဘွဲ့ သုံးဦးအတွက် တစ်ဦးလျှင် ဒေါ်လာ ၁၆၀၀ ကို ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆုရရှိသည့်ကျောင်းသား ကျောင်းသူများကို ပါမောက္ခချုပ်ဒေါက်တာမျိုးကြွယ်၊ တရုတ်နိုင်ငံစိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ၊ အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

"တရုတ်နိုင်ငံ စိုက်ပျိုးရေးဌာန နိုင်ငံအဆင့် စိုက်ပျိုးရေး သုတေသနစင်တာမှ Mr. Hu Jun က ပိုးမွှားရောဂါကာကွယ်ခြင်းဆိုင်ရာတွေကိုလည်း မြန်မာပြည်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်နေပါတယ်၊ နည်းပညာ၊ စီးပွားရေးလုပ်ဆောင်မှုပုံစံ၊ စီမံ ခန့်ခွဲမှုပညာနည်းစနစ်များကို အချင်းချင်းဖလှယ်ဖို့အတွက် ပုံမှန်လုပ်ဆောင်သွားနိုင်ဖို့လည်း မျှော်လင့်ပါတယ်၊ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ တောင်သူလယ်သမားတွေဟာ ကောင်းမွန်တဲ့ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်တွေ သေချာမရရှိသေးတဲ့အတွက်ကြောင့် ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တောင်သူလယ်သမားတွေအတွက် ပိုပြီး စဉ်းစားပေးဖို့လိုအပ်ပါတယ်၊ သူတို့အတွက် ဓာတ်မြေသြဇာတွေ သေချာရောစပ်ပေးရမယ်၊ ရှုပ်ထွေးတဲ့ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်တွေကို ဓာတ်မြေသြဇာမှာထည့်သွင်းပြီး ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်၊ နှစ်နိုင်ငံပူးပေါင်းပြီး တောင်သူတွေ ကောင်းမွန်တဲ့ ဓာတ်မြေသြဇာတွေ အသုံးပြုလာနိုင်ဖို့ ဝိုင်းဝန်းပံ့ပိုးကြဖို့ လိုပါတယ်"ဟု ပြောကြားသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မုဒြာခေါ်သံဟာ လှယဉ်ကျေးအတွက် စိန်ခေါ်မှုပါ



ဒီဇာတ်ကားက လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက ရိုက်ကူးထားတဲ့ ဇာတ်ကားပါ၊ ကျွန်မဘဝရဲ့ ပထမဆုံးဇာတ်ကားလည်း ဖြစ်သလို ခေါင်းဆောင်မင်းသမီး ဇာတ်ရုပ်နဲ့ အတူ အနုပညာပန်းတိုင်ရဲ့ ပထမဆုံး မျှော်လင့်ချက် အိပ်မက်ပါ

လှယဉ်ကျေး

Laurel Art အနုပညာသင်တန်းကျောင်း အပတ်စဉ် ၂ ကျောင်းသူတစ်ဦးအဖြစ် ပညာသင်ယူနေရင်း သရုပ်ဆောင်အသစ်ခေါ်ခြင်းကြောင့် ဝင်ရောက် လျှောက်ထားခဲ့ရာကနေ ‘မုဒြာခေါ်သံ ’ ဇာတ်ကားကြီးတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရရှိပြီး အနုပညာလောကသို့ ဝင်ရောက်လာခဲ့သူမှာ အားလုံးသိကြသည့် လှယဉ်ကျေးပင်ဖြစ်သည်။

သို့သော် အကြောင်းကြောင်းကြောင့် မုဒြာခေါ်သံသည် ပရိသတ်မျက်စိရှေ့မှောက်သို့ ရောက်မလာခဲ့သေးချိန်တွင် မောင့်အိမ်သူနှင့် အခြားသော ရုပ်ရှင်ဇာတ်ကားများစွာတွင် ပါဝင်သရုပ်ဆောင်ခွင့်ရရှိခဲ့ပြီး ပရိသတ်များက သတိထားမိလာခဲ့သူမှာလည်း လှယဉ်ကျေးပင် ဖြစ်သည်။

“မုဒြာခေါ်သံ ရုံတင်ခွင့်ရပြီဆိုကတည်းက ကျွန်မစိတ်တွေ သိပ်ကို လှုပ်ရှားမိခဲ့ပါတယ်၊ ဒီဇာတ်ကားက လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက ရိုက်ကူးထားတဲ့ ဇာတ်ကားပါ၊ ကျွန်မဘဝရဲ့ပထမဆုံးဇာတ်ကားလည်းဖြစ်သလို ခေါင်းဆောင်မင်းသမီးဇာတ်ရုပ်နဲ့အတူ အနုပညာပန်းတိုင်ရဲ့ ပထမဆုံးမျှော်လင့်ချက် အိပ်မက်ပါ”ဟု လှယဉ်ကျေးက ပြောသည်။

သို့သော် မောင့်အိမ်သူ ဇာတ်ကားအတွက် အကယ်ဒမီလူမင်း၏ ကျေးဇူးဖြင့် ရိုက်ကူးခွင့်ရရှိခဲ့ပြီး ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားသည် ပရိသတ်အတွက် ပထမဆုံး မြင်တွေ့ခဲ့ရသည့် ဇာတ်ရုပ်လည်း ဖြစ်ခဲ့သည်။ သို့သော် လှယဉ်ကျေး၏ မောင့်အိမ်သူဇာတ်ကားမှ ကာရိုက်တာနှင့် မုဒြာခေါ်သံ ဇာတ်ကားမှ ကာရိုက်တာတို့မှာ လုံးဝကွဲပြားခြားနားခြင်းကြောင့် ပရိသတ်များအတွက် ဆန်းပြားနေလိမ့်မည်ဟု ယူဆကြောင်း လှယဉ်ကျေးက ပြောသည်။

“မုဒြာခေါ်သံမှာ ဘာအတွေ့အကြုံမှ မရှိသေးပါဘူး၊ ကိုယ့်စီနီယာတွေ သင်ကြားတဲ့အတိုင်း မနည်းကြိုးစားခဲ့ရတဲ့အတွက် အောင်မြင်မှုကို မျှော်လင့်ခဲ့တဲ့ ဇာတ်ကားတစ်ခုပါ၊ အနုပညာလောကထဲကို ခြေချခွင့်ပေးခဲ့တဲ့ ဇာတ်ကားဖြစ်ပြီး အသစ်တစ်ယောက်အနေနဲ့ စိန်ခေါ်မှုတွေကတော့ အများကြီးရှိနေတယ်ဆိုတာ သတိပြုမိတဲ့ အတွေ့အကြုံလေးတွေရရှိပါတယ်”ဟု သူက ပြောသည်။

သရုပ်ဆောင်အဖြစ် ဝါသနာကြီးမားသော်လည်း ဇာတ်ကားများ ရိုက်ကူးရန်အတွက် ကမ်းလှမ်းလာချက်များ မရှိသည့်အခါ အသက်အရွယ်ကြောင့်ဖြစ်ဖြစ်၊ ဝါသနာအရ ဖြစ်ဖြစ်၊ စီးပွားရေးအရဖြစ်ဖြစ် ထိုင်စောင့်နေရန် မရည်ရွယ်ခဲ့ခြင်းကြောင့် ဇာတ်ညွှန်းပညာကိုလည်း လေ့လာဆည်းပူးနေပြီး လက်ရှိတွင် Shot Documentary များ ရေးသားခြင်းဖြင့် ဝင်ငွေများရရှိခြင်းကြောင့် ကျေနပ်ရကြောင်း လှယဉ်ကျေးက လက်ရှိအနေအထားကို ရိုးစင်းစွာ ဝန်ခံပြောကြားသည်။

ယခုအခါ Laurel Production မှ ထုတ်လုပ်မည့် ဇာတ်ကားကြီးအတွက်လည်း ဇာတ်ညွှန်းရေးသားခြင်းကို လက်ခံဆောင်ရွက်မည်ဖြစ်ပြီး ဆက်လက်၍လည်း ဇာတ်ညွှန်း ဆရာမတစ်ဦးအဖြစ်ရော၊ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ဖြတ်သန်းလိုကြောင်း လှယဉ်ကျေးက ပြောကြားသည်။

**ကိုလင်း**

# ဒုဋ္ဌဝတီကိုလွန်၍ ၁ အပါအဝင် ဇာတ်ကားများ စတင်မိတ်ဆက်

ကိုလင်း

ရုပ်ရှင်ကြည့်ပြည်သူများအတွက် ထူးခြားဆန်းသစ်သော အနုပညာများကို ခံစားနိုင်ရန်နှင့် အတွေးအမြင် ဗဟုသုတများရရှိနိုင်စေရန် ရည်ရွယ်၍ Golden Hour Entertainment ထုတ်လုပ်ရေးမှ



ရုပ်ရှင်ဇာတ်ကားကြီး လေးကား စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို မတ် ၂၂ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

“ကျွန်တော်တို့ Golden Hour Entertainment ကနေ ရုပ်ရှင်ကြည့်ပရိသတ်တွေရဲ့အားလပ်ချိန်တွေမှာ စိတ်အပန်းပြေစေဖို့ ဖျော်ဖြေမှုအပြင် အသိပညာများကိုလည်း မျှဝေနိုင်ဖို့ ရည်ရွယ်ပြီး မြန်မာ့ရုပ်ရှင်လောကကို ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် လုပ်ငန်းတူ ညီအစ်ကို မောင်နှမတွေနဲ့ ပူးပေါင်းပြီး အကောင်းဆုံး လုပ်ဆောင်သွားမှာပါ၊ မိဘပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုတွေပေးနိုင်ဖို့လည်း အထူးကြိုးစား ဖန်တီးနေမှာ ဖြစ်ပါတယ်” ဟု Executive Producer ဦးကောင်းကျော်က ပြောကြားသည်။

အဆိုပါ ထုတ်လုပ်ရေးမှ “ဒုဋ္ဌဝတီကိုလွန်၍ ၁”၊ “ကြိုးဖုန်း”၊ “ကမ္ဘာနှစ်ထပ်” နှင့် “အဆိပ်ရှိလူရိုင်း”ဇာတ်ကားများကို ရိုက်ကူးထားပြီး ပထမခြေလှမ်းအနေဖြင့် ဒုဋ္ဌဝတီကိုလွန်၍ ဇာတ်ကားကို မေလအတွင်း ရုပ်ရှင်ပရိသတ်များရှေ့မှောက်သို့ စတင်မိတ်ဆက်တော့မည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာအာကာ ရိုက်ကူးထားသော ဇာတ်ကားများသည် “ဒုဋ္ဌဝတီကို လွန်၍ ၁”၊ “ကြိုးဖုန်း”၊ “ကမ္ဘာနှစ်ထပ်” ဖြစ်ပြီး ဒါရိုက်တာစတီး (ဒွေးမေတ္တာ) ရိုက်ကူးထားသော ဇာတ်ကားသည် “အဆိပ်ရှိလူရိုင်း”ဇာတ်ကားဖြစ်သည်။ ၎င်းကုမ္ပဏီအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ရုပ်ရှင်ထုတ်လုပ်ခြင်းနှင့် ဖျော်ဖြေရေး လုပ်ငန်းများဆောင်ရွက်ရန် စတင်တည်ထောင်ထားခြင်းဖြစ်ကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲမှ သိရှိရသည်။

# တေးသံရှင်များနှင့် ပရိသတ်များ တိုက်ရိုက်တွေ့ဆုံဖျော်ဖြေမှု အစီအစဉ် ထုတ်လွှင့်ပြသမည်

နိုင်ငံကျော်အဆိုတော်များနှင့် ပရိသတ်များတိုက်ရိုက်ထိတွေ့ကာ သီဆိုမှုများကို ခံစားရမည့် အစီအစဉ်ကို Channel 7 မှ မကြာမီထုတ်လွှင့်ပြသမည်ဖြစ်သည်။ အဆိုပါအစီအစဉ်ကို FG Group နှင့် တယ်လီနောမြန်မာတို့ ပူးပေါင်းစီစဉ်ထားခြင်းဖြစ်သည်။

“အစီအစဉ်တင်ဆက်ရတဲ့ ရည်ရွယ်ချက်က ပရိသတ်တွေအတွက်ပါ၊ အထူးသဖြင့် ဂီတကိုနှစ်သက်ကြတဲ့ ပရိသတ်တွေအနေနဲ့ သူတို့နှစ်သက်တဲ့ အနုပညာရှင်တွေကို အနီးကပ် အားပေးစေချင်တဲ့အတွက် အခုလို အစီအစဉ်ကို ပြုလုပ်ရတာဖြစ်ပါတယ်၊ အခန်းလေးတစ်ခုထဲမှာ အဆိုတော်နဲ့ ပရိသတ်ဖျော်ဖြေမှုတွေနဲ့အတူတူ ရင်းရင်းနှီးနှီး တွေ့ဆုံတဲ့အစီအစဉ်လေးအဖြစ် တိုက်ရိုက်ထုတ်လွှင့် ပေးမှာဖြစ်ပါတယ်”ဟု FG Group မှ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါအစီအစဉ်အတွင်း ပရိသတ်က အဆိုတော်၏ အကြောင်းအရာများ မေးမြန်းကြရင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုရရှိလာနိုင်သည့်အပြင် အနုပညာရှင်များက ပေးအပ်သည့် လက်ဆောင်များကိုလည်း ကြည့်ရှုခွင့်ရရှိသူများရယူနိုင်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အား ဆက်သွယ်လိုပါကလည်း အစီအစဉ်အတွင်း ဆက်သွယ်ရမည့် ဖုန်းနံပါတ်များထည့်သွင်းပေးထားပြီး အပတ်စဉ် တနင်္ဂနွေနေ့ ည ၈ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**





# သတ္တမတန်း ကျောင်းသားလေးရဲ့ တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပ

မော်ဒန်ပန်းချီလောကသားသစ်တစ်ဦးဖြစ်သည့် သတ္တမတန်းကျောင်းသားလေး ပြည့်ဖြိုးသူ၏ ပထမဆုံး တစ်ကိုယ်တော်ပန်းချီပြပွဲကို မတ် ၁၈ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ ယောမင်းကြီးလမ်းရှိ New Zero ပန်းချီခန်းမတွင် ပြသခဲ့ရာ ပန်းချီပညာရှင်များနှင့် ဝါသနာရှင်များက လာရောက်အားပေးကြကြောင်း သိရသည်။

“ငယ်ငယ်ကတည်းက ပန်းချီကို စိတ်ဝင်စားတယ်၊ ဗလာစာအုပ်အလွတ်ဆိုရင် မြင်မြင်သမျှပုံတွေ ဆွဲနေရတာ ပျော်တယ်။ အခုလို ပန်းချီပြပွဲလေး လုပ်ခွင့်ရတာ ကျေနပ်တယ်၊ အားပေးပြီး သင်ကြားပေးတဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေရဲ့ ကျေးဇူးကြောင့်ပါ”ဟု မောင်ပြည့်ဖြိုးသူက ပြောသည်။

ပြခန်းအတွင်း ပြည့်ဖြိုးသူ၏ လက်ရာ မော်ဒန်ပန်းချီကား အချပ် ၂၀ အား ပြသခဲ့ခြင်းဖြစ်ပြီး ၁၀ ကားခန့် ရောင်းချခဲ့ရကြောင်း New Zero Art ပန်းချီသင်တန်းမှ တာဝန်ရှိသူက ပြောပြသည်။ ပန်းချီပညာကို လေ့လာရင်း ပန်းချီဆရာ ဦးအေးကို၏ ပန်းချီကားများကို စိတ်ပါဝင်စားလာပြီး ပထမဆုံးတစ်ကိုယ်တော် ပန်းချီပြပွဲကို ပြုလုပ်ရန် ဆန္ဒဖြစ်ခဲ့ကြောင်း မောင်ပြည့်ဖြိုးသူက ပြောကြားပြီး “လူမှန်းသိတတ်ကတည်းက ကျွန်တော်စိတ်ဝင်စားတာ အရောင်တွေပေါ့၊ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ကပါ၊ ပန်းချီပညာကို စတုတ္ထတန်းကတည်းကစပြီး စနစ်တကျသင်ကြားခွင့်ရခဲ့ပါတယ်၊ အခုပြထားတဲ့ ကားတွေကတော့ သဘာဝအရောင်တွေနဲ့ အညို၊ အမည်း စတာတွေကို ပေါင်းစပ်ထားတဲ့ အလင်းအမှောင် ပန်းချီကားတွေများတယ်၊ ပန်းချီဆွဲတာက ကိုယ့်စိတ်ထဲကအကြောင်းကို ဖော်ပြနိုင်တာပါ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်းရစေတယ်၊ စိတ်လည်း လွတ်လပ်မှုရတယ်”ဟု ဝေဖြိုးသူက ဆက်လက်ပြောပြသည်။

**ကိုလင်း**

# ၂၀၁၈ ခုနှစ် သင်္ကြန်ရက်များအတွင်း ရေပေးဝေမည့်အစီအစဉ်

**ရန်ကုန် မတ် ၂၃**

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့)တို့တွင် ရေပေးဝေမည့်အစီအစဉ်များမှာ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များသို့ နံနက် ၈နာရီမှ ၁၁နာရီအထိ တစ်ကြိမ် ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်သည်။

အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့အား နံနက် ၈နာရီမှ ၁၀နာရီ အထိ ရေပေးဝေသွားမည်ဖြစ်သည်။ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်သည်။

ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် မြို့နယ်များအားလုံးသို့ ယခင်ပုံမှန် ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည် ဖြစ်သည်။ သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များအရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် (ရေသန့်) ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီးအကူအညီလိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) တယ်လီဖုန်း (၀၉-၂၅၀၂၈၃၈၂၃၊ ၀၉-၂၅၀၂၈၃၈၁၂၊ ၀၉-၅၀၅၄၅၆၅၊ ၀၉-၅၀၈၁၂၂၂၉)တို့ကို ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရှိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မိတ္ထီလာ၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိတ္ထီလာ မတ် ၂၃**

မိတ္ထီလာ၌ ဗဟိုရေကစားမဏ္ဍပ်ကို အထက ၁ လမ်းဆုံအနီးဆောက်လုပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက မိတ္ထီလာဗဟိုရေကစားမဏ္ဍပ်ဆောက်လုပ်ပြီး မြန်မာ့ရိုးရာယိမ်းအကဖျော်ဖြေပွဲနှင့်ပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးခြင်း၊ တေးဂီတတီးဝိုင်းအဖွဲ့ဖြင့် ဗဟိုရေကစားမဏ္ဍပ်တွင် ဖျော်ဖြေခြင်းများအပြင် မြန်မာနှစ်ဆန်း ၁ ရက်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲများကို ကျင်းပသွားမည်ဖြစ်၍ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပံ့ပိုးကူညီကြရန် ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေးက မိတ္ထီလာမြို့တွင် ဗဟိုရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကဖျော်ဖြေခြင်း၊ ပြိုင်ပွဲဝင်ခြင်းများကို မြို့ပေါ် ၁၄ ရပ်ကွက်မှ တစ်ရပ်ကွက်လျှင် ယိမ်းအသင်းတစ်သင်းနှုန်းအပြင်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းနှင့် တပ်နယ်များမှ ယိမ်းအဖွဲ့များကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ဦးစီးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ထားကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်များအနေအထားရ ဗဟိုရေကစားဏ္ဍပ်ဆောက်လုပ်နိုင်ခြင်း မရှိသော်လည်း နှစ်စဉ်ကျင်းပမြဲအတိုင်း မဟာသင်္ကြန်ပွဲတော်ကို ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးသိန်းကိုကိုက မိတ္ထီလာမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့တာဝန်ယူဆောင်ရွက်မည့်ကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ပြင်ဦးလွင်ခရိုင်ရှိ တောင်သူများအား မှိုစိုက်ပျိုးနည်းသင်တန်းပို့ချ၍ ပံ့ပိုးကူညီမှုများဆောင်ရွက်

**ပြင်ဦးလွင် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိဒေသခံတောင်သူများ မှိုစိုက်ပျိုးခြင်းမှ မိသားစုအပိုဝင်ငွေရရှိစေရန်အတွက် မှိုစိုက်ပျိုးနည်းများကို သက်ဆိုင်ရာဌာနများမှ သင်တန်းများပေးခြင်း၊ နည်းပညာပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ- ရာသီသီးနှံဌာနခွဲ မှိုသုသေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးခြံ(ပြင်ဦးလွင်) ၌ မတ် ၁၉ ရက်က မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ ပညာပေးသင်တန်းဖွင့်ပွဲကို ကျင်းပရာ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခြံတာဝန်ခံများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးအောင်လွင်ဦးက အမှာစကားပြောကြားပြီး ခြံတာဝန်ခံ ဒေါ်စိုးစိုးနွယ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

သင်တန်းကို နယ်ပေါင်းစုံမှ လာရောက်ကြပြီး လုပ်ငန်းခွင်သင်တန်းများကို သင်တန်းပေးခြင်းအားဖြင့် မှိုစိုက်ပျိုးရေးလုပ်ငန်းကို နယ်အနှံ့ ပျံ့နှံ့စေပြီး မှိုဈေးကွက် ကျယ်ပြန့်လာကာ စိုက်ပျိုးမှိုစားသုံးသော အလေ့အကျင့်များပိုများလာစေရန်နှင့် မှိုစိုက်ပျိုးခြင်းကြောင့် မိသားစုအပိုဝင်ငွေရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် မှိုမျိုးထုတ်လုပ်ခြင်းနှင့် မှိုစိုက်ပျိုး ပြုစုခြင်းဆိုင်ရာ အပိုင်းနှစ်ပိုင်းကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ မတ် ၁၉ ရက်မှ ၂၁ ရက်အထိဖြစ်သည်။

အဆိုပါ မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်ခြင်းသင်တန်းတွင် ရှီတာကီ၊ ကောက်ရိုးမှို၊ ကြွက်နားရွက်၊ ငွေနှင်းမှို၊ အအေးပိုင်းမှို၊ မျောက်ခေါင်း၊ ရွှေအပ်မှို၊ ကြယ်သီးမှိုစသည့်မှိုအမျိုးအစားများ မျိုးထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးပြုစုခြင်းများကို တောင်သူများ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။ အဆိုပါဒေသတွင်းရှိ မှိုစိုက်ပျိုးရောင်းချနေသော တောင်သူများအနေဖြင့် မှိုဈေးကွက်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မေမိုးသဲ**

# လားရှိုးမြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကျင်းပ သစ်တောထိန်းသိမ်းရေး အသိပညာပေး

**လားရှိုး မတ် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၁ ရက်က လားရှိုးမြို့ပြည်နယ် သစ်တောရိပ်သာဝင်းအတွင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကိုဂုဏ်ပြုသောအားဖြင့်ပြည်သူများ အကြားသစ်တောထိန်းသိမ်းခြင်းအသိပညာဗဟုသုတများ တိုးပွားစေရန်၊ သစ်ပင်သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်နှင့်သစ်ပင်သစ်တောများကို ပိုမိုချစ်ခင်မြတ်နိုးလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးလွင်က ပြောသည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးဌာန၊ လားရှိုးတက္ကသိုလ်နှင့် ကျေးရွာများမှ တစ်အုပ်တစ်မ တစ်နိုင်တစ်ပိုင်သစ်တောစိုက်ခင်း ထူထောင်သူများ၊ သစ်တောဌာန အမှုထမ်းအရာထမ်းများ တက်ရောက်ခဲ့သည်။

မတ် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အဖြစ် ကမ္ဘာနှင့်အဝန်း သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်အတွက်ဆောင်ပုဒ်မှာ သစ်တောနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့တော်များ (Forest and Sustainable Cities) ဟူ၍ဖြစ်ကြောင်း သိရသည်။

**မမ(လားရှိုး)**

# နောင်ချိုမြို့နယ်၌ လေပွေ၊ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခေါင်မိုး လေထဲလွင့်ပါ

**နောင်ချို မတ် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မံမော်ကျေးရွာတွင် မတ် ၂၁ ရက် နံနက် ၁၁နာရီခွဲခန့်တွင် လေပွေ၊ လေပြင်းတိုက်ခတ်သွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် မံမော်ကျေးရွာတွင်နေထိုင်သော ဦးဌေးလွင်၏ နေအိမ်သွပ်မိုး၊ အုတ်ကာ အလျား ပေ ၃၀၊ အနံ ၁၅ ပေ မီးဖိုချောင်တွဲလျက်ဆောက်လုပ်ထားသော နေအိမ်ခေါင်မိုး သွပ်ပြားများ ၊ ဒိုင်မြား၊ တန်းများ လေထဲလွင့်ပါပျက်စီးသွားသည်။ လေပွေ၊ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်သွပ်မိုးများ ပျက်စီးခြင်းမှအပ လူ၊ တိရစ္ဆာန်များ ထိခိုက်၊ ဒဏ်ရာ၊ သေဆုံးမှုမရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ခံရသော နေအိမ်ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆောင်ကာ အနီးအနားကျေးရွာများရှိပြည်သူများက ဝိုင်းဝန်းပြုပြင်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# သကြားစက်ဥဩသံတို့ ဝေဆာလာတော့မည့် ဘီးလင်းမြို့



**ခင်မောင်ညွန့် (ကြံသီးနှံ)**

မွန်ပြည်နယ် ဘီးလင်းမြို့သည် ကရင်၊ ဗမာ၊ မွန်နှင့် ပအိုဝ်းတိုင်းရင်းသားများ ပျော်ရွှင်အေးချမ်းစည်ကားသိုက်မြိုက်စွာ နေထိုင်သောမြို့ ဖြစ်သည်။ သမိုင်းအစဉ်အလာအရ လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀ ကျော်ခန့်မှစ၍ သီရိဓမ္မာသောကမင်းကြီး တတိယသင်္ဂါယနာတင်အပြီးတွင် ကိုးတိုင်းကိုးဌာနသို့ သာသနာတော် ထွန်းကားပြန့်ပွားစေရန်အတွက် သံဃာတော်များ စေလွှတ်ခဲ့ရာ (ဘီးလင်းမြို့အနီး) ကုသိန္နာရုံအရပ်၌ သောဏထေရ်နှင့် ဥတ္တရထေရ် ရဟန္တာမထေရ်နှစ်ပါး ကြွရောက်တော်မူလာပြီး ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို စတင်အုတ်မြစ်ချခဲ့သည်။

သာသနာသက္ကရာဇ် ၁၁၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်တွင် မုတ္တမမြို့ဝန်မင်းကြီး မဟာဥဇနာသည် အိမ်ခြေအနည်းငယ်သာရှိသော မွန်ရွာလေး(ပီလို- ပီလမ်းမှ ဘီးလင်း) အမည်ကိုယူ၍ ခံတပ်မြို့ကလေး တည်ထောင်ခဲ့ရာမှ နောင်တွင် မြို့အင်္ဂါရပ်များနှင့် ညီညွတ်စေရန် ခေတ်အဆက်ဆက် အုပ်ချုပ်သူအဖွဲ့အစည်းအသီးသီးနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ တည်ထောင်ခဲ့ရာ ယခုအခါ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်သော၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော၊ ငြိမ်းချမ်းသော၊ သာသနာဖွံ့ဖြိုးတိုးတက်သော မြို့နယ်ကြီးတစ်ခုဖြစ်နေပြီဖြစ်ပါသည်။

**ဘီးလင်းသကြားစက်ရုံ**

သမိုင်းအစဉ်အလာကြီးမားသော ဘီးလင်းမြို့နှင့်အတူ ဘီးလင်းသကြားစက်ရုံသည်လည်း ခွဲခြား၍ မရနိုင်လောက်အောင်ပင် ယှဉ်တွဲပေါ်ပေါက်လာခဲ့သည်။ အင်္ဂလိပ်အုပ်ချုပ်ချိန် ကိုလိုနီခေတ်က ကြံသီးနှံဇီဇနှင့်ကိုက်ညီသော၊ ကြံသီးနှံဖြစ်ထွန်းသော ဘီးလင်းချောင်း၊ သဲဖြူချောင်းတို့၏ နုန်းတင်မြေနုဇရိယာများပေါ် အခြေခံ၍ ရော်ဘင်ဆင်ကုမ္ပဏီ(Robonsin Co., Ltd.) ပိုင်ရှင် မစ္စတာရော်ဘင်ဆင်သည် ဘီးလင်းမြို့နယ် နင်းပုလဲအရပ်တွင် တစ်ရက် တန် ၈၀၀ ကြိတ်ဝါးနိုင်သော စက်တစ်လုံးကို အိန္ဒိယနိုင်ငံမဒရပ်မှဝယ်ယူ၍ တည်ထောင်ခဲ့သည်။ မန်နေဂျာနှင့် အင်ဂျင်နီယာများမှာ အင်္ဂလိပ်လူမျိုးများဖြစ်ကြပြီး သကြားချက်သူ အကြီးအကဲမှာ ဂျာဗားအမျိုးသားတစ်ဦး ဖြစ်လေသည်။ ၁၉၃၄ ခုနှစ်တွင် စက်စတင်လည်ပတ်ခဲ့သော်လည်း တစ်နှစ်ခန့် စက်လည်ပြီးနောက် ပိုင်ရှင် မစ္စတာရော်ဘင်ဆင် ကွယ်လွန်သွားခဲ့ရာ ဆက်လက်လည်ပတ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံ အင်းမရစ်သကြားကုမ္ပဏီကဝယ်ယူပြီး ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလတွင် ကုမ္ပဏီပိုင်ရှင်မှာ အိန္ဒိယသို့ ပြန်သွားသဖြင့် သကြားစက်ကို ပိတ်ထားခဲ့သည်။ ၁၉၄၃-၁၉၄၄ ခုနှစ်တွင် ဂျပန်စစ်တပ် ဝင်လာချိန်တွင် နီပွန်သကြားကုမ္ပဏီက ပြန်လည်လည်ပတ်ရန် ကြိုးစားခဲ့သော်လည်း စစ်တွင်းကာလဖြစ်သဖြင့် သကြားစက်ရုံ ပျက်စီးခဲ့သည်။



ထို့နောက် တော်လှန်ရေးကောင်စီအစိုးရခေတ် ၁၉၆၄ ခုနှစ်တွင် တရုတ်-မြန်မာ စီးပွားရေးနှင့် ကျွမ်းကျင်မှုအကောင်အထည်ဖော်ပူးပေါင်းရေး အစီအစဉ်အရ ယခုလက်ရှိ တစ်ရက် တန် ၁၅၀၀ ကျ ဘီးလင်းသကြားစက်ရုံကြီးကို တည်ထောင်ခဲ့ပြီး ၁၉၆၆ ခုနှစ် မတ် ၂၁ ရက်တွင် စက်မှုဝန်ကြီးဌာန၏ အုပ်ချုပ်မှုဖြင့် လည်ပတ်ခဲ့သည်။ ထို့နောက် ၁၉၉၄ ခုနှစ် ဧပြီလတွင် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေး၍ စက်လည်ပတ်ခဲ့ပြီး ၂၀၀၄ ခုနှစ် မေလတွင် စက်မှုဝန်ကြီးဌာနက ပြန်လည်လွှဲ ပြောင်းရယူကာ နိုင်ငံခြားတင်ပို့နိုင်သောသကြားဖြူ (Export Sugar) များ ထုတ်လုပ်နိုင်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍများပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်ပိုင် ဝန်ကြီးဌာနအသီးသီးမှ စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကကုမ္ပဏီများသို့ ငှားရမ်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘီးလင်းသကြားစက်ရုံလည်း ပါဝင်ခဲ့သည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် စက်လည်ပတ်မှုကို ၂၀၁၂ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သဖြင့် သကြားစက်ရုံတစ်ရုံ၏ ပုံရိပ်ကောင်းဖြစ်သော စက်ဖွင့်ရက်၊ စက်ပိတ်ရက်၊ ရုံးတက်ချိန်၊ ရုံးဆင်းချိန်များတွင် အမြဲတမ်း အနီးဝန်းကျင်အားလုံး အချိန်သိရှိနိုင်ခဲ့သည့် စက်ဥဩသံမှာလည်း ဆိတ်သုဉ်းခဲ့ရပေသည်။

ထို့နောက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစတင်ကာ နိုင်ငံတော်၏ SME စီးပွားရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ရန်အတွက် Super One Dragon ကုမ္ပဏီလီမိတက်က ငှားရမ်းခဲ့ပြီး လုပ်ငန်းများ ကြိုတင်အကောင်အထည်ဖော်ရန်အတွက် ပထမအဆင့်အဖြစ် ဒေသခံ ကြံစိုက်တောင်သူများ၏ ကြံစိုက်ပျိုးမှုပြန်လည်ထူထောင်ရေးနှင့် နောင်ရိုးစိုက်ကွင်းအဆင့်မြှင့်တင်ရေး အပါအဝင် သကြားစက်ရုံပြန်လည် လည်ပတ်ရေးအတွက် ရှမ်းပြည်နယ် ရွှေညောင်မြို့ရှိ မြဘုရင်သကြားစက်အပေါ် အခြေခံ၍ တန် ၃၀၀ သကြားစက်ရုံသစ်ကို ယနေ့အထိ စုစုပေါင်း ကျပ်သန်းပေါင်း ၂၀၀၀ အကုန်ကျခံ၍ ဆောင်ရွက်ခဲ့သည်။ ၎င်းအပြင် စက်ရုံအတွင်း FDA လက်မှတ်ရ Moon Ten သောက်ရေသန့်စက်ရုံကိုလည်း တည်ထောင်ခဲ့ပြီး ဒေသခံလူငယ်များကိုလည်း ကျွမ်းကျင်မှု အဆင့်အလိုက် အလုပ်အကိုင် အခွင့်အလမ်းများ ပေးနိုင်ခဲ့သည်။

ယခု ၂၀၁၈ ခုနှစ် မတ် ၉ ရက်တွင် စက်စမ်းသပ်လည်ပတ်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ် ကြံရာသီမှစ၍ တောင်သူ-စက်ရုံ နှစ်ဖက်အကျိုးရှိစေသော စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း (Agro Base Industry)အဖြစ် စီးပွားဖြစ်သကြားထုတ်လုပ်ခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ကာ စိုက်ပျိုးရေးနှင့် စက်ရုံ ဟန်ချက်ညီရေးကို အလေးထား ဆောင်ရွက်သွားတော့မည်ဖြစ်သည်။ ယခုအခါ ရှမ်းပြည်နယ် ရွှေညောင်ရှိ မြဘုရင်သကြားစက်သည် မူလ တန် ၃၀၀ မှ ယခု တန် ၁၅၀၀ သို့ နှစ်အလိုက် တိုးချဲ့၍ စီးပွားဖြစ် သကြားဖြူထုတ်လုပ်နေပြီဖြစ်သည်။

သို့ဖြစ်၍ ဘီးလင်းသကြားစက်ရုံသစ်သည်လည်း နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းနှင့် ဒေသခံ အဖွဲ့အစည်းအသီးသီးနှင့် ကြံစိုက်တောင်သူများကလည်း ပူးပေါင်းကူညီကြပါရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဘီးလင်းမြို့သည် ယခင်တုန်းကကဲ့သို့ စက်ဥဩသံတို့ဖြင့် ဝေဆာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကိုးကား**

**(၁) ဘီးလင်းမြို့သီရိမင်္ဂလာ ငှက်ပျောတောကျောင်းတိုက် ရာပြည့်အထိမ်းအမှတ်ပွဲမှတ်တမ်း**

**(၂) မြန်မာ့ကြံနှင့် သကြားသမိုင်း**

# ဝေါမြို့နယ်မှ ရေရှားပါးနိုင်သောကျေးရွာများသို့ ရေဖြန့်ဝေပေးရေး ကြိုတင်ဆောင်ရွက်ထား

**ဝေါ မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းမှ နွေရာသီကာလတွင် ရေရှားပါးနိုင်သော ကျေးရွာများတွင် ရေပြတ်လပ်မှုဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ရေဖြန့်ဝေပေးနိုင်ရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများက မတ် ၂၀ ရက်တွင် ကျေးရွာများသို့ ကွင်းဆင်းပြီး ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာများတွင် ရေရှားပါးမှု ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေထောက်ပံ့နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံချက်များ ထားရှိရေးဆွဲပြီးဆောင်ရွက်လျက်ရှိကြောင်း၊ ရေရှားပါးပြတ်လပ်နိုင်သည့် တောစွန်း၊ ညောင်သုံးခွ၊ အလုပ်၊ ချောင်းကျိုးနှင့်တောင်သူဒွေးကုန်း ကျေးရွာငါးရွာအနက် တောစွန်းကျေးရွာနှင့် ညောင်သုံးခွကျေးရွာတို့တွင် ဆည်မြောင်းလက်တံမြောင်းမှ ရေစုပ်တင်၍လည်းကောင်း၊ အလုပ်ရွာ၊ ချောင်းကျိုးရွာနှင့် သူဒွေးကုန်းရွာများသို့ ဌာနပိုင်မော်တော်ယာဉ်ဖြင့် ရေပုံးများ တင်ဆောင်၍ ရေဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးနိုင်ရန်လည်းကောင်း၊ ယာယီ သောက်သုံးရေကန်များ ထောက်ပံ့ပေးရန်လည်းကောင်း ကြိုတင်စီမံမှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်း အလုပ်ရုံဆွေးနွေး

**ပဲခူး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ပြည်သူလူထုအတွက် ပိုမိုထိရောက်ကောင်းမွန်သည့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစဉ်များ ဆွေးနွေးဖော်ထုတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်၍ စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ပူးပေါင်းပြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ မတ် ၂၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများနှင့် အလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးသိန်းက တိုင်းဒေသကြီး၏ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှု ကဏ္ဍများကိုလည်းကောင်း၊ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်နွယ်နွယ်ဝါက အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်၍ သင်ကြားပို့ချပေးနေသည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ထွန်းက တိုင်းဒေသကြီး၏ စိုက်ပျိုးရေးဆိုင်ရာ အခြေအနေများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပေးထားနိုင်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ပုဂ္ဂလိကဆိုင်ရာ ကဏ္ဍများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီးရှိ SME ဆိုင်ရာ အခွင့်အလမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အဖွဲ့များခွဲ၍ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်း၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

တိုင်းဒေသကြီးတွင် စုစည်းမှုအားကောင်းသော ချိတ်ဆက်မှုများ၊ အကျိုးသက်ရောက်မှုများ၊ ပြည်သူလူထုဘဝအတွက် အကျိုးဖြစ်ထွန်းမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့တတ်မြောက်ထားသော အတတ်ပညာများဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ခြင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြောင်းမြမြို့တွင် ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မြောင်းမြ မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့နှင့်လျော်ညီစွာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေက ဗဟိုမဏ္ဍပ်တစ်ခုနဲ့ ပုဂ္ဂလိက မဟာကိုယ်ပိုင်အထကကျောင်းက မဟာရေကစားမဏ္ဍပ် စုစုပေါင်း နှစ်ခုရှိပါတယ်၊ ဒီနှစ်က ရေကစားမဏ္ဍပ် ရှစ်ခု ပြုလုပ်ပြီး အများပြည်သူတွေ ပျော်ရွှင်စွာရေကစားနိုင်အောင် ဆောင်ရွက်ပေးသွားမှာပါ" ဟု ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်က ပြောသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် သင်္ကြန်ပွဲတော်ကာလအတွင်း မလိုလားအပ်သောပြဿနာများ မဖြစ်ပွားစေရေးအတွက် ကြီးကြပ်ဆောင်ရွက်သွားရန်လည်း မတ် ၂၁ ရက်က ကျင်းပသော ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ပြောကြားသည်။

မြောင်းမြမြို့တွင် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ ဗဟိုမဏ္ဍပ်နေရာ ရွေးချယ်သတ်မှတ်ခြင်းနှင့် မြို့ပေါ်ရှိ လူစည်ကားရာနေရာများတွင် ရေကစားမဏ္ဍပ်များ နေရာချ လျာထားသတ်မှတ်ခြင်း၊ ဗဟိုမဏ္ဍပ်တွင် ပြိုင်ပွဲဝင်မည့် ယိမ်းအဖွဲ့များ သတ်မှတ်ခြင်း၊ နေ့ညည်္ဘခံဖျော်ဖြေရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ ရေကစားသူများ ရေလုံလောက်စွာရရှိရေး စီစဉ်ခြင်းများကို ကြိုတင်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## ဖလမ်းမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းမှ ကလေးငယ်များအား ထောက်ပံ့ပေး

**ဖလမ်း မတ် ၂၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ပါမောက္ခ ဒေါက်တာ မာလာဝင်း၊ ဒေါက်တာနွဲ့နွဲ့ဝင်းတို့သည် မတ် ၂၁ ရက်က ဖလမ်းမြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ချင်းချယ်ရီမူကြိုကျောင်းသို့ ရောက်ရှိပြီး မူကြိုမှ ဆရာမများနှင့် ကလေးများအတွက် ထောက်ပံ့ပစ္စည်းများ၊ မုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဥက္ကဋ္ဌက ချင်းချယ်ရီ မူကြိုကျောင်းမှ ကလေးများအတွက် ဝတ်စုံများ၊ မုန့်နှင့် ကစားစရာအရုပ်များ၊ မူကြိုကျောင်းဆရာမများအတွက် ဝတ်စုံများကို ထောက်ပံ့ပေးခဲ့ကြသည်။ ဖလမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ချင်းချယ်ရီမူကြိုကျောင်းတွင် ဆရာမနှစ်ဦးက မူကြိုကလေး ၁၅ ဦးအား ပြုစုသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**မတ် ၂၂ ရက်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံ (အင်းစိန်) BPI တို့ ပူးပေါင်း၍ ရန်ကုန်မြို့၌ ဆေးဝါးလက်ကားရောင်းချနေသော ရွှေမင်္ဂလာဈေးနှင့် ရွှေပြည့်စုံဈေးရှိ BPI ဆေးဝါးအရောင်းဆိုင်များတွင် BPI ဆေးဝါးအတုများ ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးစဉ်။** (မြန်မာ့အလင်း)

## ဆေးစိမ်ခြင်ထောင်များနှင့် အလှူငွေများ ပေးအပ်

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုရန်အတွက် ဆေးစိမ်ခြင်ထောင်များကို သာခုကန်စက်မှုဇုန်တွင် ဖွင့်လှစ်ထားသော မြန်မာပေါင်ချိန်ကုမ္ပဏီက မတ် ၂၁ ရက်က ပေးအပ်ခဲ့ပြီး ရွှေပြည်သာမြို့နယ်မှ လှော်ကားပါရမီရှင် လူမှုကူညီရေးအသင်းသို့လည်း အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

လှော်ကားရတနာခန်းမ၌ ကျင်းပသည့် ဆေးစိမ်ခြင်ထောင်နှင့် အလှူငွေ ပေးအပ်ပွဲတွင် မြို့နယ်စည်ပင် ကျန်းမာရေးဌာနမှ ခေတ္တဌာနမှူး ဒေါက်တာဒေါ်သန်းသန်းလွင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောပြီး မြို့နယ်စည်ပင် ကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန္ဒာအေးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ထောင်ဆေးစိမ်ပုံကို လက်တွေ့သရုပ်ပြသည်။ ထို့နောက် မြန်မာပေါင်ချိန်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာရောဂျာလုက ရွှေပြည်သာမြို့နယ်အတွင်းမှ ပြည်သူများထံသို့ ဆေးစိမ်ခြင်ထောင် အလုံး ၂၀၀ နှင့် ပါရမီရှင် လူမှုကူညီရေးအသင်းသို့ အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်သို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**ပုသိမ် မတ် ၂၃**

နွေရာသီ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည့် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်မှ ကျေးရွာ လေးရွာသို့ သောက်သုံးရေများကို အမှတ်(၁၃) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(ဧရာဝတီ)မှ တပ်ဖွဲ့ဝင်များက မတ် ၂၁ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကဇင်းတောကျေးရွာရှိ YGW ပရဟိတ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းနှင့် ဝါးယားကျေးရွာ၊ တောင်ထန်းကျေးရွာနှင့် ဆင်ဝိုင်းကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေသန့် ဂါလန် ၄၄၀၀ ကို အမှတ် (၁၃) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ ဧရာဝတီမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးလှအေး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **မောင်မောင်မြင့် (ပြန်/ ဆက်)**



## ကွမ်းခြံကုန်းမြို့နယ်၌ ရေချိုသွင်း၍ စိုက်ပျိုးအောင်မြင်သော နွေစပါးစံကွက်ရိတ်သိမ်း

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ယခင်က နွေစပါးစိုက်ပျိုးသည့်အခါ လယ်ယာမြေအတွင်း ရေငန်များ ဝင်ရောက်မှုကြောင့် အောင်မြင်မှု မရရှိခဲ့သော်လည်း ယခု ၂၀၁၇-၂၀၁၈ ခုနှစ် နွေရာသီတွင် အဆိုပါ လယ်ယာမြေများကို ရေငန်ကွင်းတား တာပတ်၍ ရေချိုသွင်း စိုက်ပျိုးခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ စိုက်ပျိုးအောင်မြင်ခဲ့သော နွေစပါးစိုက်ခင်းများမှ စံကွက်ရိတ်သိမ်းခြင်းကို မတ် ၂၁ ရက်က ပြုလုပ်ခဲ့ပြီး ရက် ၉၀ စပါးမျိုး (ခေါ်) သုံးလ စပါး ဝ ဒသမ ၁ ဧကကွက် သုံးကွက်၌ စပါးရိတ်သိမ်း ခြွေလှေ့စက်ကြီးဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအစို ၁၃၇ ဒသမ ၉ တင်းနှုန်းရရှိပြီး စပါးအခြောက် ၁၂၈ ဒသမ ၂ တင်း နှုန်းခန့် ထွက်ရှိကြောင်း သိရသည်။




အဆိုပါ နွေစပါး စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သန်းသန်းဆင့်က ရေငန်များဝင်ရောက်သည့် ကွင်းများတွင် ရေငန်တား တာပတ်၍ ရေချိုသွင်း စိုက်ပျိုးနည်းလမ်းမျိုးကို ရွေးချယ်သင့်ကြောင်း၊ သွင်းအားစုများထည့်ခြင်းနှင့် GAP စနစ်အကြောင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို ဒေသခံတောင်သူများအား ဆွေးနွေးပြောကြားခဲ့သည်။

ယခုနှစ်တွင် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ရေငန်ကွင်းများကို တာပတ်၍ စနစ်တကျ ရေချိုသွင်းစိုက်ပျိုးရာတွင် အောင်မြင်သောကြောင့် ဒေသခံ တောင်သူများ အနေဖြင့် လာမည့်နှစ်တွင် နွေစပါးကို စိုက်ပျိုးဧကများ တိုးချဲ့၍ စိုက်ပျိုးနိုင်ရန် အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနား သထုံမြို့၌ ကျင်းပ

**သထုံ မတ် ၂၃**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကို မွန်ပြည်နယ် သထုံမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ သထုံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ခန်းမ၌ မတ် ၂၁ ရက်က ကျင်းပခဲ့သည်။



ပြည်သူများအကြား သစ်ပင်သစ်တော ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်နှင့် သစ်ပင် သစ်တောများကို ပိုမိုချစ်ခင်မြတ်နိုးတတ်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင်က ပြောသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင်က သစ်တောသစ်ပင်များ၏ ဝန်းကျင်အကျိုးပြုပုံများနှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သက်လွင်က အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

သက်ရှိလောကတည်မြဲရေး၊ ရာသီဥတုသာယာမျှတရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းရေး၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့် လုပ်ငန်းများအတွက် သစ်တောများ၏ အရေးပါသည့် အခန်းကဏ္ဍကို ကမ္ဘာ့ပြည်သူများအကြား အသိအမြင်တိုးပွားလာရေးအတွက် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံက မတ် ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံအသီးသီး၌ ၂၀၁၃ ခုနှစ်မှစတင်၍ ကျင်းပခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## သဘာဝပတ်ဝန်းကျင်နှင့် အန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ စစ်ကိုင်းမြို့၌ ကျင်းပ

**စစ်ကိုင်း မတ် ၂၃**

စစ်ကိုင်းမြို့၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မတ် ၂၁ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ စာရေးဆရာ ဇော်နောင်ဟိန်း(Guitar)၊ စာရေးဆရာ ဦးရဲထွဋ်(မောင်မျက်ရှင်)၊ စာရေးဆရာ အမောင်(ပုဂံ)၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ခရိုင်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှူး ဦးကိုကိုနိုင်တို့က ‘သဘာဝပတ်ဝန်းကျင်နှင့် ယနေ့အန္တရာယ်’ ခေါင်းစဉ်ဖြင့် ကမ္ဘာကြီးဖြစ်ပေါ်လာပုံနှင့် ယနေ့ကာလတွင် သဘာဝပတ်ဝန်းကျင် အဆင့်ဆင့် ပြောင်းလဲပျက်စီးလာပုံတို့ကို အသေးစိတ် ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကျိုးပြု လုပ်ငန်းများကို တစ်ဦးတစ်ယောက်မှအစပြု၍ တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန်နှင့် အဖွဲ့အစည်းများ ပြည်သူများထံသို့ ကြားသိစေရန် တတ်နိုင်သလောက် တစ်ဆင့်စကား ကမ်းလှမ်း၍ ပြောကြားပေးကြရန် ဦးဆောင်ဆွေးနွေးသူများက တိုက်တွန်းခဲ့သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့အစည်းများ၊ မြို့ပေါ် ရပ်ကွက်များမှ စာကြည့်တိုက်ကော်မတီဝင်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ကျုံပျော်နာရေးကူညီမှုအသင်းသို့ လူနာတင်ယာဉ်သစ်တစ်စီးလှူဒါန်း

**ကျုံပျော် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ နာရေးကူညီမှုအသင်းတွင် အသုံးပြုရန်အတွက် မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီမှ လူနာတင်ယာဉ်အသစ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ကျုံပျော်မြို့ မြတ်ချမ်းသာဘုရားကြီးအာရုံခံတန်ဆောင်း၌ မတ် ၂၁ ရက်က ကျင်းပခဲ့သည်။

လူနာတင်ယာဉ်လှူဒါန်းပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမန်းဂျော်နီက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့သြဘာလုပ်ငန်းစု ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးတင့်လွင်က မော်တော်ယာဉ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်နာရေးကူညီမှုအသင်း ဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ပြီးနောက် မြို့နယ် နာရေးကူညီမှုအသင်းနာယက ဦးသန်းထွန်းက မြို့နယ်အတွင်း နာရေးကူညီမှုအသင်းက ဆောင်ရွက်ပေးနေမှု အခြေအနေများကို ပြောကြားခဲ့သည်။

မြန်မာ့သြဘာမှ တိုင်းတာဝန်ခံက ယခုလှူဒါန်းသော မော်တော်ယာဉ်သည် Toyota Hiace 2007 မော်ဒယ် ဒီဇယ်အင်ဂျင် အမျိုးအစားဖြစ်ပြီး မိမိတို့လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးဆေးပစ္စည်း ရောင်းရငွေ အကျိုးအမြတ်များထဲမှ လှူဒါန်းခြင်းဖြစ်သောကြောင့် ယခုအလှူသည် တောင်သူဦးကြီးများလှူဒါန်းသော အလှူပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

## အင်္ဂပူမြို့နယ်အတွင်း နွေရာသီ ရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**အင်္ဂပူ မတ် ၂၃**

